# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက် ၊ ကြာသပတေးနေ့ ၊ (7-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၂၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

စာမျက်နှာ – ၁၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC-II)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး **စာမျက်နှာ ၁၆ ကော်လံ ၁** ⇨

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။**




**မဘာယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အချောအသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မဘာယ်ကျောက်ပြားစက်ရုံ(မန္တလေး)– ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၈၀၉၉၅၄



ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်

အယ်ဒီတာ့အာဘော်

# (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် လွန်စွာထူးခြားလေးနက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ ကိုလိုနီလက်အောက်ကျရောက်ခဲ့စဉ်က နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ပညာရေးစနစ်ကို မြန်မာတစ်မျိုးသားလုံး မျိုးချစ်စိတ်အပြည့်အဝဖြင့် စည်းလုံးညီညွတ်စွာ ဆန့်ကျင်တော်လှန်ခဲ့သည့် အထိမ်းအမှတ်ဖြစ်သည်။

မြန်မာတို့သည် ရှေးပဝေသဏီကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့်နေထိုင်ခဲ့ကြသော်လည်း ဗြိတိသျှတို့၏ နယ်ချဲ့စနစ်ကြောင့် ၁၈၈၅ ခုနှစ်မှစ၍ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရသည်။ နယ်ချဲ့တို့သည် မြန်မာတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ပညာရေးတို့ကို နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်ကာ ကျွန်သက်ရှည်အောင်လုပ်ဆောင်ခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့တို့သည် ပညာရေးစနစ်ကို အကောင်းဆုံးလက်နက်တစ်ခုအဖြစ် အသုံးချ၍ မြန်မာတို့ကို အသိဉာဏ်ပညာနိမ့်ပါးအောင်ပြုလုပ်ခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၂၄ ရက်တွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ ပါဝင်ဖွဲ့စည်းကာ ရန်ကုန်တက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ပြဋ္ဌာန်းဖွဲ့စည်းခဲ့သည်။ ထိုအက်ဥပဒေသည် မြန်မာလူမျိုးအများစု တက္ကသိုလ်ပညာသင်ယူခွင့်မရအောင် ကန့်သတ်ထားခြင်းဖြစ်၍ ရန်ကုန်တက္ကသိုလ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများက ဆန့်ကျင်ခဲ့ကြပြီး ထိုလှုပ်ရှားမှုတွင် မြန်မာတစ်နိုင်ငံလုံး ပါဝင်ခဲ့ကြသည်။

၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ ဂျူဗလီဟောခန်းကျင်းပခဲ့သော ဂျီစီဘီအေအထူးကွန်ဖရင့်က ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့ဟု သတ်မှတ်ခဲ့သည်။ ထိုနေ့သည် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်မှုအပေါ် အောင်ပွဲခံသောနေ့ဖြစ်၍ အမျိုးသားနေ့အောင်ပွဲဟုလည်း ခေါ်ဝေါ်ခြင်းဖြစ်သည်။ အမျိုးသားနေ့ကို တိုင်းရင်းသားအားလုံးတို့က အမြတ်တနိုးတန်ဖိုးထားကာ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်သန်စေရေး ရည်မှန်း၍ အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို နိုင်ငံတစ်ဝန်း၌ နှစ်စဉ်ကျင်းပခဲ့သည်။

၂၀၂၃ ခုနှစ် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များမှာ တိုင်းရင်းသားအားလုံး၏ ညီညွတ်သောစုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသောလူငယ်များ ပြုစုပျိုးထောင်ရေး၊ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေးဖြစ်သည်။ ၂၀၂၃ ခုနှစ် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ပြည်သူတစ်ရပ်လုံးက အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကို အခြေခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားအားလုံး၏ ညီညွတ်သောစုပေါင်းအားဖြင့် ပါဝင်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ကွက်စိုက်ပျိုးသည့် တောင်သူများကို ငွေကျပ်သိန်း ၇၅၀ ထုတ်ချေးပေးထား



ယခင်နှစ်က ချည်မျှင်ရှည်ဝါစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ကွက်စိုက်ပျိုးသည့် တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၇၅၀ ထုတ်ချေးပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ စိုက်ပျိုးစရိတ်ချေးငွေများကို မိတ်ဖက်ဌာနများနှင့် ပူးပေါင်းပြီး ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ကွက်စိုက် တောင်သူများကို ချေးပေးနေကြောင်း၊ ထိုသို့ ထုတ်ချေးပေးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် နိုဝင်ဘာလ ဒုတိယပတ်မှစတင်ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ ကျေးရွာ ငါးရွာမှ စိုက်ဧက ၅၀ အတွက် ငွေကျပ်သိန်း ၇၅၀ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ကျန်ဧကများကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

"အခုနှစ်မှာ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ကွက်စိုက်ပျိုးတဲ့ တောင်သူတွေကို ချေးငွေထုတ်ချေးပေးနေပါတယ်။ ဒီချေးငွေအစီအစဉ်က တစ်နိုင်ငံလုံးအနေနဲ့ ချေးပေးနေတာပါ။ တစ်ဧကကို ၁၅၀၀၀၀ နှုန်းနဲ့ပါ။ တိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ကွက်စိုက်တဲ့ မြို့နယ်တွေက တောင်သူတွေကို ချေးပေးနေတာပါ။ ဧကပြည့်စိုက်ကွက်တွေကို ချေးပေးတာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

အဆိုပါ ချည်မျှင်ရှည်ဝါကို မိုးကြို၊ မိုး၊ မိုးနှောင်းဟူ၍ တစ်ရာသီလုံး စိုက်ပျိုးထုတ်လုပ်ကြကြောင်း၊ ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်ကွက်စိုက်ပျိုးသည့် တောင်သူများကို ချေးငွေ ထုတ်ချေးပေးရာတွင် ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ ညောင်ဦး၊ ပုသိမ်ကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တို့ရှိ ချည်မျှင်ရှည်ဝါမျိုးစေ့ ထုတ်ကွက်စိုက်ပျိုးသည့် တောင်သူများကို ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း သိရသည်။ (၁၈၅)

# ပြည်ပဝယ်ယူမှုများပြားလာသဖြင့် မန္တလေးဈေးကွက်တွင် မတ်ပဲအရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၆**

ပြည်ပဝယ်ယူမှုများပြားလာသဖြင့် မန္တလေးဈေးကွက်တွင် မတ်ပဲအရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် မတ်ပဲများကို ယခုလက်ရှိတွင် အိန္ဒိယနိုင်ငံဘက်မှ ဝယ်ယူမှုများလာသဖြင့် ပြည်တွင်း၌ မတ်ပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အလားတူ မန္တလေးဈေးကွက်အတွင်း၌လည်း မတ်ပဲများကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းကထွက်ရှိတဲ့ မတ်ပဲတွေကို အခုလက်ရှိမှာ ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက်ပိုပြီး အရောင်းအဝယ်ကောင်းမွန်နေတဲ့ အနေအထားမှာ ရှိနေပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာတော့ မတ်ပဲက အရောင်းအဝယ်ဖြစ်နေတဲ့ ပဲအမျိုးအစားထဲမှာ ပါပါတယ်။ မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာလဲ မတ်ပဲအရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဒီဇင်ဘာ ၅ ရက်က မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ဖြင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို မြန်မာနိုင်ငံတွင် ဆောင်းသီးနှံအဖြစ် အဓိကစိုက်ပျိုးကြကြောင်း၊ မတ်ပဲကို စပါးရိတ်သိမ်းပြီး သီးထပ်သီးနှံအဖြစ်လည်းကောင်း၊ မြစ်ရေကျချိန်တွင် ကိုင်းကျွန်းများ၌လည်းကောင်း စိုက်ပျိုးကြကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# တောင်သမန်တံတားနှင့်အင်းသို့ ဒီဇင်ဘာလပထမပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွားလာရောက်မှု များပြားလာ

**မန္တလေး ဒီဇင်ဘာ ၆**

တောင်သမန်တံတားနှင့် အင်းသို့ ဒီဇင်ဘာလ ပထမပတ်မှစ၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားလာရောက်မှု များပြားလာကြောင်း အဆိုပါတံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားနှင့်အင်းမှာ ပြည်တွင်း၊ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခု အပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့်အင်းသို့ ယခုလက်ရှိ ပွင့်လင်းရာသီဖြစ်သည့်အပြင် ခရီးသွားရာသီလည်းဖြစ်သောကြောင့် ပြည်တွင်း၊ပြည်ပခရီးသွားလာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

"ဒီဇင်ဘာလ ပထမပတ်ကစပြီးတော့ တောင်သမန်တံတားနဲ့ အင်းကို ပြည်တွင်းအပြင် ပြည်ပနိုင်ငံတွေဖြစ်တဲ့ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်၊ ကိုရီးယား စတဲ့နိုင်ငံတွေက ခရီးသွားတွေ လာရောက်လည်ပတ်နေကြပါတယ်။ အခုက ခရီးသွားရာသီ ဖြစ်တာကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ လာရောက်မှု များလာပါတယ်" ဟု ဦးစိုးဝင်းက ပြောပြသည်။

အဆိုပါတောင်သမန်တံတားနှင့် အင်းသို့ နိုဝင်ဘာလနောက်ဆုံးပတ်က ပြည်တွင်း၊ပြည်ပခရီးသွား တစ်ရက်လျှင်ဦးရေ ၁၅၀၀ ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာလ ပထမပတ်မှစ၍ တောင်သမန်တံတားနှင့်အင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွား တစ်ရက်လျှင် ဦးရေ ၂၀၀၀ ကျော်ထိ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

"တောင်သမန်တံတားကို အသေးစားပြုပြင်မှုတွေပြုလုပ်ထားတာကြောင့် တံတားကြီးရဲ့ကြံ့ခိုင်မှုကလဲ ကောင်းမွန်နေပါတယ်။ အခုလတ်တလော ခရီးသွားရာသီဆိုတော့ ပြည်ပခရီးသွားတွေလဲ တဖြည်းဖြည်းနဲ့ လာရောက်လည်ပတ်မှုများလာပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်အင်းအတွင်း၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ အင်းအတွင်း နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင့်လုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုသိမ်မြို့နယ်တွင် ရန်ကုန်မြို့မှ ဝင်ရောက်လာသည့်အာလူးများ ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းအဝယ်ဖြစ်

**ပုသိမ် ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ရန်ကုန်မြို့မှ ဝင်ရောက်လာသည့် အာလူးများ ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ပုသိမ်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် ဈေးကွက်အတွင်း ရန်ကုန်မြို့မှ အာလူးများ ဝင်ရောက်လျက်ရှိကြောင်း၊ ပုသိမ်မြို့နယ်တွင် ရန်ကုန်မြို့မှ ဝင်ရောက်လာသည့် အာလူးများ နိုဝင်ဘာလ တတိယပတ်မှစ၍ ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရန်ကုန်မြို့မှ ဝင်ရောက်လာသည့် အာလူး ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပုသိမ်ဈေးကွက်ထဲကို ရန်ကုန်ဘက်က အာလူးတွေဝင်ရောက်နေပါတယ်။ အလှူအတန်းတွေ များလာတာနဲ့ အာလူးကြော်လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာတာကြောင့် ဝယ်ယူမှုများလို့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်မှုရှိပြီး အရည်အသွေးလဲ ကောင်းတယ်။ လက်ရှိ အာလူးတစ်ပိဿာကိုငွေကျပ် ၃၀၀၀ ထိဈေးပေါက်နေပါတယ်"ဟု ပုသိမ်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိကပြောပြသည်။

ပုသိမ်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးနှင့် အာလူးပွဲရုံများတွင် တစ်ရက်လျှင် အာလူး ပိဿာချိန် ၂၅၀ မှ ၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရန်ကုန်မြို့မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ဖြစ်လာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာကြောင်း ဒေါ်သီရိကပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ကျောက်ဆည်မြို့ ကုန်းရွာနေ ဆရာတော်ဘဒ္ဒန္တတေဇနိယနှင့် နှမ်းဖက်ဘိုးဘွားများအား အမှူးထား၍ ဦးစာလင်းအောင်-ဒေါ်တင်စာဦး၊ သမီး-မမြတ်သီရိစံနှင့် မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးစွန်၊ အဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၆၈၈၅ ဧက ရိတ်သိမ်းပြီးစီး



**ဟုမ္မလင်း ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောစပါး ၃၆၈၈၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ဧက ၆၄၃၁၀ လျာထားစိုက်ပျိုးခဲ့ရာ ဧက ၆၄၁၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးခဲ့သော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၆၈၈၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ စပါးတစ်ဧကလျှင် ၇၇ ဒသမ ၈၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ စပါး ဧက ၆၄၃၁၀ လျာထားစိုက်ပျိုးခဲ့တာ ဧက ၆၄၁၆၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိစပါးစိုက်ခင်းတွေ ရိတ်သိမ်းနေတာ ဒီနေ့ထိ ဧက ၃၆၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပါပြီ။ ကျန်ဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေကြပါတယ်။ အထွက်နှုန်းအနေနဲ့လဲ ကောင်းမွန်ကြပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ ပိုးမွှားရောဂါကျရောက်မှုမှ ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်လာရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် သပြေကုန်း(အောက်)ကျေးရွာ၌ Slab Culvert တည်ဆောက်နေမှု စစ်ဆေး

**ညောင်ရွှေ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပုံမှန်ကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာ၌ Slab Culvert တည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မြမြမွေးနှင့်တာဝန်ခံဝန်ထမ်းများက သပြေကုန်း(အောက်)ကျေးရွာ၌ Slab Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ညောင်ရွှေမြို့နယ် သပြေကုန်း(အောက်)ကျေးရွာ၌ အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိ Slab Culvert ငါးစင်းတည်ဆောက်ခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာစီမံကိန်း(Smart Vill-age)ရန်ပုံငွေကျပ် ၁၈ သန်းဖြင့် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# ရမည်းသင်းမြို့နယ် ပုတီးကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ရမည်းသင်း ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ပုတီးကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်း၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်အောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ပုတီးကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပုတီးကုန်းကျေးရွာ၌ အရှည်ပေ ၇၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၈ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် လေးသန်း စုစုပေါင်းငွေကျပ် ၂၂ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ပုတီးကုန်းကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# အသစ်တွေ့အရေးတော်ပုံကျမ်းများ (၁)

ဗိုလ်ရှိတ်(ရတနာပူရ)

မြန်မာ့သမိုင်းကို လေ့လာရာတွင် ရာဇဝင်ကြီးများကို အထူးကိုးကားလေ့လာရသကဲ့သို့ ရာဇဝင်ကြီးများနည်းတူ ကိုးကားရသော အရေးတော်ပုံကျမ်းများလည်း ရှိပေသည်။ ရာဇဝင်ကြီးများသည် မြန်မာ့သမိုင်းတစ်လျှောက် စိုးစံခဲ့သည့် မင်းစဉ်မင်းဆက်တစ်လျှောက်လုံးနှင့် ထိုမင်းတို့လက်ထက်ဖြစ်ပွားခဲ့သည့် စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးကို အဓိကထားဖော်ပြခဲ့သည်။ အရေးတော်ပုံကျမ်းများကား ထိုသို့မဟုတ်ပေ။ ရာဇဝင်ကြီးများကဲ့သို့ မင်းအားလုံးလက်ထက်ဖြစ်ပွားခဲ့သည့် အကြောင်းအရာများကို မှတ်တမ်းတင်ရေးသားခြင်းမဟုတ်ဘဲ မင်းတစ်ပါးတည်း၏လက်ထက်တွင်ဖြစ်ပွားခဲ့သည့် နိုင်ငံရေး၊ စစ်ရေးတို့ကိုသာ အဓိကမီးမောင်းထိုးရေးသားထားသောကျမ်းများဖြစ်သည်။ ဥပမာအားဖြင့် အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းသည် အလောင်းမင်းတရားကြီးလက်ထက်၌ ဖြစ်ပွားခဲ့သည့် စစ်ရေး၊ နိုင်ငံရေးကို ဖော်ပြသောကျမ်းဖြစ်သည်။ အရေးတော်ပုံကျမ်းများကို အရေးပုံကျမ်း၊ အရေးတော်ပုံကျမ်း စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ ပဒေသရာဇ်အစဉ်အလာအရ ရှေးမင်းတို့လက်ထက်ဖြစ်ပွားခဲ့သည့် စစ်ရေးစစ်ရာဆောင်ရွက်ချက်များ၊ စစ်တိုက်ခြင်းများကို အရေးတော်ပုံဟူ၍ခေါ်သည်။ ထိုကဲ့သို့သောကိစ္စများသည် ရှင်ဘုရင်တို့နှင့်ဆိုင်သော ကိစ္စများဖြစ်သဖြင့် ပိုမိုခမ်းနားထည်ဝါစေရန် အရေးပုံကျမ်းတွင် တော်ထည့်၍ အရေးတော်ပုံကျမ်းဟု ခေါ်ကြခြင်းဖြစ်သည်။ အရေးတော်ပုံကျမ်းများသည် မင်းတစ်ပါးလက်ထက်တွင်ဖြစ်ပွားခဲ့သောအကြောင်းများကို ရေးသားထားသောကျမ်းဖြစ်သဖြင့် ဒီပကရာဇဝင်ဟုခေါ်ထိုက်ပေသည်။ ဒီပကရာဇဝင်ဆိုသည်မှာ မင်းတစ်ပါးပါး၏ အကြောင်းအရာကိုသာ ပြဆိုသောကျမ်းဖြစ်သည်။

**ပုံနှိပ်မှုများ**

အရေးတော်ပုံကျမ်းများကို အရေးတော်ပုံတစ်စောင်ချင်းခွဲ၍ ပုံနှိပ်ခဲ့ကြသကဲ့သို့ အရေးတော်ပုံများစုပေါင်း၍ အရေးတော်ပုံနှစ်စောင်တွဲ၊ အရေးတော်ပုံ ငါးစောင်တွဲ၊ အရေးတော်ပုံ ခြောက်စောင်တွဲ စသည်ဖြင့် ပုံနှိပ်ခဲ့ကြသည်လည်းရှိသည်။ အလောင်းမင်းတရားကြီးအရေးတော်ပုံနှစ်စောင်တွဲကို ဦးလှတင်(လှသမိန်)တည်းဖြတ်၍ ပုံနှိပ်ထုတ်ဝေခဲ့၏။ ၁၉၂၃ ခုနှစ်တွင် ဆရာကြီးဦးဘိုး၊ ဆရာသိန်း၊ ဆရာဦးဘကျော်တို့စီစဉ်တည်းဖြတ်၍ သုဓမ္မဝတီပုံနှိပ်တိုက်က အရေးတော်ပုံငါးစောင်တွဲဟူသောအမည်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုမူအရ အရေးတော်ပုံငါးစောင်နှင့် ကျမ်းပြုသူတို့ကို အောက်ပါအတိုင်း ဖော်ပြခဲ့၏။

ဓညဝတီအရေးတော်ပုံ (ကဝိသာရာဘိသီရိပဝရအဂ္ဂမဟာဓမ္မရာဇာဓိရာဇဂုရု ရခိုင်ဆရာတော်ဘုရား)၊ ရာဇာဓိရာဇ်အရေးတော်ပုံ (မဟာရတနာပုံတိုက်စိုးစည်သူဂါမဏိသင်္ကြန်အမတ်)၊ ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံ(သံတော်ဆင့်လက်ဝဲနော်ရထာ)၊ ညောင်ရမ်းမင်းတရားကြီးအရေးတော်ပုံ (မြင်းခုံတိုင်မြို့စား တရားသူကြီး မဟာအတုလဓမ္မိရာဇာ)၊ အလောင်းမင်းတရားကြီးအရေးတော်ပုံ (တွင်းသင်းတိုက်ဝန်မဟာစည်သူ)ဟူ၍ဖြစ်သည်။

ထိုအရေးတော်ပုံငါးစောင်တွဲကို ၁၉၆၇ ခုနှစ်တွင် နံ့သာစာအုပ်တိုက်က "မြန်မာမင်းများအရေးတော်ပုံ"ဟု အမည်ပြောင်း၍ ထပ်မံထုတ်ဝေခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် နန်းမြင့်စာပေက ထိုအရေးတော်ပုံငါးစောင်တွဲတွင် တွင်းသင်းတိုက်ဝန်ဦးထွန်းညို၏ အလောင်းမင်းတရားအရေးတော်ပုံမူကွဲတစ်စောင်ကို ထပ်မံဖြည့်စွက်၍ "မြန်မာမင်းများအရေးတော်ပုံ အရေးတော်ပုံခြောက်စောင်တွဲ"ဟူ၍ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ အရေးတော်ပုံခြောက်စောင်တွဲကို ရာပြည့်စာအုပ်တိုက်က ၂၀၀၅ ခုနှစ်တွင် ထပ်မံထုတ်ဝေခဲ့ပြန်သည်။ ဤမှာ အရေးတော်ပုံကျမ်းများ စုပေါင်းရိုက်နှိပ်သည့် ပုံနှိပ်မှုများအကြောင်းကို ခြေရာခံဖော်ပြခြင်းဖြစ်သည်။ တစ်စောင်ချင်းခွဲ၍ပုံနှိပ်ခဲ့သော အရေးတော်ပုံကျမ်းများရှိသော်လည်း ထိုအရေးတော်ပုံကျမ်းများကိုထုတ်ဝေခဲ့သည့် ပုံနှိပ်တိုက်များစာရင်းမှာ ကောက်ယူရန်မလွယ်ဟု ထင်သည်။ ယခုအခါတွင် ပန်းရွှေပြည်စာအုပ်တိုက်က ပုံနှိပ်မှုဖြင့် ရှိခဲ့ဖူးသော အရေးတော်ပုံကျမ်းများအပြင် ပုံနှိပ်မှုဖြင့် မရှိသေးသော အရေးတော်ပုံကျမ်းတချို့ကိုပါ ပုံနှိပ်ထုတ်ဝေလာသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ဓမ္မစေတီအရေးပုံကျမ်းသည် ပုံနှိပ်မှုဖြင့် တစ်ခါမျှမရှိခဲ့ဖူးပေ။ ထိုပေမူကိုပန်းရွှေပြည်စာအုပ်တိုက်က ၂၀၁၇ ခုနှစ် ဩဂုတ်လတွင်ပုံနှိပ်မှုဖြင့် ပထမဆုံးဖော်ပြခဲ့သည်။

**ကျမ်းပြုသူလွဲမှားမှုများ**

အရေးတော်ပုံကျမ်းများကို ပုံနှိပ်တိုက်များက ရိုက်နှိပ်ထုတ်ဝေကြရာတွင် တည်းဖြတ်သူတို့၏ အာဘော်အတိုင်း ကျမ်းပြုသူတို့၏အမည်များကို ဖော်ပြရာ၌ လွဲမှားမှုများရှိခဲ့သည်။ ဥပမာအားဖြင့် ၁၉၂၃

> ❖ အရေးတော်ပုံကျမ်းများကို အရေးပုံကျမ်း၊ အရေးတော်ပုံကျမ်း စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ ပဒေသရာဇ်အစဉ်အလာအရ ရှေးမင်းတို့လက်ထက်ဖြစ်ပွားခဲ့သည့် စစ်ရေးစစ်ရာဆောင်ရွက်ချက်များ၊ စစ်တိုက်ခြင်းများကို အရေးတော်ပုံဟူ၍ခေါ်သည်။ ထိုကဲ့သို့သောကိစ္စများသည် ရှင်ဘုရင်တို့နှင့်ဆိုင်သောကိစ္စများဖြစ်သဖြင့် ပိုမိုခမ်းနားထည်ဝါစေရန် အရေးပုံကျမ်းတွင် တော်ထည့်၍ အရေးတော်ပုံကျမ်းဟု ခေါ်ကြခြင်းဖြစ်သည်။ အရေးတော်ပုံကျမ်းများသည် မင်းတစ်ပါးလက်ထက်တွင် ဖြစ်ပွားခဲ့သောအကြောင်းများကို ရေးသားထားသောကျမ်းဖြစ်သဖြင့် ဒီပကရာဇဝင်ဟု ခေါ်ထိုက်ပေသည်။ ❖

ခုနှစ်က ထုတ်ဝေခဲ့သော အရေးတော်ပုံငါးစောင်တွဲတွင် ရာဇာဓိရာဇ်အရေးတော်ပုံကို မဟာရတနာပုံတိုက်စိုးစည်သူဂါမဏိသင်္ကြန်အမတ်ပြုစုသည်ဟု ဖော်ပြခဲ့သည်။ ထိုအဆိုမှားသောကြောင့် နောင်အခါတွင် ဗညားဒလအမတ်ကြီးရေးသည်ဟု ပြင်ခဲ့ကြ၏။

ထို့အတူ ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံကျမ်းကို သံတော်ဆင့် လက်ဝဲနော်ရထာပြုစုသည်ဟု ဖော်ပြခဲ့သည်။ နောက်တွင် ဥဿရောအမတ်ကြီးပြုစုသည်ဟု ပြင်ဆင်ခဲ့ကြ၏။ ထိုသို့ ကျမ်းပြုသူလွဲမှားမှုများသည် အရေးတော်ပုံကျမ်းများတွင် များစွာတွေ့ရသည်။ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းများနှင့်ပတ်သက်၍လည်း အမှတ်အသားကွဲလွဲမှုများရှိ၏။ ကျမ်းပြုအမည်ကွဲလွဲမှုများကို ကျမ်းတစ်စောင်ချင်းစီ၏အကြောင်းကိုဖော်ပြမှသာ ထည့်သွင်းရေးသားပါမည်။

အရေးတော်ပုံကျမ်းများတွင် အမည်တူကျမ်းများရှိသည်။ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းသည် မူကွဲသုံးစောင်မျှပင် ရှိလေသည်။

**အရေးတော်ပုံကျမ်းများ အရေအတွက်**

မြန်မာစာပေသမိုင်းတွင် အရေးတော်ပုံကျမ်းများ မည်ရွေ့မည်မျှရှိသည်ဟူသော ပြဿနာတစ်ရပ်ရှိပေသည်။ ဆရာကြီး တက္ကသိုလ်မောင်မောင်ကြီးက "အရေးတော်ပုံခြောက်စောင်"ရှိကြောင်း စာမျက်နှာ စာအုပ်တွင်ရေးသားဖော်ပြဖူး၏။ ဆရာမကြီးဒေါက်တာရီရီကလည်း "အရေးတော်ပုံကျမ်းများပြဿနာ"ဟူသော စာတမ်းတစ်စောင်ကိုရေးသား၍ အရေးတော်ပုံကျမ်းများ ဟုတ်၊ မဟုတ်စိစစ်တင်ပြခဲ့ဖူး၏။ ဆရာကြီးဒေါက်တာအောင်မြင့်ဦးကလည်း "အရေးတော်ပုံကျမ်းအရေအတွက်ပြဿနာ"ဟူသောဆောင်းပါးကို ACADEMIC WEEKLY Educational Journal Volume 4. No.29 တွင် ရေးသားဖော်ပြခဲ့ဖူးသည်။ ဆရာကြီးဒေါက်တာအောင်မြင့်ဦး၏ ဆောင်းပါးသည် ဆရာမကြီးဒေါက်တာရီရီ၏ အရေးတော်ပုံကျမ်းများပြဿနာအဆိုအမိန့်အတိုင်းသာဖြစ်သည်။ ထူးခြားမှုမရှိလှပေ။ ထို့ကြောင့် ဆရာမကြီးဒေါက်တာရီရီ၏ "အရေးတော်ပုံကျမ်းများပြဿနာ"စာတမ်းမှ အယူအဆတချို့ကိုသာ တင်ပြပါမည်။

ဆရာမကြီးဒေါက်တာရီရီသည် အရေးတော်ပုံအမည်ခံ ကျမ်းကိုးစောင်ရှိသည်ဟု ဖော်ပြထားသည်။ ထိုအရေးတော်ပုံကျမ်းကိုးစောင်မှာ ဓညဝတီအရေးတော်ပုံ၊ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း(ဗညားဒလ)၊ မဂဒူးအရေးတော်ပုံ၊ "ဘဂျဝါဒိဂုဏာကရ"ချီအလောင်းမင်းတရားကြီးအရေးတော်ပုံ၊ "ရတနာပူရအင်းဝမင်းတို့"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံ၊ "အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံ၊ ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံ (တွင်းသင်းတိုက်ဝန်မဟာစည်သူဦးထွန်းညိုရေးသည်ဟု ဆရာမကြီးက ဆိုထား၏။)၊ ညောင်ရမ်းမင်းတရားကြီးအရေးတော်ပုံ၊ မဏ္ဍိုမအရေးတော်ပုံ (ဒွါရာဝတီမြို့ဝန် နေမျိုးဇေယျကျော်ထင်)တို့ဖြစ်သည်။

ထိုအရေးတော်ပုံကျမ်းကိုးစောင်တွင် အချို့အရေးတော်ပုံကျမ်းတို့သည် အရေးတော်ပုံဟုအမည်တပ်ထားသော်လည်း အရေးတော်ပုံကျမ်းများမဟုတ်ပေ။ ညောင်ရမ်းမင်းတရားကြီးအရေးတော်ပုံသည် အရေးတော်ပုံကျမ်းအမည်ခံထားသော်လည်း အရေးတော်ပုံကျမ်းမဟုတ်ကြောင်းကို ဆရာမကြီးဒေါက်တာရီရီက အောက်ပါအတိုင်း စိစစ်ပြခဲ့သည်။

"ညောင်ရမ်းမင်းတရားကြီးအရေးတော်ပုံအမည်ခံကျမ်းသည် သက္ကရာဇ် ၉၅၉ ခုနှစ်မှစ၍ ၉၇၅ ခုနှစ်တွင် ဆုံးသွားသည်။ ညောင်ရမ်းမင်းနန်းသက်မှာ ၉၅၉ မှ ၉၆၇ ခုနှစ်ထိဖြစ်၍ ၎င်းသားတော် အနောက်ဘက်လွန်မင်းတရား နန်းစည်းစိမ်မှာ ၉၆၇ မှ ၉၉၀ ခုနှစ်ထိဖြစ်လေရကား "ညောင်ရမ်းမင်းတရားကြီးအရေးတော်ပုံ"အမည်ရှိသောကျမ်းမှာ ညောင်ရမ်းမင်းလက်ထက်အဆုံးနှင့် အနောက်ဘက်လွန်မင်းလက်ထက်တစ်စိတ်တစ်ဒေသဖြစ်နေ၏။ ဤကျမ်း၏ရင်းမြစ်ကို ရှာဖွေသော် ဦးကုလားရေး "မဟာရာဇဝင်ကြီး"တတိယအုပ်မှ သတ္တရသမတွဲ တစ်တွဲလုံး၊ အဋ္ဌရသမတွဲအစနှင့် တွင်းသင်းမင်းကြီးပြုစုစီရင်သော "မဟာရာဇဝင်သစ်"တွင် ကိုးကားထားသည့် "မင်းရဲဒိဗ္ဗချောင်း"မှ အဖွဲ့အနွဲ့များပေါင်းစပ်မှု ဖြစ်ပေသည်။ ထို့ကြောင့် ဤ"ညောင်ရမ်းမင်းတရားကြီးအရေးတော်ပုံ" အမည်ခံကျမ်းမှာ မြင်းခုံတိုင်မြို့စား တရားသူကြီး မဟာအတုလဓမ္မိကရာဇဝင်သော်လည်းကောင်း၊ လက်ဝဲနော်ရထာသော်လည်းကောင်း ရေးသည့်အရေးတော်ပုံမဟုတ်ချေ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ရာဇဝင်စုဆောင်းချက်မျှသာဖြစ်ပေသည်"ဟု စိစစ်ပြထားသည်။ ထို့ကြောင့် အရေးတော်ပုံကျမ်းကိုးစောင်တွင် **ဓညဝတီအရေးတော်ပုံ၊ ရာဇာဓိရာဇ်အရေးတော်ပုံ၊ ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံ၊ "ဘဂျဝါဒိဂုဏာကရ"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံနှင့် "အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော"ချီ အလောင်းမင်းတရားကြီး အရေးတော်ပုံ**တို့သာ အရေးတော်ပုံကျမ်းစစ်စစ်ဖြစ်ကြောင်း စိစစ်သုံးသပ်ခဲ့သည်။

ဆရာမကြီးဒေါက်တာရီရီ၏အလိုအရ အရေးတော်ပုံအမည်ခံကျမ်းကိုးစောင်ထိရှိသော်လည်း ငါးစောင်သာ အရေးတော်ပုံကျမ်းစစ်စစ်ဖြစ်သည်ဟု ဆိုရပါမည်။ ဆရာကြီးဒေါက်တာအောင်မြင့်ဦး၏ အရေးတော်ပုံကျမ်းအရေအတွက်ပြဿနာဆောင်းပါးသည်လည်း ဆရာမကြီးဒေါက်တာရီရီ၏ အဆုံးအဖြတ်ဩဝါဒအတိုင်းသာဖြစ်သည်။

**အရေးတော်ပုံကျမ်းလေးစောင်တိုးလာခြင်း**

ဆရာမကြီးဒေါက်တာရီရီ "အရေးတော်ပုံကျမ်းများပြဿနာ"ဆောင်းပါးရေးစဉ်က အရေးတော်ပုံကျမ်းအရေအတွက်မှာ ကိုးစောင်သာရှိခဲ့သည်။ ယခုအခါတွင် အရေးတော်ပုံကျမ်း လေးစောင်တိုးလာသည်။ တိုးလာသည့်အရေးတော်ပုံကျမ်းလေးစောင်သည် ဓမ္မစေတီအရေးပုံကျမ်း၊ ကလားတလိုင်းတို့အရေးတော်ပုံကျမ်း၊ တရုတ်အရပ်ရပ်ရောက်သည့်အရေးတော်ပုံကျမ်း၊ ဆင်ဖြူရှင်မင်းတရားကြီးအရေးတော်ပုံကျမ်းတို့ဖြစ်သည်။ ဓမ္မစေတီအရေးတော်ပုံကျမ်းကို ပေမူမှ ပထမဆုံးကူးယူ၍ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပန်းရွှေပြည်စာအုပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆင်ဖြူရှင်မင်းတရားကြီး အရေးတော်ပုံကျမ်းကို လက်ဝဲနော်ရထာအမတ်ကြီး ပြုစုခဲ့ခြင်းဖြစ်သည်။ ဘိုးတော်ဗဒုံမင်း၏ အရေးတော်ပုံဖြစ်သည်။ ဤစာအုပ်ကို ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီက ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေခဲ့သည်။ ယခုတိုးလာသော အရေးတော်ပုံကျမ်းလေးစောင်နှင့်ဆိုလျှင် အရေးတော်ပုံကျမ်းများသည် ကိုးစောင်မဟုတ် ၁၃ စောင် ရှိသည်ဟု ပြင်ရပေမည်။

**ဓညဝတီအရေးတော်ပုံ**

ဓညဝတီအရေးတော်ပုံသည် ကဝိသာရာဘိသီရိပဝရအဂ္ဂမဟာဓမ္မရာဇာဓိရာဇဂုရု ရခိုင်ဆရာတော်ပြုစုသောကျမ်းဖြစ်သည်။ သက္ကရာဇ် ၁၁၄၉ ခုနှစ် တပေါင်းလဆန်း ၅ ရက် (၁၇၈၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်)တွင် ရေးသားပြုစုပြီးခဲ့သောကျမ်းဖြစ်သည်။ ကျမ်းပြုသူကိုယ်တိုင်က "ရက္ခပူရတိုင်း၊ ဓညဝတီအမည်ရှိသော မြောက်ဦးမြို့ ပြည်ကြီးမင်းဆက်တို့၏ အရေးတော်ပုံ"ဟု ကျမ်းပြီးနိဂုံးတွင်ဆိုထားသဖြင့် ဓညဝတီအရေးတော်ပုံအမည်သည် ကျမ်းပြုသူပေးထားခဲ့သော အမည်ဖြစ်ကြောင်းထင်ရှား၏။ သို့သော် အရေးတော်ပုံဟုဆိုသော်လည်း အခြားအရေးတော်ပုံကျမ်းများနှင့် ရေးသားပုံခြင်းမတူပေ။ များသောအားဖြင့် လျှောက်ထုံးများသာဖြစ်ပေသည်။ ဥတ္တမသီရိကျော်လျှောက်ထုံး၊ ဝိဓိုရ်ရလျှောက်ထုံး၊ ကဝိကျော်လျှောက်ထုံး၊ ဝိဇိလလျှောက်ထုံး၊ ဝိမလလျှောက်ထုံး၊ ကျော်တင်စားလျှောက်ထုံး၊ မဟာပညာကျော်လျှောက်ထုံး၊ ပညာဝံသလျှောက်ထုံး၊ ငလက်ရှုံးလျှောက်ထုံး၊ စိန်တင်စားအမတ်ရွှေသဲလျှောက်ထုံး၊ မြို့သစ်စားမယားမိပန်းယံလျှောက်ထုံးတို့သာ ဖြစ်ပေသည်။

**ရာဇာဓိရာဇ်အရေးတော်ပုံ**

အရေးတော်ပုံကျမ်းများတွင် အလွန်ထင်ရှားလူသိများသောကျမ်းဖြစ်သည်။ အကြိမ်ကြိမ်လည်း ရိုက်နှိပ်ရ၏။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှ ကောက်နုတ်ချက်ဖြစ်သည့် စီးချင်းတိုက်ပွဲစကားပြေကို ဒသမတန်းတွင် ပြဋ္ဌာန်းထားခြင်း၊ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို တက္ကသိုလ်တွင် ပြဋ္ဌာန်းခဲ့ခြင်းတို့ကြောင့် သိသူများထင်ရှားနေခြင်းဖြစ်သည်။

ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို ၁၉၂၃ ခုနှစ်တွင် အရေးတော်ပုံငါးစောင်တွဲအမည်ဖြင့် သုဓမ္မဝတီပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေသည့်မူ၌ ရတနာပုံတိုက်စိုးစည်သူဂါမဏိသင်္ကြန်ပြုစုသည်ဟု ဖော်ပြခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မြန်မာ့သကြားကို ဗီယက်နမ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၆**



ယခုနှစ်တွင် မြန်မာ့သကြားကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများစွာက ဝယ်ယူရန်ကမ်းလှမ်းထားမှုများ ရှိနေသော်လည်း ဗီယက်နမ်နိုင်ငံသို့သာ အဓိကတင်ပို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း၏ သတင်းများအရ သိရသည်။

သကြားထုတ်လုပ်မှုလုပ်ငန်း၏ အဓိကကုန်ကြမ်းပစ္စည်းဖြစ်သည့် ကြံသီးနှံကို မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၏ အရှေ့ခြမ်းဒေသများနှင့် အနောက်ခြမ်းဒေသများ၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် အဓိကစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကြံသီးနှံစိုက်ပျိုးရာ ဒေသများနှင့် အနီးပတ်ဝန်းကျင် ဒေသများတွင် သကြားစက်ရုံများ တည်ဆောက်ကာ သကြားထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မြန်မာတစ်နိုင်ငံလုံးတွင် သကြားစက်ရုံပေါင်း ၂၃ ရုံရှိကြောင်း၊ အဆိုပါစက်ရုံများမှ တစ်နှစ်လျှင် ပျမ်းမျှ သကြားတန်ချိန် လေးသိန်းခန့်ထုတ် ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းစားသုံးမှုမှပိုလျှံသည့် သကြားများကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချပေးရာတွင် ဗီယက်နမ်နှင့် ဖိလစ်ပိုင်၊ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ မြန်မာ့ကြံကြိတ်ခွဲရာသီသည် နှစ်စဉ်နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်လေ့ရှိသဖြင့် ယခုအခါပြည်တွင်းရှိ သကြားစက်ရုံများမှ ကြံများကိုကြိတ်ခွဲကာ သကြားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံမှ ထွက်ရှိလာမည့် သကြားများကို ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံ ဖောက်သည်ဈေးကွက်သစ်တို့က ဝယ်ယူလိုကြောင်း စက်တင်ဘာလကတည်းက ဆက်သွယ်ကမ်းလှမ်းလာခဲ့ကြောင်း၊ ထို့ပြင် လက်ရှိဖောက်သည်ဈေးကွက်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံကပါ သကြားတန်ချိန် ၁၀၀၀၀ ထိ တိုးမြှင့်ဝယ်ယူရန် အမှာစာများ ပေးပို့ထားသောကြောင့် ယခုနှစ် ကြံရာသီတွင် မြန်မာ့သကြားကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများစွာက ဝယ်ယူရန်ကမ်းလှမ်းထားမှုများရှိနေသော်လည်း ဗီယက်နမ်နိုင်ငံသို့သာ အဓိကတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့သကြားကို ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ဒီဇင်ဘာလမှ စတင်တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင်ပြည်တွင်း၌ လက်ကျန်သကြားတန်ချိန် ၅၀၀၀၀ ကျော်သာ ကျန်ရှိနေသော်လည်း ယခုအခါသကြားစက်များ စတင်လည်ပတ်လုပ်ကိုင်နေပြီဖြစ်သဖြင့် သကြားလုံလောက်မှုရှိနေကြောင်း၊ ထို့ပြင် လက်ရှိအချိန်တွင် နိုင်ငံတကာ သကြားဈေးကွက်များတွင် ဈေးကောင်းရနေသကဲ့သို့ ပြည်တွင်းဈေးကွက်များအတွင်းတွင်လည်း ဈေးကောင်းရနေသဖြင့် သကြားစက်များက ကြံများကို ဈေးတိုးမြှင့် ဝယ်ယူလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်း သကြားစက်ရုံများက ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ကြံရာသီက ကြံတစ်တန်လျှင် ငွေကျပ် ၉၀၀၀၀ ထိသာ ဈေးပေးဝယ်ယူခဲ့သော်လည်း ယခုနှစ်တွင် စက်ရုံအရောက်ဈေးနှုန်း ကြံတစ်တန်လျှင်ငွေကျပ် ၁၅၀၀၀၀ ထိ ဈေးပေးဝယ်ယူနေကြောင်း သိရသည်။

(၃၃၆)

➤ စာမျက်နှာ ၄ မှအဆက်

သို့သော် နောက်ပိုင်းကာလတွင် ရာဇဝိရာဇ်အရေးတော်ပုံကျမ်းကို ရေးသားပြုစုသူမှာ မွန်ဝန်ကြီးဗညားဒလဖြစ်ကြောင်းကို ပိဋကသုံးပုံစာတမ်းလာအမှတ်အသားကို ကိုးကား၍ ဖော်ပြခဲ့ကြသည်။ မြန်မာစာပေသမိုင်း၊ မြန်မာစာညွှန့်ပေါင်းကျမ်းတို့တွင် သက္ကရာဇ် ၉၁၅ ခုနှစ် ဟံသာဝတီ၌နန်းတက်သည့် ဆင်ဖြူရှင်များ ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင် မွန်ဝန်ကြီးဗညားဒလက မွန်ဘာသာစကားမှ မြန်မာဘာသာစကားသို့ ပြန်ဆိုခဲ့သည်ဟု ဖော်ပြကြသည်။

ပန်းရွှေပြည်စာအုပ်တိုက်က ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သော ရာဇဝိရာဇ်အရေးတော်ပုံကျမ်း၌ ကျမ်းပြုသူကို "မှူးမတ်တို့စကားကိုနာခံယူ၍ ပညာရှိတို့စီကုံးရေးသားသည့် ရာဇဝိရာဇ်အရေးတော်ပုံကျမ်း"ဟု ဖော်ပြထားသည်။ ထိုသို့ အမည်တပ်ထားရခြင်း၏ အကြောင်းကို ထိုစာအုပ်ကို စီစဉ်ထုတ်ဝေသူက သူလေ့လာခဲ့သော ရာဇဝိရာဇ်အရေးတော်ပုံကျမ်းပေမူ ၁၂ စောင်တွင် ဗညားဒလရေးသည်ဟု လုံးဝမပါဘဲ "ဗညားကြီးတို့ပြု၊ ပညာရှိတို့ စီကုံးရေးမှတ်ပြုသည်၊ ပညာရှိတို့ပြုသော၊ ပညာရှိသူတော်ကောင်းတို့ ပြုစုစီရင်သည်"စသည်ဖြင့်ပါသောကြောင့် ပညာရှိတို့ စီကုံးရေးသားသည်ဟု ရေးသားဖော်ပြရခြင်းဖြစ်ကြောင်း ရှင်းလင်းထားသည်။

၎င်းကပင် ဆက်လက်၍ မွန်စာပေပညာရှင် ဆရာနိုင်မောင်တိုး၏ အမှတ်အသားကို ကိုးကား၍ မွန်ပေမူများတွင် အနောက်ဘက်လွန်မင်း နတ်ရွာစံသည်ထိ ရေးသားထားသည်ဟု ဆိုထားသည်။ ၎င်း၏အဆိုအရမူ ရာဇဝိရာဇ်အရေးတော်ပုံကျမ်းသည် ဘုရင့်နောင်မင်းတရားကြီး လက်ထက်ရေးသားသည်မဟုတ်ဘဲ အနောက်ဘက်လွန်မင်း နတ်ရွာစံပြီး နောက်ပိုင်းမှရေးသားသည်ဟု ဆိုရန်ရှိလေသည်။

အထက်ပါရေးသားဖော်ပြချက်များကိုကြည့်လျှင် ရာဇဝိရာဇ်အရေးတော်ပုံကျမ်းသည် စည်သူဂါမဏိသင်္ကြန်ပြုသည်၊ ဗညားဒလပြုသည်၊ ပညာရှိတို့ပြုသည်ဟု သုံးမျိုးတွေ့ရမည်ဖြစ်သည်။ ဤပြဿနာကို တိတိကျကျအဖြေထုတ်ရန်မှာ သမိုင်းပညာရှင်များ၏ တာဝန်ဖြစ်ပေတော့သည်။

ရာဇဝိရာဇ်အရေးတော်ပုံကျမ်းသည် မဂဒူးမင်း၏ဘဝအကြောင်းမှ စတင်ကာဖော်ပြထားပြီး ဘုရင်မင်းခေါင်နှင့် ရာဇဝိရာဇ်နတ်ရွာစံသည်ထိ ဖော်ပြထား၏။ ဆရာနိုင်ပန်းလှ မွန်မူမှ မြန်မာပြန်သော ရာဇဝိရာဇ်အရေးတော်ပုံကျမ်းသည် မဂဒူးမင်း၏ဘဝအကြောင်းမှ ရှင်စောပုနန်းတက်သည်ထိ ပါရှိလေသည်။

## အမျိုးသားနေ့ တို့မမေ့ သည်းရင်ခိုင်ကျည် ထာဝရတည်

- သည်တန်ဆောင်မုန်း ချမ်းတုန်းချိန်ခါမှာလေ
  နှင်းကဖွဲ့ဖွဲ့ အေးမြအေးကာနေ
  ခဝဲကဝေ ဝါရွှေဝင်းဝင်း
  တိမ်တွေကင်းစင် ကြယ်လလျှင်
  ကောင်းကင်တစ်ခွင် လင်းသည်နှင့်လေး။

- သည်လအတွင်း အခင်းကများပြီထင်
  တက္ကသိုလ်အက် ထုတ်လျက်ပြန်ကာပင်
  ထိုဥပဒေပင် ဘက်လျှင်စောင်းတိမ်း
  မိဘကပူ ကျောင်းသားပူ
  မည်သူကူလို့ ငြိမ်းသည်နှင့်လေး။

- သို့ထိန်းမရ ရေးကအရာပေါ်ပြီ
  ကျောင်းသားထုကြီး သွေးနီးကြအတည်
  အရေးကြီးပြီ တူညီလက်တွဲ
  သပိတ်တိုက်ပွဲ ဆင်ကာနွှဲ
  အောင်ဖွဲ့ခိုင်ခိုင် မြဲသည်နှင့်လေး။

- လက်တွဲရင်းနှီး သွေးစည်းတဲ့တိုင်းရင်းဆွေ
  အောင်မြေတိုးချဲ့ ဆက်ခဲ့ခရီးရှည်
  ပင်လုံသက်သေ တို့လေမခွဲ
  လွတ်လပ်ရေးမွေ ပေးဖို့လေ
  တိုးဖွေအောင်လံ မြဲသည်နှင့်လေး။

- အမြဲမမေ့ သည်နေ့တော့ရောက်ပြန်ပြီ
  အမျိုးသားနေ့ မမေ့စိတ်မှာတည်
  ကြိုးစားကြမည် တို့ပြည်ရွှေဝင်း
  ငြိမ်းချမ်းဝေစည် တိုးတက်ချီ
  ရှေးဆီရည်မှန်း လင်းသည်နှင့်လေး။

- ခဝဲပွင့်ဝါ မချို့ရှာ
  နေခြည်ဖြာ၍ ဝင်းဖန့်တော့သည်။

- အမြဲတင့်ကာ တို့ပြည်သာ
  အောင်စည်ဖြာ၍လင်းသန့်တော့သည်။

**ပြေအေးသက်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကား၊လက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတရွေးကောက်ပွဲကျင်းပရေးအချိန်ကာလ ရုရှားအထက်လွှတ်တော် မဲခွဲဆုံးဖြတ်မည်

**မော်စကို ဒီဇင်ဘာ ၆**

ရုရှားသမ္မတရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ် မတ် ၁၇ ရက်တွင် ကျင်းပရန်အဆိုပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ကို ရုရှားလွှတ်တော်အမတ်များက ဒီဇင်ဘာ ၇ရက်တွင် မဲခွဲအတည်ပြုမည်ဖြစ်သည်။

သမ္မတရွေးကောက်ပွဲ ကျင်းပမည့်ကာလဥပဒေကြမ်းမဲခွဲအတည်ပြုပွဲကိုဒီဇင်ဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ရုရှားအထက်လွှတ်တော်ထိပ်တန်းအမတ်တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရုရှားအထက်လွှတ်တော်သည် ရွေးကောက်ပွဲများ ကျင်းပရမည့်ကာလကို သတ်မှတ်ပေးရမည့်တာဝန်ရှိသည်။

အသက် ၇၁ နှစ်အရွယ် ရုရှားသမ္မတပူတင်သည် ၂၀၂၄ ခုနှစ်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အစီအစဉ်ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

သို့သော် အဆိုပါရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရုရှားသမ္မတပူတင်က ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ရုရှားအစိုးရသတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ရုရှားသမ္မတပူတင်သည် ရုရှားနိုင်ငံကို ၁၉၉၉ ခုနှစ်မှစ၍ သမ္မတအဖြစ်လည်းကောင်း၊ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း ဦးဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂါဇာတောင်ပိုင်း ခန်ယူနစ်မြို့ကို အစ္စရေးတပ်များ ဝိုင်းရံထား

**ဂျေရုဆလင် ဒီဇင်ဘာ ၆**

အစ္စရေးတပ်ဖွဲ့ဝင်များသည် ယနေ့တွင် ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း၏ အဓိကမြို့တော်ဖြစ်သော ခန်ယူနစ်မြို့ကို ဝိုင်းရံပိတ်ဆို့ထားကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ခန်ယူနစ်မြို့တွင်းသို့ ထိုးဖောက်ဝင်ရောက်သွားသည့် အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဟားမတ်စ်အုပ်စုတို့အကြား ခန်ယူနစ်မြို့တွင်း၌ လမ်းပေါ်တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိသည်။

အစ္စရေးစစ်ဘက်သည် ဂါဇာဒေသမှ ဟားမတ်စ်အုပ်စုကို ရှင်းထုတ်ရေးစစ်ဆင်ရေး၏ ဒုတိယအဆင့်အဖြစ် ဂါဇာတောင်ပိုင်း ခန်ယူနစ်မြို့ကို ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နှစ်လနီးပါးတာကာလအတွင်း ဝင်ရောက်လာပြီဖြစ်သော ဂါဇာစစ်ပွဲအတွင်း အစ္စရေးနိုင်ငံတွင် လူပေါင်း ၁၂၀၀ ကျော်သေဆုံးခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသတွင် လူပေါင်း ၂၀၀၀၀ ကျော်သေဆုံးခဲ့ရပြီးဖြစ်သည်။

လက်ရှိဖြစ်ပွားဆဲ ဂါဇာစစ်ပွဲသည် ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ရယူခဲ့ပြီးဖြစ်သော်လည်း ယင်းသဘောတူညီချက်မှာ ပျက်ပြားခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## အင်ဒို-ပစိဖိတ်၌ မြေပြင်အခြေစိုက်ဒုံးပစ်လောင်ချာစနစ်များဖြန့်ကြက်ရန် အမေရိကန်စီစဉ်



**ဝါရှင်တန် ဒီဇင်ဘာ ၆**

မြေပြင်အခြေစိုက် ဒုံးပစ်လောင်ချာစနစ်တစ်မျိုးကိုလာမည့်နှစ်တွင် အင်ဒို-ပစိဖိတ်ဒေသ၌ ဖြန့်ကြက်ရန် အမေရိကန်စစ်ဘက်က စီစဉ်ထားကြောင်း ဒီဇင်ဘာ ၅ ရက်သတင်းများအရ သိရသည်။

အဆိုပါ မြေပြင်အခြေစိုက်ဒုံးပစ်လောင်ချာစနစ်သည်တိုင်ဖွန်းအမျိုးအစား မဟာဗျူဟာမြောက်တာလတ်ပစ်ဒုံးပစ်လောင်ချာစနစ်ဖြစ်ပြီး ကီလိုမီတာ ၂၅၀၀ ထိ ပစ်ခတ်နိုင်ကြောင်း သိရသည်။

အမေရိကန်စစ်ဘက်အနေဖြင့် ၂၀၂၄ခုနှစ်တွင် အာရှပစိဖိတ်ဒေသ၌ တိုင်ဖွန်းအမျိုးအစားဒုံးပစ်လောင်ချာစနစ်များ ဖြန့်ကြက်ရန် ရည်ရွယ်ထားကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူများက ဂျပန်သတင်းမီဒီယာများကို ဒီဇင်ဘာ ၅ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

သို့သော် အမေရိကန်စစ်ဘက်အနေဖြင့် ဂျပန်ပြည်သူများ၏ နားလည်မှုရယူရေးအခက်အခဲများကြောင့် ဂျပန်နိုင်ငံ၌ အဆိုပါဒုံးပစ်လောင်ချာစနစ်ကို ဖြန့်ကြက်ဖွယ်မရှိဘဲ ဂူအမ်ကျွန်းပေါ်တွင်သာ ဖြန့်ကြက်ထားဖွယ် ရှိကြောင်း သိရသည်။

အမေရိကန်စစ်ဘက်သည်တိုင်ဖွန်းအမျိုးအစား မဟာဗျူဟာမြောက်တာလတ်ပစ်ဒုံးပစ်လောင်ချာစနစ်များကို စစ်အေးတိုက်ပွဲကာလနောက်ပိုင်းပထမဆုံးအကြိမ်အဖြစ်ဖြန့်ကြက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

စစ်အေးတိုက်ပွဲခေတ် ၁၉၈၇ ခုနှစ်တွင် အမေရိကန်နှင့် ရုရှားတို့ရယူထားသည့် လက်နက်ထိန်းချုပ်ရေးစာချုပ်အရ ကီလိုမီတာ ၅၀၀ နှင့် ၅၅၀၀ ကြား ပျံသန်းနိုင်သည့် တာလတ်ပစ်သမားရိုးကျ ဒုံးကျည်များ၊ နျူကလီးယား ထိပ်ဖူးတပ်ဒုံးကျည်စနစ်များ ဖြန့်ကြက်မှုကို ပိတ်ပင်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဖိလစ်ပိုင်အလယ်ပိုင်း၌ ဘတ်စကားတစ်စီး လျှိုထဲထိုးကျမှုဖြစ်ပွား အနည်းဆုံး ၁၆ ဦးသေဆုံး၍ ၁၂ ဦး ဒဏ်ရာရရှိ

**မနီလာ ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတောင်ပေါ်ကျေးရွာ တစ်ရွာ၏ တောင်ဆင်းလမ်း အချိုးအကွေ့တစ်ခု၌ ဒီဇင်ဘာ ၅ ရက်က ခရီးသည်တင် ဘတ်စကားတစ်စီး လျှိုအတွင်းထိုးကျခဲ့ရာ အနည်းဆုံးလူ ၁၆ ဦးသေဆုံး၍ ၁၂ ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။



အဆိုပါမော်တော်ယာဉ်မတော်တဆမှုသည် အင်တီကေးပြည်နယ်ဟမ်းတစ်အမည်ရှိ တောင်ပေါ်ဒေသမြို့တစ်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာတွင်ပါဝင်သည့် ခရီးသည်တင် ဘတ်စကားသည် တောင်ဆင်းလမ်း အချိုးအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲလျှိုထဲသို့ ထိုးကျခဲ့ရခြင်း ဖြစ်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ခရီးသည်တင် ဘတ်စကားမတော်တဆမှုအတွင်း ဒဏ်ရာရရှိသူများအနက် ရှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများ၏အဆိုအရ သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ တောင်ပေါ်လမ်းသည် ယာဉ်မတော်တဆမှုများမကြာခဏဖြစ်ပွားတတ်သောတောင်ပေါ်လမ်းဖြစ်သည်။

ယာဉ်စည်းကမ်း လိုက်နာမှုအားနည်းခြင်း၊ ယာဉ်များအိုဟောင်းနေခြင်း၊ လမ်းများပျက်စီးနေခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ထိုင်ဝမ်ရေလက်ကြား၌ အမေရိကန်ကင်းထောက်လေယာဉ်ကို တရုတ်တိုက်လေယာဉ်များ စောင့်ကြည့်သတိပေး

**ပေကျင်း ဒီဇင်ဘာ ၆**

ထိုင်ဝမ်ရေလက်ကြားဝေဟင်ကို ဖြတ်ကျော်ပျံသန်းနေသည့် အမေရိကန်ရေတပ်ကင်းထောက်လေယာဉ်တစ်စင်းကို စောင့်ကြည့်သတိပေးရေးအတွက် တရုတ်နိုင်ငံက ယနေ့တွင် တိုက်လေယာဉ်များစေလွှတ်ခဲ့ကြောင်း သိရသည်။

ထိုင်ဝမ် ရေလက်ကြားအား ဖြတ်ကျော်ပျံသန်းနေသည့် အမေရိကန်ရေတပ်မှ ပိုဆီဒွန်အမျိုးအစားကင်းလှည့်လေယာဉ်ကိုစောင့်ကြည့်သတိပေးရေးအတွက်တိုက်လေယာဉ်များစေလွှတ်ခဲ့ကြောင်း တရုတ်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အမေရိကန်ကင်းလှည့်လေယာဉ် ထိုင်ဝမ်ရေလက်ကြားဖြတ်သန်းမှုကို အများအာရုံစိုက်လာစေရန် ဟန်ရေးပြမှုအဖြစ် တရုတ်စစ်ဘက် ကြေညာချက်၌ ဝေဖန်ထားသည်။

အမေရိကန်ရေတပ်၏ပီ-၈အေ ပိုဆီဒွန်အမျိုးအစား ကင်းလှည့်လေယာဉ် ထိုင်ဝမ်ရေလက်ကြား ဖြတ်သန်းမှုကို အမေရိကန်ရေတပ် အမှတ်-၇ ရေတပ်အုပ်စုကလည်း အတည်ပြု သတင်းထုတ်ပြန်ထားသည်။


တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် သတ်မှတ်ထားပြီး ထိုင်ဝမ်ရေလက်ကြား နယ်မြေပေါ်တွင်လည်း တရုတ်ပြည်မကြီး၏ အချုပ်အခြာတည်ကြောင်း ကြေညာထားသည်။

အမေရိကန်ရေတပ်၏ ပိုဆီဒွန်ကင်းလှည့်လေယာဉ်တစ်စင်းသည် ယခုနှစ် အောက်တိုဘာလအတွင်း ထိုင်ဝမ်ရေလက်ကြားကိုနောက်ဆုံးတစ်ကြိမ် ဖြတ်သန်းခဲ့ဖူးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဂျပန်အမျိုးသားအာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် လပေါ်သို့ဆင်းသက်ရန်ကြိုးစားမည်



**တိုကျို ဒီဇင်ဘာ ၆**

ဂျပန်အမျိုးသား အာကာသအေဂျင်စီ၏ SLIM အမည်ရှိ လဆင်းယာဉ်သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် လပေါ်သို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

SLIMလဆင်းယာဉ်အနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် လမျက်နှာပြင်ပေါ်ဆင်းသက်ရေးအတွက် ကြိုးပမ်းမည်ဖြစ်ကြောင်း ဂျပန်အမျိုးသားအာကာသအေဂျင်စီက ဒီဇင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အမြင့် ၂ ဒသမ ၇ မီတာရှိသည့် SLIMလဆင်းယာဉ်ကို ယခုနှစ် စက်တင်ဘာ ၆ ရက်က အိတ်ချ်-၂ အေ အမျိုးအစားဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SLIM လဆင်းယာဉ်သည် ယခုနှစ် ခရစ္စမတ်ကာလတွင် လပတ်လမ်းအတွင်း ဝင်ရောက်နိုင်ကြောင်း ဂျပန်အမျိုးသား အာကာသအေဂျင်စီ၏အဆိုအရ သိရသည်။

SLIM လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ် ဆင်းသက်မှု အောင်မြင်ခဲ့ပါက ဂျပန်နိုင်ငံအနေဖြင့် လပေါ်သို့ လဆင်းယာဉ်လွှတ်တင်နိုင်ခဲ့သည့် ကမ္ဘာ့နိုင်ငံများစာရင်းတွင် ပါဝင်လာမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် လပေါ်သို့ လဆင်းယာဉ်များ စေလွှတ်ထားနိုင်သော နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO


## နာဆာ၏ အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ်များက ၁၅ ရက်ကြာ ရပ်ဆိုင်းထားသည့် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးလုပ်ငန်းစဉ်များကို ပြန်လည်စတင်နေ

**ဝါရှင်တန် ဒီဇင်ဘာ ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ်များသည် ၁၅ ရက်ကြာ ရပ်ဆိုင်းထားသည့် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးလုပ်ငန်းစဉ်များကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

နာဆာ၏ အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ်များသည် နေ၏ တစ်ဖက်တစ်ချက်သို့၊ လနှင့် ကမ္ဘာသို့ရောက်ရှိနေချိန် နိုဝင်ဘာ ၁၀ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ စူးစမ်းလေ့လာရေးလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့သည်။

ထိုကဲ့သို့ အင်္ဂါဂြိုဟ်၊ နေနှင့် ကမ္ဘာတို့ တစ်တန်းတည်းကျရောက်နေချိန် အင်္ဂါဂြိုဟ်အာကာသယာဉ်များနှင့် ကမ္ဘာကြား အဆက်အသွယ်ပြတ်တောက်တတ်မှုကြောင့် အထက်ပါကာလအတွင်း နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်အာကာသယာဉ်များ၏ စူးစမ်းလေ့လာရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့သည်။



သို့ရာတွင် ယခုလအစောပိုင်းတွင် အင်္ဂါဂြိုဟ်သည် နေ၏နောက်ကွယ်မှ စတင်ထွက်ပေါ်လာပြီဖြစ်ရာ အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်များသည်လည်း ပုံမှန်စူးစမ်းလေ့လာရေးလုပ်ငန်းများ ပြန်စတင်နေပြီဖြစ်ကြောင်း နာဆာအဖွဲ့က ဒီဇင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်ပေါ်၌ ဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် နှစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်း၊ အင်္ဂါဂြိုဟ်ပတ်လမ်းပေါ်တွင် အာကာသယာဉ်သုံးစင်း ထားရှိသည်။

ထို့ပြင် အင်္ဂါဂြိုဟ်ပတ်လမ်းပေါ်တွင် ဥရောပအာကာသအေဂျင်စီ၊ တရုတ်အာကာသအေဂျင်စီနှင့် အာရပ်စော်ဘွားများပြည်ထောင်စုအာကာသအေဂျင်စီတို့မှ အာကာသယာဉ်များလည်း ရှိနေကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာ၏ ဆိုက်ခ်ီအာကာသယာဉ်က လွှတ်တင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အာကာသဟင်းလင်းပြင်ကို ဓာတ်ပုံရိုက်ကူးခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆိုက်ခ်ီအာကာသယာဉ်သည် လွှတ်တင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အာကာသဟင်းလင်းပြင်ကို ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း ဒီဇင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

ဆိုက်ခ်ီအာကာသယာဉ်သည် ဒီဇင်ဘာ ၄ ရက်က ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် နှစ်ခုတွဲကင်မရာစနစ်ဖြင့် ၎င်း၏ပထမဆုံးဓာတ်ပုံကို ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် ၁၆ ဆိုက်ခ်ီ အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းကို လေ့လာရေးအတွက် ဆိုက်ခ်ီအာကာသယာဉ်ကို ယခုနှစ် အောက်တိုဘာ ၁၃ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဆိုက်ခ်ီအာကာသယာဉ်သည် ကမ္ဘာမြေနှင့် မိုင်ပေါင်း ၁၀ သန်းကျော်အကွာသို့ ရောက်ရှိနေချိန်တွင် ၎င်း၏ပထမဆုံးဓာတ်ပုံကို ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ဆိုက်ခ်ီအာကာသယာဉ်သည် ၂၀၂၆ ခုနှစ်တွင် အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ပြီး ၂၀၂၉ ခုနှစ်တွင် ၁၆ ဆိုက်ခ်ီဂြိုဟ်သိမ်သို့ ရောက်ရှိမည်ဖြစ်သည်။

အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်း တည်ရှိသည့် ၁၆ ဆိုက်ခ်ီဂြိုဟ်သိမ်ကို သတ္တုများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဂြိုဟ်သိမ်အဖြစ် သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## တစ်လတစ်ကြိမ်သာထိုးရသည့် ထိုးဆေးတစ်မျိုးက နှင်းခူရောဂါလက္ခဏာများကို ကုသပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၆**

တစ်လတစ်ကြိမ်သာ ထိုးနှံရသည့် ထိုးဆေးတစ်မျိုးသည် နှင်းခူရောဂါ(Eczema) လက္ခဏာများကို ကုသပေးနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

လက်တွေ့စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Lebrikizumab အမည်ရှိ အဆိုပါထိုးဆေးကို ထိုးနှံပြီးနောက် စမ်းသပ်မှုတွင် ပါဝင်သူလူနာများအနက် ငါးဦးလျှင် လေးဦးတို့တွင် နှင်းခူအနာကွက်များ ကွယ်ပျောက်သွားကြောင်း သိရသည်။

Lebrikizumab ထိုးဆေးစမ်းသပ်မှုကို အမေရိကန်နိုင်ငံမှ ဆေးပညာရှင်များက ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Lebrikizumab ထိုးဆေးသည် နှင်းခူလူနာများအတွက် ဘေးထွက်ဆိုးကျိုးနည်းပါးသည်ကိုလည်း တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

နှင်းခူရောဂါသည် အရေပြားရောင်ရမ်းမှုရောဂါပုံစံတစ်မျိုးဖြစ်ပြီး ကမ္ဘာတစ်ဝန်းအဖြစ်များသည့် အရေပြားရောဂါလည်းဖြစ်သည်။

Lebrikizumab ထိုးဆေးကို နှင်းခူလူနာများအတွက် အသုံးပြုခွင့်ပေးရန် ဥရောပသမဂ္ဂကျန်းမာရေးအဖွဲ့အစည်းများက ပြီးခဲ့သည့်လအတွင်း သဘောတူထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## အိမ်မွေးကြောင်များနှင့် အထိအတွေ့များခဲ့သူများ စိတ်ကစဉ့်ကလျားရောဂါဖြစ်နိုင်ခြေ မြင့်မား

**ကင်ဘာရာ ဒီဇင်ဘာ ၆**

အသက် ၂၅ နှစ်မတိုင်မီ အိမ်မွေးကြောင်များနှင့် အထိအတွေ့များခဲ့သူများသည် စိတ်ကစဉ့်ကလျားရောဂါ (Schizophrenia) ဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆပိုမြင့်မားကြောင်း ဒီဇင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် နိုင်ငံပေါင်း ၁၁ နိုင်ငံတို့က ပြုလုပ်ထားသည့် စိတ်ကစဉ့်ကလျားရောဂါဆိုင်ရာ လေ့လာချက် ၁၈ ခုကို အသေးစိတ်ပြန်လည်လေ့လာခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသက် ၂၅ နှစ်မတိုင်မီ အိမ်မွေးကြောင်များနှင့် အထိအတွေ့များခဲ့သူများသည် စိတ်ကစဉ့်ကလျားရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆပိုများသည်ကို တွေ့ရကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

အိမ်မွေးကြောင်များနှင့် အထိအတွေ့များခဲ့သူများ၌ စိတ်ကစဉ့်ကလျားရောဂါဖြစ်နိုင်ခြေ မြင့်မားမှုသည် ကြောင်များတွင်ရှိတတ်သည့် Toxoplasma Gondii အမည်ရှိ ကပ်ပါးပိုးတစ်မျိုးနှင့် ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

ကြောင်ကိုက်ခံရမှုမှတစ်ဆင့် ဗဟိုအာရုံနာဗ့်ဆဲလ်စနစ်အတွင်းသို့ ရောက်သွားနိုင်သည့် Toxoplasma Gondii ကပ်ပါးပိုးသည် စိတ်ကစဉ့်ကလျားရောဂါကဲ့သို့ စိတ်မူမမှန်မှုပြဿနာများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ကစဉ့်ကလျားရောဂါဖြစ်ပွားမှု၏ အဓိကနောက်ခံအကြောင်းတရားများကို တိတိကျကျမသိရသေးသော်လည်း မျိုးဗီဇအကြောင်းတရားများ၊ ဦးနှောက်ဖွဲ့စည်းပုံမူမမှန်မှုများ၊ ခုခံအားစနစ်ဖောက်ပြန်မှုများနှင့် ပတ်သက်နေနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

Ref : Russia Today

Trs : KKO



နိုင်ငံတကာ

# အားကစားသတင်းများ

## ရှက်ဖီးလ်(U)အသင်းက ဟက်ကင်ဘော်တန်ကို ထုတ်ပယ်၍ ခရစ်ဝိုင်ဒါကို နည်းပြအဖြစ်ခန့်အပ်

**လန်ဒန် ဒီဇင်ဘာ ၆**

ရှက်ဖီးလ်(U) အသင်းသည် ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သည့် ဘန်လေအသင်းနှင့်ပွဲစဉ်တွင် ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ ဟက်ကင်ဘော်တန်ကို ရာထူးမှ ထုတ်ပယ်ရန်ဆုံးဖြတ်ခဲ့ကာ နည်းပြ ဟောင်း ခရစ်ဝိုင်ဒါကို နည်းပြသစ် အဖြစ်ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန် ခဲ့သည်။

နည်းပြ ဟက်ကင်ဘော်တန် သည် ယခုနှစ်အမှတ်ပေးပြိုင်ပွဲတွင် အသင်းကိုနိုင်ပွဲတစ်ပွဲသာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အသင်းအနေ ဖြင့် အမှတ်ပေးဇယားအောက်ဆုံး တွင် ရောက်ရှိခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ရာထူးမှ ထုတ်ပယ်ခဲ့ရာ ၎င်းအနေဖြင့် ပရီး မီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံး ထုတ်ပယ်ခံရသည့် နည်းပြဖြစ်လာ ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရှက်ဖီးလ်(U) အသင်းသည် နည်းပြဟောင်း ခရစ် ဝိုင်ဒါကို ၁၈ လသဘောတူ စာချုပ်ဖြင့် နည်းပြအဖြစ်ပြန်လည် ခန့်အပ်ခဲ့ပြီး ၎င်းအနေဖြင့် လီဗာပူး အသင်းနှင့်ပွဲစဉ်တွင် စတင်တာဝန် ယူမည်ဖြစ်ကြောင်း သိရသည်။

ရှက်ဖီးလ်(U)အသင်း အမှု ဆောင်ဒါရိုက်တာ ဘက်တစ်က "နည်းပြ ဟက်ကင်ဘော်တန်ဟာ ပရော်ဖက်ရှင်နယ်ပီသတဲ့ နည်းပြ တစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ အခုချိန်မှာ အသင်းအနေနဲ့ စွမ်းဆောင်ရည်ပိုင်း ကျဆင်းခဲ့ပြီး ရလဒ်ဆိုးတွေနဲ့ ရင်ဆိုင်နေရပါ တယ်။ ကျွန်တော်တို့အနေနဲ့ အသင်းရဲ့တိုးတက်မှုကို ရယူဖို့နဲ့ ပြောင်းလဲဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် ဟက်ကင်ဘော်တန်နဲ့ လမ်းခွဲဖို့ဆုံးဖြတ်ခဲ့တာပါ"ဟု ပြော ကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## MFF AYA Pay Futsal League-1 ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များ စတင်ယှဉ်ပြိုင်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင် ဘောလုံးကော်မတီက ကြီးမှူးကျင်းပသည့် MFF AYA Pay Futsal League-1 ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ နံနက် ၈ နာရီက VUC FC အသင်းနှင့် Linn Latt FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ VUC FC အသင်းက ငါးဂိုး တစ်ဂိုး ဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်က Let Wel Thone Naraအသင်းနှင့် Futsal 19 FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Futsal 19 FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီက MIU FC အသင်းနှင့် M2K FC အသင်းတို့ယှဉ်ပြိုင်ကစား ခဲ့ရာ MIU FC အသင်းက လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က Dream Team FC အသင်းနှင့် Futsal Chit Thu အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Futsal Chit Thu အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်းညနေ ၃ နာရီက Generations FC အသင်းနှင့် Winner Soccer အသင်းတို့ကစားခဲ့ရာ လေးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**STA**

### အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက လူငယ်ကွင်းလယ်ကစားသမား မိုင်နူးကို လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်နေပြီး စာချုပ်ဖျက်သိမ်းကြေးကိုလည်း မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းကခေါ်ယူရန် စိတ်ဝင်စားနေသည့် နည်းပြဇီဒါဘီကို ဘရိုက်တန်အသင်းက သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းက ဂရန်နာဒါ တောင်ပံကစားသမား ဇာရာဂိုဇာကို ယူရို ၁၅ သန်းဖြင့်ခေါ်ယူရန် အကြိုသဘောတူညီမှုရရှိခဲ့ပြီး ကစားသမားအနေဖြင့် ယခုနှစ်ဘောလုံးရာသီ အကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။

**ML**

## Cathedral Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အာဒမ်စကော့ ဆွတ်ခူး



**တွန်းတန် ဒီဇင်ဘာ ၆**

သြစတြေးလျနိုင်ငံ ဗစ်တိုးရီး ယားပြည်နယ် တွန်းတန်မြို့တွင် ကျင်းပခဲ့သည့် Cathedral Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အာဒမ်စကော့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်ပရေ့စ်မ်နှင့်တော့ဆင်နော့ တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက် ထက် ကိုးချက်စီလျော့ရိုက်ကာ ဒုတိယနေရာတွင် ပူးတွဲရပ်တည် နိုင်ခဲ့ပြီး ကင်မရွန်းစမစ်နှင့်ဘလိတ် ကိုလ်ယာတို့က စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ရှစ်ချက်စီလျော့ ရိုက်ကာ အမှတ်ပေးဇယား၏တတိယ နေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ ကြသည်။

အသက် ၄၃ နှစ်အရွယ် ကမ္ဘာ့ အဆင့်(၁)နေရာတွင် ရပ်တည် ခဲ့ဖူးသည့် အာဒမ်စကော့အနေဖြင့် လေးနှစ်တာကာလအတွင်း ဆုဖလား မရသည့်အခြေအနေမှ ရုန်းထွက် နိုင်ခဲ့ပြီး ကာလရှည်အောင်မြင်မှု မရသည့်အခြေအနေနှင့် ရင်ဆိုင် နေရသောကာလတွင် မွေးရပ်မြေ၌ အောင်မြင်မှု ဆွတ်ခူးနိုင်ခဲ့ခြင်း အပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်း လည်း အာဒမ်စကော့ကပြောကြား ခဲ့သည်။

ဂေါက်သီးရိုက်ရာသီ တစ်ရာသီ ကုန်ဆုံးခါနီးအောင်မြင်မှုရယူနိုင်ခဲ့ ခြင်းသည် ရာသီသစ်အတွက်လည်း ခွန်အားဖြစ်စေကြောင်း ၂၀၂၄ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် အောင်မြင်မှုများဆွတ်ခူးရရှိနိုင်ရန် ပစ်မှတ်ထား ပြင်ဆင်သွားမည်ဖြစ် ကြောင်းလည်း အာဒမ်စကော့က ဆက်လက်ပြောကြားခဲ့သည်။

အာဒမ်စကော့က "ရာသီ ကုန်ဆုံးခါနီးမှာ ဆုဖလားတစ်လုံး ဆွတ်ခူးနိုင်ခဲ့တာ ဝမ်းသာဂုဏ်ယူ ပါတယ်။ဒီဆုဖလားဟာ ကျွန်တော့် အတွက် အဓိပ္ပာယ်ရှိပါတယ်။ လေးနှစ်တာကာလ အောင်မြင်မှု မရတဲ့အခြေအနေနဲ့ ရင်ဆိုင်ခဲ့ ရတာကြောင့် စိတ်ဓာတ်ကျခဲ့ ရတယ်။ ဒီဆုဖလားဟာကမ္ဘာ့ အဆင့် သတ်မှတ်ချက်အတွက် ရမှတ်ထည့်သွင်းတွက်ချက်တဲ့ ပြိုင်ပွဲ မဟုတ်ပေမဲ့လဲ ကျွန်တော့်အတွက် တော့ ရာသီသစ်အတွက်ပြင်ဆင်ဖို့ ခွန်အားဖြစ်စေပါတယ်"ဟု ပြော ကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

## Time မဂ္ဂဇင်းကချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံးအားကစားသမားဆုကို တိုက်စစ်မှူးမက်ဆီ ဆွတ်ခူး

**ဝါရှင်တန် ဒီဇင်ဘာ ၆**

မေဂျာလိဂ်ကလပ် အင်တာ မီယာမီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး နောက် ယခုနှစ်တွင် Time မဂ္ဂဇင်း ကချီးမြှင့်ပေးအပ်သည့် တစ်နှစ်တာ အကောင်းဆုံး အားကစားသမားဆု ကို တိုက်စစ်မှူးမက်ဆီ ဆွတ်ခူးခဲ့ ကြောင်း သိရသည်။

တစ်နှစ်တာ အကောင်းဆုံး အားကစားသမားဆုအတွက် ဆန်ခါ တင်စာရင်းတွင် ကျွမ်းဘားအလှမယ် ဆိုင်မွန်ဘိုင်းလ်၊ ရေကူးကစား သမားမိုက်ကယ်ဖဲလ်စ်၊ဘက်စကတ် ဘောကစားသမား လီဘရွန်ဂျိမ်း၊ အမေရိကန် အမျိုးသမီးဘောလုံး အသင်းတို့ ပါဝင်ခဲ့သော်လည်း တိုက်စစ်မှူးမက်ဆီက ၎င်းတို့ကို ကျော်ဖြတ်ပြီး အကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် ပြီးခဲ့သည့် ဇူလိုင်လက အင်တာ မီယာမီအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့် ပွဲဦးထွက်ပွဲစဉ်တွင် အသင်းအတွက် အနိုင်ဂိုးသွင်းနိုင် ခဲ့ပြီး လိဂ်ဖလားပြိုင်ပွဲတွင်လည်း အသင်းအတွက် အဓိကသွင်းဂိုးများ သွင်းယူပေးခဲ့ကာ အသင်းကို ပထမဆုံးအဓိကဆုဖလားရယူပေး နိုင်ခဲ့သကဲ့သို့ ပြိုင်ပွဲစုံ ၁၄ ပွဲတွင် သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့ သောကြောင့် မေဂျာလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစား သမားစာရင်းတွင် ပါဝင်ခဲ့သည့် အပြင် ၂၀၂၂ ကမ္ဘာ့ဖလားချန်ပီယံ ဆုနှင့် ယခုနှစ်အတွက် ဘော်လွန်း ဒီအော်ဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ သောကြောင့် တိုက်စစ်မှူးမက်ဆီက အဆိုပါဆုကိုရရှိခဲ့သည်။



၂၀၂၂ ခုနှစ်က Time မဂ္ဂဇင်းက ချီးမြှင့်ခဲ့သည့် တစ်နှစ်တာ အကောင်းဆုံး အားကစားသမား ဆုကို နယူးယောက်ယန်ကီးဗိလ်ဒါ ကစားသမား အေရွန်ဂျက်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## FIFA-MFF U17 League 2023 ပြိုင်ပွဲကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပရန်စီစဉ်လျက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၆**

လူငယ်မျိုးဆက်သစ် ကစား သမားများ ထွက်ပေါ်လာရေးနှင့် မြန်မာ့လက်ရွေးစင်လူငယ်အသင်း များကိုထောက်ပံ့မှုဖြစ်စေရန် ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း စီစဉ်သည့် FIFA-MFF U17 League 2023 ပြိုင်ပွဲကို ဒီဇင် ဘာလ နောက်ဆုံးရက်သတ္တပတ် တွင် ရန်ကုန်မြို့၌ ကျင်းပရန်စီစဉ် လျက်ရှိကြောင်း သိရသည်။

အဆိုပါ FIFA-MFF U17 League 2023 ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့်ကျင်းပရန် လျာထားပြီး ပြိုင်ပွဲဝင်ကစားသမား များကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အတွင်း မွေးဖွားသူများကိုသာ ခွင့်ပြုသွားမည်ဖြစ်သည်။

FIFA-MFF U17 League 2023 ပြိုင်ပွဲဝင် အသင်းတစ်သင်း တွင် အုပ်ချုပ်မှုအဖွဲ့ဝင်အနည်းဆုံး ခြောက်ဦးမှ အများဆုံး ၁၅ ဦးထိရှိ ရမည်ဖြစ်ပြီး ကစားသမားအနည်းဆုံး ၂၄ ဦးမှ အများဆုံး ဦးရေ ၃၀ ဖြင့် အသင်းမှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ကာ ပထမအကျော့၊ ဒုတိယအကျော့ ပွဲစဉ်များကို ပြိုင်ပွဲကျင်းပရေး စည်းမျဉ်း စည်းကမ်းများအတိုင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

FIFA-MFF U17 League 2023 ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင် လိုသော အသင်းများအနေဖြင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ ကိုယ်တိုင် လာရောက်ဆက်သွယ်၍ ဖြစ်စေ winthumoe.10@gmail.com နှင့် ဖုန်းနံပါတ် ၀၉-၇၆၉၉၀၀၆၀၀ သို့ ဆက်သွယ်၍ ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် ထုတ်ပြန် ကြေညာချက်များကို ဆက်လက် ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားကာကွယ်ရေးဝန်ကြီးဌာနထံ Su-30MS2 နှင့် Yak-130 လေယာဉ်သစ်များ UAC ကုမ္ပဏီထံ လွှဲပြောင်းပေးအပ်



ရုရှားနိုင်ငံ United Aircraft Corporation (UAC) ကုမ္ပဏီလက်အောက်ခံ Irkutsk Aviation Plant လေကြောင်းစက်ရုံသည် ရုရှားကာကွယ်ရေးဝန်ကြီးဌာနထံ ဘက်စုံသုံး Su-30MS2 တိုက်လေယာဉ်များနှင့် Yak-130 အမောင်းသင်တိုက်လေယာဉ်သစ်များ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း www.airrecognition.com သတင်းဌာနက ဒီဇင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ တိုက်လေယာဉ်များသည် လိုအပ်သော မြေပြင်နှင့် စမ်းသပ်ပျံသန်းမှုများကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီး တပ်ဖြန့်ချထားမည့် လေတပ်စခန်းအသီးသီးသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ Irkutsk Aviation Plant စက်ရုံသည် နိုင်ငံတော်ကာကွယ်ရေးအစီအစဉ်တွင် ဖော်ပြထားသည့်အတိုင်း၊ တိုက်လေယာဉ်အသစ်များ ထုတ်လုပ်အသုံးပြုရန် ရည်မှန်းချက်အတိုင်း ပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ Yak-130 အမောင်းသင်တိုက်လေယာဉ်နောက်ဆုံးထုတ်စီးရီးများကို လက်ရှိနှစ်အတွက် လွှဲပြောင်းပေးပို့ရန် အချိန်ကာလမှာ ပြီးဆုံးလုနီးဖြစ်သည်။ ထို့နောက် ရုရှားလေကြောင်းနှင့်အာကာသတပ်ဖွဲ့များသည် တိုက်လေယာဉ်အုပ်များတွင် နောက်ထပ်ဗားရှင်းသစ် Su-30 MS2 တိုက်လေယာဉ်ကို လက်ခံရရှိသွားမည်ဖြစ်သည်။ ရုရှားနိုင်ငံ UAC ကုမ္ပဏီ၏ အကြီးအကဲ Yuri Slyusar က လာမည့်နှစ် တိုက်လေယာဉ်အမျိုးအစားသစ်များအတွက် ထုတ်လုပ်မှုစတင်နေပြီဟု အတည်ပြုခဲ့ကြောင်း သိရသည်။

Yak-130 အမောင်းသင်တိုက်လေယာဉ်ကို ရုရှားလေကြောင်းနှင့် အာကာသတပ်ဖွဲ့မှ လေယာဉ်မှူးများ၏ အခြေခံနှင့် အဆင့်မြင့်လေ့ကျင့်မှုများအတွက် အခြေခံစံနမူနာအမောင်းသင်လေယာဉ်အဖြစ် ရွေးချယ်ခဲ့သည်။ ဤအမောင်းသင်လေယာဉ်သည် စတုတ္ထမျိုးဆက်လွန်နှင့် ပဉ္စမမျိုးဆက်တိုက်လေယာဉ် လေယာဉ်မှူးများအတွက် လေ့ကျင့်သင်တန်းပေးရေးတွင် များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ Yak-130 တိုက်လေယာဉ်သည် ရည်မှန်းချက်ထိန်းချုပ်လုပ်ဆောင်မှုစနစ်၊ ကွန်ပျူတာအခြေခံ စာသင်ခန်းမများ၊ လေယာဉ်ပျံသန်းမှုနှင့် အထူးပြုလေ့ကျင့်မှုများအတွက် အမျိုးမျိုးသောလေ့ကျင့်ရေးစနစ်တစ်ခု၏ အဓိကအစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။

Su-30MS2 တိုက်လေယာဉ်များသည် ရုရှားနိုင်ငံ လေကြောင်းနှင့်အာကာသတပ်ဖွဲ့၊ ရေတပ်တို့တွင် လက်ရှိအသုံးပြုနေသော အမျိုးအစားများအနက် အဆင့်မြင့်ဆုံး နောက်ဆုံးထုတ်ဗားရှင်းလည်းဖြစ်သည်။ ဤတိုက်လေယာဉ်များတွင် ပိုမိုကောင်းမွန်သော လေကြောင်းနည်းပညာများ အသုံးပြုထားသည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များအတိုင်း အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့ပြီးနောက် အဆိုပါတိုက်လေယာဉ်များသည် အထူးသဖြင့် ဝေဟင်ပစ်မှတ်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် စိစစ်ခွဲခြားခြင်းတို့အတွက် တိုက်ပွဲဝင် အကွာအဝေးစွမ်းဆောင်ရည်များ တိုးမြှင့်ပေးထားသည်။ ၎င်းတို့တွင် မြေပြင်၊ ဝေဟင်နှင့် ရေပြင်ပစ်မှတ်များကို ကီလိုမီတာ ရာနှင့်ချီ၍ တိုက်ခိုက်နိုင်စွမ်းရှိသည့် တိကျပဲ့ထိန်းလက်နက်သစ်များ တပ်ဆင်ထားသည်။

**UAC delivers new Su-30MS2 fighters and Yak-130 trainers to Russian Ministry of Defense ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားရေတပ်က ရေပြင်မှဝေဟင်ပစ် SM-2 ဒုံးကျည်ကို ဂျပန်ပင်လယ်ပြင်တွင် ပထမဆုံးအကြိမ် စမ်းသပ်မှုပြုလုပ်

တောင်ကိုရီးယားရေတပ်သည် ရေပြင်မှ ဝေဟင်ပစ် SM-2 ဒုံးကျည်ကို ဂျပန်ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၁ ရက်က ပထမဆုံးအကြိမ် စမ်းသပ်မှုပြုလုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုကို တောင်ကိုရီးယားနိုင်ငံ Gangwon ပြည်နယ် အရှေ့ဘက်ကမ်းရိုးတန်းရှိ မရိန်းသုတေသနစင်တာမှ SM-2 ရေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တစ်စင်းကို ပစ်လွှတ်ခဲ့ကာ သဏ္ဍာန်တူဝေဟင်ပစ်မှတ်ကို ထိမှန်ဖျက်ဆီးနိုင်ခဲ့သည်။

အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီထုတ် SM စီးရီးမှ SM-2 ဒုံးကျည်သည် လေယာဉ်နှင့် သင်္ဘောဖျက်ဒုံးကျည်များကို အကွာအဝေး ၁၀၄ မိုင်ထိ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။ တောင်ကိုရီးယားသည် အဆိုပါဒုံးကျည်များကို ၂၀၂၀ ခုနှစ်က အမေရိကန်ထံမှ အမေရိကန်ဒေါ်လာ ၃၁၄ သန်းဖြင့် ဝယ်ယူခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ပြည်တွင်း၌ ဒုံးကျည်စမ်းသပ်မှုများပြုလုပ်နိုင်သည့် အခြေခံအဆောက်အအုံကို ၂၀၂၀ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ တိုက်ရိုက်ပစ်ခတ်မှု စမ်းသပ်မှုများ၊ ရေအောက်ဆူညံသံနှင့် အနီးအောက်ရောင်ခြည်စမ်းသပ်မှုများ အပါအဝင် အမျိုးမျိုးသော ဆန်းစစ်အကဲဖြတ်ချက်များ လုပ်ဆောင်ရာတွင် အသုံးပြုလျက်ရှိကြောင်း Stars and Stripes သတင်းဌာနက ရေးသားဖော်ပြထားသည်။

တောင်ကိုရီးယားရေတပ်သည် ယခင်က Hawaii၊ Barking Sands ကမ်းခြေရှိ ပစိဖိတ်ဒုံးကျည်စမ်းသပ်ရေးကွင်းတွင် SM-2 ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်ခဲ့ဖူးကြောင်း Yonhap သတင်းအေဂျင်စီက ရေးသားထားသည်။

အမေရိကန်ရေတပ်အင်ဂျင်နီယာများ၊ တောင်ကိုရီးယားရေတပ်နှင့် ကာကွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ- (ADD) တို့သည် ပြင်ဆင်ရေးလုပ်ငန်းများမှသည် ဒုံးကျည်ပစ်ခတ်စဉ်နှင့်ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာခြင်းထိ လုပ်ငန်းစဉ်တစ်ခုလုံးကို ပံ့ပိုးကူညီရန် အတူတကွပါဝင်ခဲ့ကြကြောင်း သိရသည်။



**South Korea Conducts First Domestic SM-2 Ship-to-Air Missile Test ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်နိုင်ငံက Martlet ဘက်စုံသုံးပဲ့ထိန်းဒုံးကျည်များ ယူကရိန်းကို ပံ့ပိုးပေး

ဗြိတိန်နိုင်ငံက Martlet ဘက်စုံသုံးပဲ့ထိန်းဒုံးကျည်သစ်များ ယူကရိန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဒီဇင်ဘာ ၄ ရက်တွင် The Times သတင်းဌာနက ရေးသားဖော်ပြထားသည်။

ရုရှားတပ်ဖွဲ့များ၏ မကြာခဏ ဒရုန်းများအသုံးပြု၍ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် တိုက်ခိုက်မှုများကိုတုံ့ပြန်ရာတွင် Martlet ဒုံးကျည်ကဲ့သို့ စွမ်းရည်ရှိဒုံးကျည်များသည် ယူကရိန်းအတွက် အရေးကြီးကြောင်းလည်း ဖော်ပြထားသည်။ Martlet ဒုံးကျည်များ၏ အလားအလာရှိသော အကျိုးသက်ရောက်မှုများမှာ တိုက်ပွဲဝင်တိကျမှုနှင့် ထိရောက်မှုတို့ကြောင့် လူသိများသော ဗြိတိန်နိုင်ငံထုတ် Martlet ဒုံးကျည်များသည် ယခုအခါ စစ်မြေပြင်တွင် ထင်ရှားသော အောင်မြင်မှုများဖြင့် ယူကရိန်း၏ လက်နက်တိုက်တွင် အချိန်အတန်ကြာကတည်းက ရောက်ရှိနေပြီးဖြစ်ကြောင်း သိရသည်။



ယူကရိန်းစစ်ဘက်သည် Martlet ဒုံးကျည်များကို ထိရောက်စွာတပ်ဖြန့်အသုံးပြုရန် လုပ်ဆောင်နေပြီဖြစ်သည်။ ၂၀၂၂ ခုနှစ် ဧပြီလက ရုရှားနိုင်ငံထုတ် အော်လန်ဒရုန်းတစ်စင်းကို Martlet ဒုံးကျည်ဖြင့် အောင်မြင်စွာ ပစ်ချနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ် ဇွန်လတွင် ယူကရိန်းတပ်ဖွဲ့များသည် Martlet ဒုံးကျည်ကို အသုံးပြု၍ ရုရှားတပ်ဖွဲ့များ၏ Ka-52 ရဟတ်ယာဉ်ကို ပစ်ချနိုင်ခဲ့ကြောင်းလည်း သတင်းများအရ သိရသည်။

ယခု နောက်ဆုံးလက်နက်လွှဲပြောင်းမှုနှင့်ပတ်သက်၍ ဗြိတိန်ထံမှ တရားဝင်ထုတ်ပြန်ချက်မရသေးသော်လည်း ဗြိတိန်နိုင်ငံသည် ယူကရိန်းသို့ ဆက်လက်ပံ့ပိုးကူညီနေဆဲဖြစ်ကြောင်း သိရသည်။ ယူကရိန်းသည် ဒေသတွင်းစစ်ဆင်ရေးများအတွင်း ရုရှားတို့၏ စစ်ရေးမဟာဗျူဟာတွင် အဓိကအစိတ်အပိုင်းဖြစ်သည့် ဒရုန်းခြိမ်းခြောက်မှုများ ဆက်တိုက်ကြုံတွေ့နေရချိန်တွင် ယခုကဲ့သို့ အကူအညီပေးမှုထွက်ပေါ်လာခြင်းဖြစ်သည်။

Martlet ဒုံးကျည်များသည် ယူကရိန်း၏ခံစစ်စွမ်းရည်ကို သိသာထင်ရှားစွာ မြှင့်တင်ပေးနိုင်မည်ဖြစ်ကာ လေကြောင်းပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရုရှားတို့၏ တိုက်စစ်အရှိန်ကို ရပ်တန့်ရန် အသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။ ယူကရိန်းတွင်ဖြစ်ပွားနေသော ပဋိပက္ခတွင် နိုင်ငံအသီးသီးက စစ်ဘက်ဆိုင်ရာအကူအညီများ ယူကရိန်းထံပေးအပ်ခဲ့ကြပြီး ဗြိတိန်နိုင်ငံ၏ Martlet ဒုံးကျည်များထောက်ပံ့မှုသည်လည်း ယူကရိန်းဘက်မှ ဆက်လက်ရပ်တည်နေကြောင်း သက်သေပြချက်တစ်ခုလည်းဖြစ်သည်။

Martlet ဒုံးကျည်သည် အပေါ့စားတိကျပဲ့ထိန်းဒုံးကျည်များတွင် နောက်ဆုံးထုတ်ဗားရှင်းလည်းဖြစ်သည်။ ဤဒုံးကျည်သည် အမျိုးမျိုးသောမြေပြင်ပစ်မှတ်များကို လျင်မြန်စွာတုံ့ပြန်တိုက်ခိုက်နိုင်မည်ဖြစ်ပြီး မြေပြင်မှ ဝေဟင်ပစ်နယ်ပယ်တွင်မူ ဒရုန်းများနှင့် ရဟတ်ယာဉ်များကဲ့သို့ အနိမ့်ပျံကာကွယ်ရေးအတွက် အထူးသင့်လျော်သည်။

**UK Supplies Ukraine with More Martlet Missiles to Counter Russian Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

> ❖ နယ်ချဲ့အင်္ဂလိပ်တို့သည် ကိုလိုနီအုပ်ချုပ်ရေးယန္တရားကိုအားဖြည့်ရန် ကိုလိုနီပညာရေးစနစ်ကို ကျင့်သုံးသည်။ ရည်ရွယ်ချက်မှာ အမျိုးသားဇာတိမာန်ကိုချိုးနှိမ်ပြီး ကျွန်ဇာတ်သွင်းရန်သာဖြစ်ခဲ့သည်။ သို့မှသာ ၎င်းတို့၏ကိုလိုနီအုပ်ချုပ်မှုသက်တမ်းရှည်ကြာမည်ဖြစ်သည်။ နယ်ချဲ့တို့၏နိုင်ထက်စီးနင်းလုပ်ရပ်များကြောင့် မီးခဲပြာဖုံးဖြစ်နေသော အမျိုးသားရေးစိတ်ဓာတ်သည် တဖွားဖွားတောက်လောင်လာသည်။ အနိုင်မခံအရှုံးမပေးလိုသည့် ရဲရဲတောက်စိတ်ဓာတ်၊ ရဲဝံ့စွာခုခံတိုက်ခိုက်သည့် ဇွဲသတ္တိများဖြင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်တွင် ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်တိုက်ပွဲဆင်နွှဲခဲ့ကြသည်။ ❖

ရှေးကမြန်မာတို့သည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ခဲ့ကြသည်။ သူတို့ကြီးပြင်းခဲ့ရသည့်အချိန်ကာလသည် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့လက်အောက်တွင်ဖြစ်သည့်အခါ တိုင်းတစ်ပါးသားတို့၏ ဖိလ်ကျွလွှမ်းမိုးအုပ်ချုပ်ခြင်းကို စိတ်မသက်သာစွာဖြင့် အံကြိတ်ခံနေရသည်။ မြန်မာတို့က ကျူးကျော်လာသူနယ်ချဲ့တို့ကို သခင်အဖြစ် ဆက်ဆံနေရသည်မှာ သေသော်မှတည့် ဩော်ကောင်း၏အခြေအနေပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာလူငယ်တို့က ငါတို့ခေတ်မမီခဲ့၍ တိုင်းတစ်ပါးအုပ်စိုးခြင်းခံရခြင်းဖြစ်သည်ဟူသောအသိဖြင့် ခေတ်မီပညာရပ်များကို ကြိုးစားသင်ယူလာကြသည်။

ခေတ်မီပညာတတ်လူငယ်များအနေဖြင့် မြန်မာတို့သည် မိမိအမျိုးကို မိမိတို့ချစ်ကြစေချင်သည်။ မိမိတို့၏ဘာသာတရားကို လေးစားတန်ဖိုးထားစေချင်သည်။ မိမိတို့၏သာသနာကို ထောက်ပံ့ချီးမြှင့်ကြစေချင်သည်။ အထူးသဖြင့် ပညာရေးကို စိတ်ဝင်စားပြီးအားပေးစေချင်သည်။ ထို့ကြောင့် အမျိုးကိုချစ်ပါ၊ ဘာသာကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါဟူသော ကြွေးကြော်သံများဖြင့် မြန်မာသက္ကရာဇ် ၁၂၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက် (ခရစ်နှစ် ၁၉၀၆ ခုနှစ် မေ ၁၀ ရက်) ကြာသပတေးနေ့တွင် ရန်ကုန်ကောလိပ်ကျောင်းသားမျိုးချစ်လူငယ်များဖြစ်သော ဦးဘဘေ၊ ဦးဘရင်၊ ဦးမောင်ကြီးတို့ဦးဆောင်၍ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ဝိုင်အမ်ဘီအေနှင့်ပတ်သက်၍ "လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေက၊ ဝံသာနုအစ ဝိုင်အမ်ဘီအေက၊ အမျိုးသားအောင်ပွဲနေ့အစ ဝိုင်အမ်ဘီအေက၊ တပ်မတော်အစ ဝိုင်အမ်ဘီအေက"ဟု မှတ်တမ်းတင်နိုင်သည်။ မြန်မာနိုင်ငံတွင် ဝိုင်အမ်ဘီအေကို စတင်တည်ထောင်နိုင်ခြင်းမှာ မြန်မာတို့၏အမျိုးသားရေးနား၊ မျက်စိတို့ကို ဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

ဝိုင်အမ်ဘီအေအသင်းကြီး၏ စွမ်းဆောင်ချက်များမှာ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင်ကျရောက်မည့် အမျိုးသားအောင်ပွဲနေ့နှင့်ဆက်စပ်မှုရာနှုန်းပြည့်ရှိသည့်အတွက် စာရေးသူက ဝိုင်အမ်ဘီအေအသင်းကြီးအကြောင်းကို ပဏာမတင်ပြနေခြင်းဖြစ်သည်။

ဝိုင်အမ်ဘီအေအသင်းကြီး၏ စွမ်းဆောင်မှုသည် မြန်မာတို့အတွက် လွန်စွာအရေးပါခဲ့သည်။ မြန်မာတို့သည် ကျွန်ဘဝတွင် သာသနာ့ဒါယကာအဖြစ်ကိုယ့်မင်းကိုယ့်ချင်းမရှိသဖြင့် သာသနာရေးတွင်လည်းကောင်း၊ ယဉ်ကျေးမှုအကျင့်စာရိတ္တတွင်လည်းကောင်း နိမ့်ကျသောအခြေအနေတွင်ရှိသည်။ အသင်းကြီးသည် ထိုအချက်များကိုသိမြင်ကာ လှုပ်ရှားလှုံ့ဆော်ခဲ့သည်။ နယ်ချဲ့အစိုးရက ပညာရေးတွင်စိတ်မဝင်စားသဖြင့် သာသနာပြုကျောင်းများက နေရာယူလာသည်။ ဗျူရိုကရက်အုပ်ချုပ်ရေးအရ အင်္ဂလိပ်စာတတ်မှ အလုပ်အကိုင်ရမည်ဖြစ်လာသည်။

ထိုခေတ်ကအခြေအနေများကြောင့် မြန်မာလူငယ်များသည် ဘုန်းတော်ကြီးကျောင်းများကို စိတ်ဝင်စားမှုမရှိတော့ဘဲ ခရစ်ယာန်သာသနာပြုများဖွင့်လှစ်ထားသည့်ကျောင်းများတွင်သာ ပညာသင်ယူကြသည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေအသင်းကြီး၏ ပထမအကြိမ်ညီလာခံတွင် မြန်မာစာသင်ကျောင်းနှင့် အင်္ဂလိပ်မြန်မာစာသင်ကျောင်းများ၌ ဗုဒ္ဓဘာသာတရားတော်များ သင်ကြားရေး၊ ဒုတိယညီလာခံ၌ မြန်မာစာသင်ကျောင်းသာမက အကျဉ်းထောင်များ၌ပါ ဗုဒ္ဓဘာသာစာပေများသင်ကြားရေး၊ ကဆုန်လပြည့်နေ့လည်း ဗုဒ္ဓဘာသာတို့၏နေ့ထူးနေ့မြတ်ဖြစ်၍ အစိုးရက အသိအမှတ်ပြုရေး၊ တတိယညီလာခံ၌မူ ကဆုန်လပြည့်နေ့ကို ရုံးပိတ်ရက်သတ်မှတ်ရေးတောင်းဆိုခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ကိုလိုနီအုပ်ချုပ်ရေးယန္တရားကိုအားဖြည့်ရန် ကိုလိုနီပညာရေးစနစ်ကို ကျင့်သုံးသည်။ ရည်ရွယ်ချက်မှာ အမျိုးသားဇာတိမာန်ကို ချိုးနှိမ်ပြီး ကျွန်ဇာတ်သွင်းရန်သာဖြစ်ခဲ့သည်။ သို့မှသာ ၎င်းတို့၏ကိုလိုနီအုပ်ချုပ်မှုသက်တမ်းရှည်ကြာမည်ဖြစ်သည်။ နယ်ချဲ့တို့၏နိုင်ထက်စီးနင်းလုပ်ရပ်များကြောင့် မီးခဲပြာဖုံးဖြစ်နေသော အမျိုးသားရေးစိတ်ဓာတ်သည် တဖွားဖွားတောက်လောင်လာသည်။ အနိုင်မခံအရှုံးမပေးလိုသည့် ရဲရဲတောက်စိတ်ဓာတ်၊ ရဲဝံ့စွာခုခံတိုက်ခိုက်သည့် ဇွဲသတ္တိများဖြင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်တွင် ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်တိုက်ပွဲဆင်နွှဲခဲ့ကြသည်။ အဆိုပါသပိတ်တိုက်ပွဲတွင် ဦးဆောင်ပါဝင်ခဲ့ကြသည့်ပုဂ္ဂိုလ်များသည် ၎င်းအချိန်က အစိုးရရာထူးကြီးများ ရနိုင်သည့်ပုဂ္ဂိုလ်များဖြစ်ကြသည်။ သို့ပါလျက် မိမိတို့၏ပုဂ္ဂလိကအကျိုးစီးပွားကို စွန့်လွှတ်ကာ အမျိုးသားရေးအကျိုးဖြစ်ပေါ်မှုအတွက် ရဲရဲတောက်တိုက်ပွဲဝင်ခဲ့သည့်မျိုးချစ်စိတ်ဓာတ်မှာ လွန်စွာလေးစားဖွယ်ဖြစ်သည်။

ဝိုင်အမ်ဘီအေအသင်းမှ ဂျီစီဘီအေအသင်းကြီးသို့ ပြောင်းလဲဖွဲ့စည်းပြီးနောက် မကြာမီပေါ်ပေါက်လာခဲ့သော ပထမကျောင်းသားသပိတ်သည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းတွင် ထင်ရှားသောသမိုင်းမှတ်တိုင်ဖြစ်သည်။ အင်္ဂလိပ်တို့သည် ၁၈၆၆ ခုနှစ်တွင် ပညာရေးဌာနကိုဖွင့်လှစ်ပြီး ပညာသင်ကြားရေးလုပ်ငန်းများကို စတင်ခဲ့သည်။ အင်္ဂလိပ်တို့ပေးသော ကိုလိုနီပညာရေး၏ဦးတည်ချက်မှာ ကုန်ထုတ်လုပ်မှုတိုးတက်စေရန်မဟုတ်ဘဲ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားတွင် အကျိုးပြုအမှုထမ်းတတ်မည့် အင်္ဂလိပ်စာပေနှင့် အနောက်တိုင်းယဉ်ကျေးမှုတို့ကို အထင်ကြီးသော ခေတ်ပညာတတ်လူတန်းစားတစ်ရပ် မွေးထုတ်ရန်ပင်ဖြစ်သည်။ ၁၈၇၈ ခုနှစ်တွင် ကာလကတ္တားလက်အောက်ခံ ရန်ကုန်ကောလိပ်ကိုဖွင့်၍ ကောလိပ်ပညာရေးကို သင်ကြားပေးခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် တက္ကသိုလ်ဟူ၍မရှိသေးပေ။ မြန်မာတို့က တက္ကသိုလ်တစ်ခုသီးခြားထားရှိသင့်သည်ဟု ၁၉၀၀ ပြည့်နှစ်မတိုင်မီကတည်းက အကြံပေးခဲ့သော်လည်း အင်္ဂလိပ်တို့က ဆောင်ရွက်ပေးခြင်းမရှိပေ။

၁၉၂၀ ပြည့်နှစ်သို့ရောက်မှ အင်္ဂလိပ်တို့သည် တက္ကသိုလ်ဥပဒေကြမ်းတစ်ခုကိုရေးဆွဲပြီး ဩဂုတ်လတွင်ကျင်းပသော ဥပဒေပြုကောင်စီသို့ တင်ပြဆွေးနွေးခဲ့သည်။ အဆိုပါ ဥပဒေကြမ်းအရဆိုရသော် မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခုတည်းသာရှိရမည်။ ထိုတက္ကသိုလ်လက်အောက်တွင်လည်း ကောလိပ်ကျောင်းတစ်ခုတည်းသာရှိရမည်။ သင်ကြားလိုသူများသည် ကျောင်းအိပ်ကျောင်းစားများသာဖြစ်ရမည်။ သင်ကြားခွင့်ရသူများသည် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေကြရမည်။

မြန်မာတို့အနေဖြင့် ဤဥပဒေကြမ်းအရ တည်ထောင်ပေးမည့် တက္ကသိုလ်မျိုးကိုအလိုမရှိပါ။ ဥပဒေပေါ်ထွက်လာကတည်းက ဥပဒေပြုကောင်စီအတွင်း၌ မြန်မာအမတ်များက ကန့်ကွက်ခဲ့ကြသည်။ မြန်မာသတင်းစာများကလည်း ကန့်ကွက်ရေးသားကြသည်။ မြို့ကြီးများတွင်လည်း လူထုအစည်းအဝေးကြီးများကျင်းပ၍ ကန့်ကွက်ခဲ့ကြသည်။ ဤကဲ့သို့ ဥပဒေကောင်စီအတွင်း အပြင်ကပါ ကန့်ကွက်နေသည့်ကြားမှ ဥပဒေပြုကောင်စီကြီးက လူထုဆန္ဒနှင့်ဆန့်ကျင်ကာ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် တက္ကသိုလ်အက်ဥပဒေအာဏာတည်လာခဲ့သည်။ ဒုတိယဘုရင်ခံကရက်ဒေါက်သည် ဥပဒေအရ တက္ကသိုလ်၏အဓိပတိဖြစ်လာပြီး ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်တက္ကသိုလ်ကိုဖွင့်လှစ်ရန် ကြေညာခဲ့သည်။

ထိုအချိန်က ရန်ကုန်ကောလိပ်မှ ကိုဘရှင်၊ ကိုဖိုးကွန်း၊ ကိုဘဦး စသော ကျောင်းသားကြီး ၁၁ ဦးတို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်တွင် ရွှေတိဂုံကုန်းတော်ပေါ်၌ လျှို့ဝှက်စွာ စည်းဝေးတိုင်ပင်ကြသည်။ သပိတ်မှောက်ရန် ဒီဇင်ဘာ ၄ ရက်တွင် ကောလိပ်ကျောင်းသားများ အစည်းအဝေးခေါ်ယူ၍ အကျိုးအကြောင်းတင်ပြရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုစဉ်က အဆိုပါကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံစေတီတော် စနေထောင့်တွင် သစ္စာအဓိဋ္ဌာန်ပြုကြသည်။ ထိုသစ္စာအဓိဋ္ဌာန်ပြုချက်မှာ "ကျွန်ုပ်တို့ အောက်တွင်လက်မှတ်ရေးထိုးထားသူများသည် ရန်ကုန်ယူနီဗာစီတီသပိတ်မှောက်လှုပ်ရှားမှုကြီးတွင် ခေါင်းဆောင်သူများဖြစ်ကြသည်။ အကယ်၍ ဤလှုပ်ရှားမှုအရေးနိမ့်ခဲ့သော် ကျွန်ုပ်တို့အားလုံးသည် ဆိုးတူကောင်းဖက် ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်ကြပါမည်" ဟူ၍ဖြစ်သည်။

ဒီဇင်ဘာ ၄ ရက်တွင် ဗဟန်းရွှေကျင်ကျောင်းတိုက် ဦးအရိယကျောင်းသို့ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသား ၆၀၀ ခန့်စုဝေးရောက်ရှိလာကြပြီး သပိတ်မှောက်သည့်ကိစ္စကို တက်တက်ကြွကြွဆွေးနွေးကြသည်။ နောက်ဆုံး၌ ရန်ကုန်တက္ကသိုလ်ဖွင့်လှစ်မည့် ဒီဇင်ဘာ ၇ ရက်တွင် သပိတ်မှောက်ကြရန်ဆုံးဖြတ်ကြပြီး သပိတ်မှောက်မှုနှင့်ပတ်သက်သောကိစ္စအဝဝကို ဆောင်ရွက်သွားရန် ကောလိပ်နှစ်ခုလုံးမှ ကိုယ်စားလှယ်များပါဝင်သည့် ၂၆ ဦးကော်မတီကို ရွေးချယ်ခန့်အပ်ခဲ့ကြသည်။ ထိုကော်မတီသည် ယူနီဗာစီတီကျောင်းသားများသပိတ်မှောက်ကောင်စီဟူ၍ အမည်တွင်ခဲ့သည်။

ဒီဇင်ဘာ ၅ ရက်တွင် ကိုဘဦးနေအိမ်၌ သပိတ်မှောက်ကောင်စီအစည်းအဝေးပြုလုပ်နေစဉ် ကျောင်းသားများကို ကျောင်းအုပ်ဆရာကြီးက ဆုံးမစကားပြောကြားလိမ့်မည်ဖြစ်ကြောင်း သတင်းရရှိခဲ့သည်။ ထို့ကြောင့် ဒီဇင်ဘာ ၅ ရက်မှာပင် သပိတ်မှောက်ခဲ့ကြသည်။ ဤသို့ဖြင့် ပထမကျောင်းသားသပိတ်သည် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဝံသာနုလှုပ်ရှားမှုကို ဦးဆောင်မှုပေးခဲ့သော ဂျီစီဘီအေအဖွဲ့ကြီးသည် ၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် မန္တလေးမြို့၌ကျင်းပသော နဝမအကြိမ်မြောက် ကွန်ဖရင့်ကြီး၌ အမျိုးသားအောင်ပွဲနေ့ သတ်မှတ်ရေးကို ဆွေးနွေးခဲ့ကြသည်။ ၁၉၂၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ကျင်းပသော ဂျီစီဘီအေအထူးကွန်ဖရင့်က ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများက စတင်သပိတ်မှောက်သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် ရွေးချယ်သတ်မှတ်ပေးခဲ့ပါသည်။

ထိုနေ့ကို နယ်ချဲ့အင်္ဂလိပ်အစိုးရအပေါ် အောင်ပွဲခံသောနေ့၊ အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ပြီး အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုအခါ ၂၀၂၃ ခုနှစ် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သို့ ရောက်ရှိလာပြီဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်မှာ "ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့"ဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များမှာ-

- တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။
- ဇလငါးတန်နှင့်ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသောလူငယ်များ ပြုစုပျိုးထောင်ရေး။
- စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေးတို့ဖြစ်သည်။

အမျိုးသားအောင်ပွဲနေ့သည် အတိတ်ခေတ်မြန်မာ့ဂုဏ်ရည်ကို ပြန်ပြောင်းသတိရဂုဏ်ယူကြရမည့် အမျိုးသားအောင်ပွဲနေ့ဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လိုသည့် အားသစ်အင်သစ်များတိုးပွားလာစေသည့်နေ့လည်းဖြစ်သည်။

တိုင်းရင်းသားတို့ဘဝမှာနိမ့်ကျလာပြီး ဘာသာသာသနာနှင့် ယဉ်ကျေးမှုတို့မှာ ညှိုးမှိန်လာခဲ့ရသည်။ လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာကျော်ကာလက မိမိတို့ဘိုးဘေးများ၏ခံစားချက်များကို မျက်မှောက်ခေတ်မျိုးဆက်သစ်တို့ သိမြင်ပြီးနားလည်ခံစားနိုင်ရန်လိုအပ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် အမျိုးသားအောင်ပွဲနေ့ကို အလေးအနက်ထားကြရမည်ဖြစ်သည်။ ပညာမတတ်လျှင်၊ ဇလငါးတန်နှင့်ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသူများရှားပါးလျှင်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင်မလုပ်ဆောင်နိုင်လျှင် မြန်မာနိုင်ငံသည် တိုးတက်လိမ့်မည်မဟုတ်ပေ။ သို့အတွက်ကြောင့် ယခုနှစ် အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များတွင် ထည့်သွင်းသတ်မှတ်ထားခြင်းဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ညီညွတ်သောစုပေါင်းအားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်လျက်ရှိရာတွင် ပြည်သူတစ်ရပ်လုံးက "ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းကြရန်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

- **ဝိုင်အမ်ဘီအေအသင်း၏ ၁၁၁ နှစ်မြောက် မဂ္ဂဇင်း**
- **နေ့စဉ်ထုတ်သတင်းစာများ**

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# SAC Chairman Prime Minister Senior General Min Aung Hlaing addresses opening ceremony of Myanmar Public Health Conference 2023



Senior General Min Aung Hlaing addresses opening ceremony of Myanmar Public Health Conference 2023.

**Nay Pyi Taw December 6**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the opening ceremony of Myanmar Public Health Conference 2023 at the Myanmar International Convention Centre-II in Nay Pyi Taw at 8 am today.

The ceremony was also attended by SAC Joint Secretary Lt-Gen Ye Win Oo, council members, Union ministers, the chairman of Union Civil Service Board, the chairman of Nay Pyi Taw Council, senior military officers from the office of the Commander-in-Chief, deputy ministers, departmental heads, diplomats from foreign embassies to Myanmar, resident representatives from UN agencies, those from non-governmental organizations, international and local public health experts, rectors and professors from medical universities, health staff and guests.

First, the Senior General cut the ribbon to open the conference's archway.

The second session of the conference followed at the Plenary Hall. Speaking on the occasion, the Senior General said that the conference aims to exchange experiences on public healthcare at home and abroad, further promote cooperation among public health organizations at home and abroad, increase quality public healthcare services with higher coverage for all in equal term, implement further process of public health which plays a key role in meeting the sustainable development goals and the Myanmar sustainable development plans, and to nurture those who will lead the future public health sector. It is a very vast arena. This conference will be participated by more than 1,800 local public health experts onsite together with 30 international experts on line.

The State Administration Council is encouraging enhancement of health standard of the people. In this regard, efforts are being made to implement the social objective "To elevate the health and sports sectors crucial for all the people, thus improving the nation's life expectancy and health in line with the policy "nothing is important than life of human" while encouraging improvement of the health sector for the people.


Senior General Min Aung Hlaing hears report at a booth.


Senior General Min Aung Hlaing visits a booth at the conference.

The conference is being held under the title of "Improving the longevity and health of the nation", so it will contribute a great deal to implementation of the aforesaid social objective.

Public health is being provided to the people for having health and fitness in various ways and means. On the other hand, people have to raise their health awareness to enjoy longevity and health in daily routine. Public health activities emphasize health standard promotion and prevention of diseases for the people. So, the society will have healthy and fit human resources with free from diseases. As such, everybody needs to emphasize prevention of diseases in line with the motto: prevention is better than cure. Raising the public health awareness plays a key role in measures for the higher life expectancy of the peopl with free from diseases

In Myanmar, as a special emphasis could be placed on public health sector, maternal death rate declined to 60 per cent in 2020, up from 1990 and the death rate of children under five, 53.2 per cent in 2021, up from 2000.

The infant mortality rate decreased by 42.1 percent in 2021 compared to the year 2000, and the outbreak of tuberculosis was reduced to 20 percent of the 2015 rate in 2020. It is known that Myanmar is the only country in Southeast Asia that has successfully achieved the End TB milestone. In addition, the outbreaks and mortality rates of HIV/AIDS and malaria have been significantly reduced. Then, the Senior General expressed his appreciation for the successes achieved in the public health sector and called for efforts to ensure equal access to quality healthcare at a low cost to everyone, including ethnic groups.

As basic health workers, they have to go to rural areas and work closely in public health activities as needed. The State has taken measures such as appointing more basic health workers, opening more rural health centers and branches, upgrading them into standardized ones, constructing staff quarters and purchasing and replenishing essential basic medicines and medical supplies.

In order for health workers to live comfortably where they are on duty, more staff housing projects are being implemented in various regions and states. Doctors holding post-graduate degrees and health workers, including nurses, are given monthly honorariums, and their benefits have also been increased, Similarly, risk allowance is also given monthly to employees who need health security.

The Stat has increased budgets year after year for public health activities such as vaccination and TB, procurement of HIV treatment drugs and medical equipment, maternal and child health, nutritional development, and purchases of medicines and medical equipment for non-communicable diseases such as hypertension, diabetes and heart disease.

Thanks to the cooperation of the entire people including health staff, related departments and public donors under the leadership of the government, the Covid-19 pandemic could be successfully controlled in a short period of time with minimal loss. The post-Covid-19 period also saw no outbreaks of other infectious diseases. After the cyclone Mocha in May 2023, speeding health care activities resulted in no infectious disease outbreaks. And these are milestones of the health sector.

The experiences, knowledge and new technologies that will be gained from the public health conference that is being held now will help achieve the goals related to the health sector for national development. Thus, by applying them, it is necessary to increase See Page 13

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses meeting held by Scrutiny Committee on Conferring Honorary Titles and Medals for 2024



Vice-Senior General Soe Win delivers speech at the meeting.



**Nay Pyi Taw December 6**

The Scrutiny Committee on Conferring the Honorary Titles and Medals for 2024 held a meeting at State Administration Council Chairman's Office here this afternoon, addressed by Patron of the committee SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win.

Also present were members of the committee union ministers, deputy ministers, senior military officers from Office of Commander-in-Chief, and officials.

The Vice-Senior General said the meeting would discuss the scrutinization of the work of conferring awards on members of the religious order and laypersons who made brilliant efforts in the interest of the Sasana in building a peaceful and modern country and Tatmadaw members and civilian servants including members of Myanmar Police Force for discharging duties to ensure peace and stability and enforce the rule of law with sacrificing spirit and self-less efforts.

The State will scrutinize the work of conferring awards and medals on the persons who made brilliant efforts with higher degree of perseverance in the multiple sectors to build the country, leaders, diplomats and persons of foreign countries for their endeavours to cement bilateral cooperation with Myanmar, persons who made sacrifices in safeguarding Our Three Main National Causes of the national policy, persons for their significant efforts in accord with political, economic and social objectives for ensuring community peace and tranquility and the rule of law and emergence of a modern and developed country, persons who successfully made international level creations in arts, science and other academic branches, and persons with excellent literary and fine arts knowledge in accord with the 2009 rules for awarding to honorary titles and medals.

As regards the religious titles, the scrutiny work will be carried out in accord with the relevant provisions of the notification 45/2015 dated 17 June 2015 of the Republic of Union of Myanmar. The relevant scrutiny teams had already done the initial scrutiny work that will be followed by thorough examination process.

In order to confer awards and medals on persons who played the leading role with excellent performance in the respective sectors in developing and modernizing the country, who strived to develop the country and human resources with their profession, directors generation and officials of the same level with three years and five years of service, scrutiny process will be carried out in accord with the additional conditions of the 2014 honorary title and medals scrutiny provisions.

In addition to conferring honorary medals and titles on outstanding monks, individuals, personnel of the Tatmadaw and the Myanmar Police Force and government employees who served the interests of the country significantly, scrutiny will be made at the meeting to provide financial assistance to government employees who were injured or killed while performing their duties in accordance with the guidance of the Chairman of the SAC Prime Minister.

The decisions to confer honorary medals and titles made at the preliminary meeting will be scrutinized again and the SAC will issue announcements to confer honorary medals and titles on 4 January, 2024 (Independence Day) with the approval of a union government meeting.

Concerning honorary titles, medals and religious titles awarded on 4 January (Independence Day) annually, participants are urged to discuss conferring them on all those who deserved to be honoured without leaving anyone including monks, individuals, personnel of the Tatmadaw and the MPF and government employees preliminarily scrutinized and proposed by the Ministry of Defence, the Ministry of Home Affairs and the Ministry of Religious Affairs and Culture and on those who posses capabilities that will be admired by one generation after another.

Then, chairman of the scrutinizing committee Union Minister for Home Affairs Lt-Gen Yar Pyae reported to the Vice-Senior General on meetings for preliminary scrutinizing tasks carried out by respective union level organizations, ministries, state and region governments, development committees.

Afterward, secretary of the scrutinizing committee Deputy Minister for Home Affairs Maj-Gen Toe Yi reported to the Vice-Senior General on scrutinizing tasks for conferring honorary titles and medals while Police Adjutant-General Pol Brig-Gen Win Tun reported to the Vice-Senior General on tasks carried out for conferring honorary medals and titles for bravery and performance in the MPF.

Then, union ministers, deputy ministers, senior military officers and officials reported to the Vice-Senior General on scrutinizing tasks for honorary medals and titles to outstanding individuals, honorary medals and titles for bravery and performance in the Tatmadaw and religious titles.

Then, the Vice-Senior General coordinated tasks reported and the meeting concluded with remarks by the Vice-Senior General.

100

---

**From Page 12**

innovation and public health activities. The Senior General then urged everyone to participate and work together to further improve the State's public health care standards so that all the people can live a long life without fear of disease and have a high life expectancy, he said.

After that, the video clip on successful public health care activities was shown when the employees of the Public Health department sang a song "Promote public health".

Then, the Senior General and those in attendance posed for a documentary photo.

After the opening ceremony, the Senior General and those in attendance took a tour of the booths of Reproductive Health, Maternal and Child Health Division, Elderly health Nutrition and School Health Division, Worksite and Health Information Branch, Department of Health Human Resources, Expanded Vaccination Branch, Division of Disease Control and Non-Communicable Diseases; Central Transmission, Natural Disasters and Public Health Emergencies Division, the Ministry of Natural Resources and Environmental Conservation, Ministry of Industry, the Ministry of Agriculture Livestock and Irrigation, the Ministry of Social Welfare, Relief and Resettlement, the Ministry of Home Affairs, International Non-Governmental Organizations, Region and State Public Health Departments, and Directorate Medical Services with interest. Then, the Senior General asked questions and made discussions after hearing reports by officials.

The conference will be held until December 7.

100

# Message sent by Chairman of State Administration Council of Republic of Union of Myanmar Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 103rd Anniversary of National Victory Day

**(10th Waning of Tazaungmone, 1385 ME)**

**Esteemed all the people and ethnic national brethren**

First of all, I extend greetings to all ethnic national people on the occasion of the 103rd Anniversary of National Victory Day, which falls on the 10th Waning of Tazaungmone, and wish all the national brethren born in the Union good health and physical well-being.

During the period when Myanmar was under the imperialists, the imperialists used the education system as a weapon to prolong the lives of slaves and oppressed the Myanmar people to have a low level of intelligence. The British government enacted the Rangoon University Act on October 24, 1920 and formed Rangoon University on December 1, 1920 by merging Rangoon College and Judson College. As the Act was a law that prevented most Myanmar people from learning university education and limited their ability to join the university to ensure a small number of educated persons, the then university students protested against it.

The 10th Waning of Tazaungmone, which is the date that students protested against the 1920 Rangoon University Act, was designated as "National Day" at the GCBA Special Conference held at Yangon Jubilee Hall on June 17 and 18, 1922. That day was also called "National Victory Day" because it was a day of revolutionary victory against the oppression of the British imperialist government. It has been 103 years since the National Victory Day celebrations born with such anti-imperialist, national education, university education and the history of struggle for independence have been held throughout the country every year.

The motto of the 103rd Anniversary National Victory Day in 2023 is "From Union Peace to Development of the Nation", and learning from the historical events, we have to make efforts to pass on the priceless legacy of peace to the younger generation. Therefore, the Nationwide Ceasefire Agreement (NCA), which is important for the perpetual peace of the Union, was signed, and it is open to all armed ethnic groups and they are always welcome to join it. Based on the results obtained from signing the NCA and continuous discussions, measures on building sustainable peace are being taken, and we must move forward to national development from union peace.

The Tatmadaw, who has served Myanmar's national politics continuously throughout the history and protected the country from whenever the country faced a crisis, has been protecting against all internal and external threats that may touch and disrupt Our Three Main National Causes: non-disintegration of the Union; non-disintegration of the national solidarity; and perpetuation of the national sovereign. In the current situation, the Tatmadaw protected against the situation of unfairly obtaining the State power in the election that will be dangerous for the State in a fraudulent way without being honest and correct, imposed a state of emergency period in accordance with the 2008 Constitution and is striving for ensuring peace and stability of the nation by laying down the roadmap, objectives and goals. This is the time to build a Union based on democracy and federalism with the collective and united force of all national ethnic people joining hands with the Government and the Tatmadaw.

A democratic governance system is interpreted that the majority chooses and the will of the majority is managed and implemented in accordance with the law, and federal means coexistence, compatibility, sharing and distribution of administrative responsibilities. In building a union based on democracy and federalism, all the leaders, implementers, and practitioners are to be complete with knowledge, skills, and ability to think. The Government is making efforts to implement a comprehensive education system that can produce human resources necessary to build a modern, developed nation.

Education is the foundation for development of the nation, and implementation of a comprehensive education system accessible to everyone is an important social objective. Myanmar Education Conference 2023 was held from May 18 to 20 in order to improve the country's future education, and plans were made and being implemented.

Measures are being taken giving priority to ensuring access to education for all school-aged children, being able to study until the completion of at least secondary level education (KG+9 )and learning vocational education and higher education. Basic education and mechanical, agricultural and livestock high schools, where those who have completed secondary level education could learn basic mechanical, agricultural and livestock education, have been opened in districts across the country. Human resources development, high education and unity of all ethnic brethren are a national matter that they must head toward and it is a national interest as well.

Young people are trained and nurtured at primary and higher education schools to be complete with the Five Nobel Strength: physical strength; mental strength; moral strength; social strength; and financial strength. They are also trained and nurtured to become good citizens highly capable of thinking critically about truth and falsehood and good and following and respecting the laws and regulations through having love of the country and patriotism. Only then will we be able to protect and safeguard the country in the future with a new generation of full strength and high performance.

Once the economic drive improves in a country, the country will also become stronger in its political and defense roles and will be able to become a modern and developed country. Micro, small and medium enterprises (MSMEs), which are important for the nation's economic development and will be profitable in a short time, must be encouraged and promoted. Therefore, the State is working on implementation of two national goals: prosperity of the nation and food security through giving special consideration and encouragement to MSMEs.

The strength of the union is a combined force of all regions and states within the country. That kind of force depends on the unity of all ethnic people born in the Union. Only if we can act in unity with national spirit avoiding ethnicity, regionalism, partisanship, sectarianism and personal attachment and based on magnanimity, forgiveness, equality and fairness, goodwill and wisdom, will the Union be peaceful, stable, modern and developed.

Thus, all the national ethnic brethren are urged to make efforts and work all together with a sense of national duty, national spirit, and unity of national spirited force in implementing the objectives of 103rd Anniversary of National Victory Day 2023 which are:

- to build a Union based on democratic and federal system through united strength of all national ethnic people
- to implement a comprehensive education system accessible to all
- to nurture youths endowed with five physical and mental strengths and a patriotic spirit; and
- to encourage MSMEs by emphasizing the economic drive.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister Chairman, State**
**Administration Council**


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Confessions of AA insurgent hardcore Maung Htun Kyaw Lin, U Oo Ba Htun,who were ordered to set Manaw Thiri Village ablaze by AA

Having been hit by Cyclone Mocha, the situation in Pauktaw and surrounding villages returned to normal thanks to united cooperation among local residents of the township, Tatmadaw personnel and departmental personnel. However, AAinsurgents recently initiated attacks in peaceful, stable and busy Pauktaw Township and with the aim of destabilizing the area, the insurgents deployed thair troops in Pauktaw and nearby villages, destroying and torching houses, departmental buildings and shops. Moreover, AA insurgents recruited hardcore members and ordered them to set villages abandoned by villagers ablaze and to spreadfalse propaganda that the Tatmadaw was destroying and tourching towns and villages. In relation to the destruction and torching of towns and villages by the AA insurgent group, the following is the confession of two detained AA hardcore Manaw Thiri villagers from Pauktaw.

Confession of Maung Htun Kyaw Lin,I'm Maung Htun Kyaw Lin from Manaw Thiri Village at Pauktaw Township. Last two weeks ago, the fighting was occured in Pauktaw. After that, there were AA (insurgent group) in and out of our village. So that, the villagers fled away because they were afraid of fightings in the village. The AA group asked me and U Oo Ba Htun to wait to report when the army came to the village. The AA group said that there were about 10 of them on the hill to the east of the village. It is said that there is also mine at the entrance of the village. If the army come to the village, they(AA insurgent group) were forced me to burn down the village to make it look like the army had burned down the village and run away. On the side of Pauktaw, they have also forced the villagers to burn the village and told them that the army had burned down the village. When the army arrived in the village, me and U Oo Ba Htun set the village on fire as ordered by the AA ( insurgent group). While me and U Oo Ba Htun were burning down the village, the army spotted and arrested both of us.



Maung Htun Kyaw Lin

Confession of U Oo Ba Htun,I am U Oo Ba Htun from Manaw Thiri Village, Pauktaw Township. It was fightings in Pauktaw about two weeks ago between the army and AA insurgent group. Then, AA came to the Manaw Thiri Village. The villagers fled because of fearing the fighting. When the army entering the village, Maung Htun Kyaw Lin and me to reoprt it and burning down the village. AA ordered us to misunderstand that the army had set it in fire. That day, the army came to the village. AA ordered us to burn down the villlage. The army arrested us while we were burning down.



U Oo Ba Htun

# Myanmar exports over 175,000 tonnes of rice and broken rice during November



Bags of rice being loaded onto a ship.

**Nay Pyi Taw December 6**

A total of 49 companies exported 175,990 tonnes of rice and broken rice during November of 2023-2024 FY, according to reports released by Myanmar Rice Federation (MRF) on December 5.

A total of 94,203 tonnes of rice and 81,787 tonnes of broken rice, totaling 175,990 tonnes, were exported.

Rice and broken rice were exported to 25 foreign customer market countries and 13 foreign customer market countries, totaling 38 foreign customer market countries.

Myanmar exported 42,225 tonnes of rice to Indonesia, 19,725 tonnes to the Philippines, 16,540 tonnes to China, 3,766 tonnes to Poland, and 2,270 tonnes to Malaysia. Myanmar also exported 27,776 tonnes of broken rice to China, 17,650 tonnes to Belgium, 8,000 tonnes to the Netherlands, 7,800 tonnes to Indonesia, and 7,678 tonnes to Vietnam.

Now, when applying for an export license, companies that are exporting rice must submit a bag of rice as reserve rice for every three tonnes of rice depending on the tonnage of rice to be exported. 336

# 25 dead after bus plunges off cliff in central Philippines

**Manila December 6**

At least 25 persons were killed on Tuesday when a passenger bus plunged off a cliff in Antique province in central Philippines, local media reported.

The bus, carrying 53 passengers, was traveling west from Iloilo City to San Jose de Buenavista in Antique province when it crashed into a concrete road barrier before plunging into a ravine shortly before 5 p.m. local time in Hamtic town.

The deaths include the bus driver and his collector, local news web ABS-CBN reported.

Quoting the Antique provincial government, Panay News, a regional newspaper, reported that two critically wounded passengers, including a male from Kenya, were taken to a hospital in Iloilo City for treatment.

Emergency workers are rescuing the survivors and retrieving the bodies of the people in the ravine. Xinhua

# Chinese, Belarusian presidents pledge to enhance ties

**Beijing December 6**


Chinese President Xi Jinping met with Belarusian President Alexander Lukashenko in Beijing on Monday.

Xi pointed out that he and Lukashenko reached important consensus on promoting the high-level development of China-Belarus relations during Lukashenko's state visit to China earlier this year. The two countries have strengthened political mutual trust and international coordination since then.

China always views its relations with Belarus from a strategic and long-term perspective, firmly supports Belarus in pursuing a development path suited to its national conditions, and opposes external interference in Belarus' internal affairs, Xi said.

"China is willing to continue to strengthen strategic coordination with Belarus, firmly support each other, promote practical cooperation and deepen bilateral relations," Xi said.

Xi stressed that more than 150 countries have signed Belt and Road Initiative cooperation documents a decade after he proposed the initiative, adding that he announced not long ago eight major steps China would take to support the joint pursuit of high-quality Belt and Road cooperation. "China welcomes Belarus to continue its active participation and gain more tangible development opportunities from it."Xinhua



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**နေပြည်တော် ဒီဇင်ဘာ ၇**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ချစ်ကြည်လေးစားအပ်ပါသော မိဘပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ကျရောက်သည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး မင်္ဂလာအပေါင်းခြောင်းပြီး ကာယသုခ စိတ္တသုခတို့နှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ နယ်ချဲ့လက်အောက် ကိုလိုနီဘဝကျရောက်ခဲ့ရသော ကာလတွင် နယ်ချဲ့တို့က ကျွန်သက်ရှည်စေရန် ပညာရေးစနစ်ကို လက်နက်တစ်ခုအဖြစ်အသုံးချပြီး မြန်မာတို့ကို အသိဉာဏ်ပညာနိမ့်ပါးအောင် ဖိနှိပ်လုပ်ဆောင်ခဲ့ကြပါသည်။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၂၄ ရက်တွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုကို ပေါင်းစည်းကာ ရန်ကုန်တက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ပါသည်။ ထိုအက်ဥပဒေသည် မြန်မာလူမျိုးအများစု တက္ကသိုလ်ပညာသင်ယူခွင့်မရစေဘဲ ပညာတတ်နည်းပါးစေရန် အကန့်အသတ်ဖြင့်သာ တက်ရောက်ခွင့်ရသောဥပဒေဖြစ်သဖြင့် တက္ကသိုလ်ကျောင်းသားများက ဆန့်ကျင်ဆန္ဒပြခဲ့ကြပါသည်။

၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပခဲ့သော ဂျီစီဘီအေအထူးကွန်ဖရင့်က ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို "အမျိုးသားနေ့"အဖြစ် စတင်သတ်မှတ်ခဲ့ကြပါသည်။ ထိုနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဖိနှိပ်မှုကို တော်လှန်အောင်ပွဲခံသောနေ့ဖြစ်သောကြောင့် "အမျိုးသားအောင်ပွဲနေ့"ဟုလည်း သတ်မှတ်ခေါ်ဆိုခဲ့ကြပါသည်။ ထိုကဲ့သို့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားပညာရေး၊ တက္ကသိုလ်ပညာရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတို့နှင့်ယှဉ်တွဲပေါ်ပေါက်လာသော အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် ၁၀၃ နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

၂၀၂၄ ခုနှစ် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်မှာ "ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့" ဖြစ်ပြီး တွေ့ကြုံခဲ့ရသော သမိုင်းဖြစ်ရပ်များအပေါ် သင်ခန်းစာယူကာ တန်ဖိုးမဖြတ်နိုင်သည့် ငြိမ်းချမ်းရေးအမွေအနှစ်ကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးအတွက် အရေးပါသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များအားလုံးပါဝင်လာနိုင်ရေး အမြဲတံခါးဖွင့်ကြိုဆိုလက်ကမ်းထားပါသည်။ **NCA ချုပ်ဆိုခြင်းနှင့် ဆက်လက်ဆွေးနွေးမှုများမှ ရရှိလာသည့်ရလဒ်များကို အခြေခံ၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ လျှောက်လှမ်းကြရမည်ဖြစ်**ပါသည်။

**မြန်မာနိုင်ငံ၏အမျိုးသားနိုင်ငံရေးကို သမိုင်းခေတ်ဆက်မပြတ်တာဝန်ထမ်းရွက်ခဲ့သောနိုင်ငံ့အရေးကြုံလာတိုင်း ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်လာမည့်ပြည်တွင်းပြည်ပရန်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျက်ရှိ**ပါသည်။လက်ရှိအခြေအနေတွင်လည်း နိုင်ငံတော်အတွက် အန္တရာယ်ရှိမည့်ရွေးကောက်ပွဲတွင် ရိုးသားမှန်ကန်မှုမရှိဘဲ မသမာသောနည်းဖြင့် နိုင်ငံတော်အာဏာကို မတရားရယူမည့်အခြေအနေကို ကာကွယ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်ကာလသတ်မှတ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်များ၊ဦးတည်ချက်များ၊ ရည်မှန်းချက်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားအားလုံး၏ ညီညွတ်သောစုပေါင်းအားဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရမည့်အချိန်ကာလဖြစ်ပါသည်။

> **လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကို ရှောင်ကြဉ်ကာ သဘောထားကြီးမှု၊ ခွင့်လွှတ်နိုင်မှု၊ ညီညွတ်မျှတမှု၊ စိတ်စေတနာကောင်းမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမှုတို့ကို အခြေခံ၍ အမျိုးသားရေးစိတ်ဓာတ်များဖြင့် စည်းလုံးညီညာစွာ ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုကြီးတည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...**

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုသည်မှာ အများစုက ရွေးချယ်ခြင်း၊ အများစု၏ဆန္ဒကို ဥပဒေနှင့်အညီ စီမံဖော်ဆောင်ခြင်းနှင့် ဖက်ဒရယ်ဆိုသည်မှာ ပေါင်းစည်းနေထိုင်ခြင်း၊ သဟဇာတဖြစ်ခြင်း၊ မျှဝေခံစားခြင်း၊ အုပ်ချုပ်မှုတာဝန်ခွဲဝေလုပ်ဆောင်ခြင်းဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ **ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဦးဆောင်သူ၊ အကောင်အထည်ဖော်ဆောင်ရွက်သူ၊ လိုက်နာကျင့်သုံးသူများအားလုံးသည် အသိပညာ၊ အတတ်ပညာများ၊ ခေါင်းဆောင်မှုစွမ်းရည်များပြည့်ဝကြရန် လိုအပ်**ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်သည့်ဘက်စုံပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်၍ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်အကောင်အထည်ဖော်ဆောင်ရေးသည် အရေးပါလှသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ပင်ဖြစ်ပါသည်။ နိုင်ငံတော်၏ အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို ၂၀၂၄ ခုနှစ် မေ ၁၈ ရက်မှ ၂၀ ရက်ထိ ကျင်းပခဲ့ပြီး ရှေ့လုပ်ငန်းအစီအမံများ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံးအလယ်တန်းအဆင့် (KG+9) ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာနှင့် အထက်တန်းပညာသင်ယူနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့်ပြီးမြောက်သူများအနေဖြင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာများ သင်ယူနိုင်သည့်အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများကို နိုင်ငံတစ်ဝန်းရှိ ခရိုင်များတွင် ဖွင့်လှစ်ပေးလျက်ရှိပါသည်။လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ပညာရည်မြင့်မားရေး၊တိုင်းရင်းသားညီအစ်ကိုအားလုံးစည်းလုံးညီညွတ်ရေးတို့သည် မိမိတို့ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေးအကျိုးစီးပွားပင်ဖြစ်ပါသည်။

ကာယဗလ၊ဉာဏဗလ၊စာရိတ္တဗလ၊မိတ္တဗလနှင့် ဘောဂဗလဟူသော ဗလငါးတန်ပြည့်စုံစေရေးအတွက် အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများတွင် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ ထို့ပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော၊ ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။ သို့မှသာ ဗလငါးတန်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များဖြင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတစ်ခုတွင် စီးပွားရေးမောင်းနှင်အား ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံရေးနှင့်ကာကွယ်ရေးအခန်းကဏ္ဍတို့တွင်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်မည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော၊ အချိန်တိုအတွင်း ထိရောက်အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ထို့ကြောင့် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အလေးထားအားပေးဆောင်ရွက်ပြီး အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဦးတည်ဖော်ဆောင်ပေးလျက်ရှိပါသည်။

ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး၊ပြည်နယ်များအားလုံးတို့၏ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် တည်မှီနေပါသည်။**လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကို ရှောင်ကြဉ်ကာ သဘောထားကြီးမှု၊ခွင့်လွှတ်နိုင်မှု၊ ညီညွတ်မျှတမှု၊ စိတ်စေတနာကောင်းမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမှုတို့ကို အခြေခံ၍ အမျိုးသားရေးစိတ်ဓာတ်များဖြင့် စည်းလုံးညီညာစွာ ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ပါသည်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ၂၀၂၄ ခုနှစ် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များဖြစ်သော-

- တိုင်းရင်းသားအားလုံး၏ညီညွတ်သောစုပေါင်းအားဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊
- လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်အကောင်အထည်ဖော်ရေး၊
- ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသောလူငယ်များ မြုစုပျိုးထောင်ရေး၊
- စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေးတို့ကို အမျိုးသားရေးတာဝန်၊ အမျိုးသားရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်သော အမျိုးသားရေးအားမာန်များဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၄**
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ၁၃-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၂၃)ဖြင့် သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၅။ ဤအမိန့်ကြော်ငြာစာအား လိုက်နာခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်။

**သန်းသန်းဆွေ**
**ဥက္ကဋ္ဌ**

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း




လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများကလှူဒါန်းသော ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။


**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တာဝန်ကိုကျေပွန်စွာထမ်းဆောင်နေကြတဲ့ ပြည်ချစ်တပ်မတော်သားအားလုံး ကျန်းမာပါစေ၊ ဘေးရန်အပေါင်းကင်းဝေးပါစေ၊ အမိမြေရဲ့ ရန်စွယ်ဟူသမျှ အမြစ်ပါမကျန်တွန်းလှန်ချေမှုန်းနိုင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။





စေတနာရှင်အလှူရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊တပ်ရင်း၊တပ်ဖွဲ့များ၌ စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး၊မွေးမြူရေးခြံမှ နေကြာ၊ ပန်းနှမ်း၊ ပဲစင်းငုံ၊ ရာသီသီးနှံနှင့် စင်တင်သီးနှံများ စိုက်ပျိုးထားရှိမှုနှင့် ဒေသကြက်၊ ဥစားကြက်၊ ဥစားကြက်ပေါက်၊ DYL ဝက်၊ ဘဲ၊ ဆိတ်၊ နို့စားနွား၊ တီလားပီးယားငါးနှင့် ငါးခူမွေးမြူထားရှိမှု၊ တိုင်းစစ်ဌာနချုပ် အစာစပ်စက်ရုံ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**☆ ကျောဖုံးမှအဆက်**

တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့်အစည်းအဝေးသည် ၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များချီးမြှင့်ခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်သည့်အစည်းအဝေးဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံတော်အတွက် ထူးကဲစွာဘာသာသာသနာ့အကျိုး ဆောင်ရွက်ခဲ့ကြသည့် သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတာဝန်များထမ်းဆောင်ရာတွင် မိမိကိုယ်ကျိုးကိုမငဲ့ကွက်ဘဲရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့်စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ကဏ္ဍပေါင်းစုံကမဆုတ်မနစ်သောဇွဲ၊လုံ့လ၊ဝီရိယကြီးမားစွာဖြင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားတိုင်းပြည်များမှခေါင်းဆောင်များ၊သံတမန်များနှင့်ပုဂ္ဂိုလ်များ၊အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက်နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာအားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊သိပ္ပံပညာ၊ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သောပုဂ္ဂိုလ်များ၊စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်နိုင်ရေးကို ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ စိစစ်သွားမည်ဖြစ်ကြောင်း။

အလားတူ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များနှင့် ပတ်သက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် (၄၅/၂၀၁၅) သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ယင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာစိစစ်ရေးအဖွဲ့များက ပဏာမစိစစ်ဆောင်ရွက်ပြီးဖြစ်သည်ဟုသိရှိရကြောင်း၊ ဆက်လက်၍လည်း အသေးစိတ်စိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက်ရှေ့ဆောင်ရှေ့ရွက်ပြုပြီးထူးချွန်စွာ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များ၊သက်ဆိုင်ရာပညာရပ်ဖြင့် နိုင်ငံတော်နှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြသည့် ပုဂ္ဂိုလ်များနှင့် ညွှန်ကြားရေးမှူးချုပ်လုပ်သက် သုံးနှစ်၊ ငါးနှစ်ပြည့်မီသော ညွှန်ကြားရေးမှူးချုပ်နှင့်အဆင့်တူ အရာရှိကြီးများအား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များချီးမြှင့်နိုင်ရေးကို ၂၀၁၄ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကိုဖြည့်စွက်ပြဋ္ဌာန်းချက်နှင့်အညီ စိစစ်သွားမည်ဖြစ်ကြောင်း။

**နိုင်ငံတော်ကို ထူးကဲစွာအကျိုးပြုသည့် ဂုဏ်ပြုချီးမြှင့်ထိုက်သူ သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်တံဆိပ်များ၊ ဘွဲ့တံဆိပ်များနှစ်တကျ ဓိစစ်ပြီးချီးမြှင့်မည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်းထိခိုက်၊ဒဏ်ရာရသေဆုံး၊ကျဆုံးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကိုလည်းထောက်ပံ့ငွေများ ပေးအပ်နိုင်ရေးအတွက်ကိုလည်း ယခုအစည်းအဝေးတွင် ထည့်သွင်းစိစစ်သွားမည်ဖြစ်**ကြောင်း။

ယနေ့အစည်းအဝေးတွင် ပဏာမစိစစ်ရေးအဖွဲ့အစည်းအဝေး၌ဆွေးနွေးဆုံးဖြတ်ခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ထပ်မံစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

နှစ်စဉ် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ချီးမြှင့်အပ်နှင်းလျက်ရှိသော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှပဏာမစိစစ်ပြီးတင်ပြလာသည့် ချီးမြှင့်သင့်ချီးမြှင့်ထိုက်သော သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်နိုင်ရေးနှင့်ရရှိသင့်ရရှိထိုက်သောပုဂ္ဂိုလ်များ မကျန်ရှိစေရေးတို့အတွက် ချီးမြှင့်အပ်နှင်းခံရမည့်ပုဂ္ဂိုလ်များ၏အရည်အချင်းမှာ သားစဉ်မြေးဆက်ဂုဏ်ယူဝံ့ကြွားနိုင်သော ထိုက်တန်သည့် စွမ်းဆောင်ရည်များကိုသာချီးမြှင့်ခြင်းမျိုးဖြစ်စေရေးပိုင်းဝန်းဆွေးနွေးပေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ဝန်ကြီးဌာန၊တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများဖြင့် ကြိုတင်စိစစ်ရေးအစည်းအဝေးများ၊ ပဏာမစိစစ်ရေးအဖွဲ့အစည်းအဝေးများ ကျင်းပဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိစစ်ရေးအဖွဲ့အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးစိစစ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့်စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများက ၂၀၂၃ခုနှစ် တစ်နှစ်တာအတွင်း သက်ဆိုင်ရာကဏ္ဍအလိုက်ထူးချွန်ပြောင်မြောက်စွာစွမ်းဆောင်နိုင်ခဲ့သည့်ပုဂ္ဂိုလ်များကိုဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းနိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်ချီးမြှင့်နိုင်ရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်းစိစစ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီးနိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များပိုမိုရောက်ရှိရေး အစိုးရ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူများအားလုံး ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၆**



အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ခရီးသွားလုပ်ငန်းကဏ္ဍသည် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများ၊ လေကြောင်းလိုင်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်လုပ်ငန်းများ၊ စားသောက်ဆိုင်နှင့် ဖျော်ဖြေရေးလုပ်ငန်းများ၊ အမှတ်တရပစ္စည်းရောင်းချသည့်လုပ်ငန်းများ စသည်ဖြင့် ကဏ္ဍစုံ၊ နယ်ပယ်စုံဖွဲ့စည်းထားသည့် စီးပွားရေးလုပ်ငန်း နယ်ပယ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို ကမ္ဘာ့အကြီးဆုံးနှင့် အဆက်မပြတ်အလျင်အမြန် ဖွံ့ဖြိုးနေသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ထားပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ပြီး ဆက်စပ်စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကို မှီခိုရပ်တည်နေရသည့် အများပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာထိခိုက်ဆုံးရှုံးစေခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုလျော့နည်းလာခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံအများစုသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုမောင်းနှင်အားကို အထောက်အကူပြုစေရန် ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစ၍ ပြည်တွင်းခရီးသွားလုပ်ငန်းများ စတင်တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်ကစပြီး နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်စတင်ပြေးဆွဲခွင့်ပြုခဲ့ကာ ကမ္ဘာလှည့် e-Visa ကို မေ ၂၀ ရက်တွင် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာ ခရီးသွားဧည့်သည် (၂ ဒသမ ၃) သိန်းကျော် ပြန်လည်ဝင်ရောက်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်ထက် ဧည့်သည်ဝင်ရောက်မှု ၄၃ ရာခိုင်နှုန်း တိုးတက်ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ ၁၀ လအတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု တစ်သန်းကျော် ဝင်ရောက်ခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၄၇၁ ရာခိုင်နှုန်း တိုးတက်ဝင်ရောက်ခဲ့ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးနေသည့်အတွက် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိရေး အစိုးရ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူများ အားလုံး ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်ကြရာတွင် လွယ်ကူအဆင်ပြေစေရန်နှင့် မလိုလားအပ်သည့်အဟန့်အတားများ၊ ကြန့်ကြာမှုများကို အတတ်နိုင်ဆုံး ဖြေလျှော့ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ဦးတည်ဈေးကွက်နိုင်ငံများနှင့် ချိတ်ဆက်ပြီး ဈေးကွက်ရှာဖွေမြှင့်တင်ရေးဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ် (Familiarization Trip – FAM Trip) များခေါ်ယူခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသည့် ထူးခြားသည့် ရာသီပွဲတော်များ ရှာဖွေဖော်ထုတ်မြှင့်တင်ခြင်း၊ ပြည်တွင်း၊ ပြည်ပမီဒီယာများဖြင့် ရိုက်ကူးလွှင့်တင်ခြင်း၊ Event Calendar များနှင့်ပတ်သက်သော Information များကို ခရီးသွားများသိရှိအောင် ကြော်ငြာခြင်း၊ ပြည်ပခရီးသွားများအတွက် သာမက ပြည်တွင်းရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်းခရီးသွားဧည့်သည်အများအပြား လည်ပတ်ရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးအပြင် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတို့အတွက် ယနေ့တက်ရောက်လာကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းများနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသည့် ခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့ ဖွံ့ဖြိုးစေရေး၊ ခရီးစဉ်ဒေသအသစ်များကို ဖော်ထုတ်မြှင့်တင်ကာ တစ်နှစ်ပတ်လုံး လည်ပတ်နိုင်သော ခရီးစဉ်ဒေသဖြစ်စေရေးနှင့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက်သည့်အခါတွင် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းဆက်စပ်အဖွဲ့အစည်းအားလုံးနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ(၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ၊ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ခြောက်ခုတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ၏ အစီအစဉ်ဖြင့် ပြည်တွင်း ဘုရားဖူးခရီးသွားဝန်ဆောင်မှုလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ (SOP)ကိုရေးဆွဲပြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများသို့ ပေးပို့ဆောင်ရွက်ခဲ့မှု၊ ကန့်သတ်နယ်မြေမဟုတ်သော ခရီးစဉ်ဒေသများတွင် ခရီးသည်များ သွားရောက်လည်ပတ်လျက်ရှိသော ခရီးစဉ်ဒေသများသတ်မှတ်နိုင်ရေးနှင့် ၎င်းခရီးစဉ်များတွင် ခရီးသည်များ လုံခြုံစိတ်ချမှုရှိပြီး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဒေသကိုအခြေခံသည့် လုံခြုံရေးဆောင်ရွက်ပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား ခြောက်မျိုးကို SOP ရေးဆွဲ၍ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ခွင့်ပြုနိုင်ရေး အခြေအနေတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များ၊ ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသုံးစွဲရန်လိုအပ်သောစက်သုံးဆီများ အလုံအလောက်ရှိကြောင်းနှင့် ကောလာဟလသတင်းများကြောင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူရန်မလိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

သီလဝါဆိပ်ကမ်းဒေသကြီးရှိ Denko Terminal၊ Max Terminal၊ MMTM Terminal၊ Brighter Energy Terminal၊ PSW Terminal၊ Regency SPC Termainal များအပြင် သာကေတမြို့နယ်ရှိ PT Power Terminal နှင့် လှိုင်သာယာမြို့နယ်ရှိ Denko Terminal များမှ စက်သုံးဆီများကို ဆီသယ်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီသယ်ယာဉ်(Bowser)များဖြင့် နေ့ညမရွေး အဆက်မပြတ် ဖြည့်တင်းသယ်ယူပို့ဆောင်ဖြန့်ဖြူးလျက်ရှိရာ ဒီဇင်ဘာ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၃၃၉၁ ဆိုင်သို့ ဆီသယ်ယာဉ်(Bowser) ၁၇၂၉ စီးဖြင့် 92 Ron ဂါလန် (ကိုးသိန်းခုနစ်သောင်းကျော်)၊ 95 Ron ဂါလန် (နှစ်သိန်းငါးသောင်းကျော်)၊ ဒီဇယ်ဆီဂါလန် (ခြောက်သိန်းငါးသောင်းကျော်)၊ ပရီမီယမ်ဒီဇယ်ဆီ(ရှစ်သိန်းသုံးသောင်းကျော်)ကို ပို့ဆောင်ဖြန့်ဖြူးနိုင်ခဲ့ပြီး ဒီဇင်ဘာ ၆ ရက်တွင်လည်း အဆိုပါ Terminal များမှ စက်သုံးဆီများကို ဆီတင်ယာဉ်များဖြင့် အဆက်မပြတ် ဖြည့်တင်းပို့ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် ပြည်ပမှ ဆီတင်သင်္ဘော ၁၀ စီးသည် ပင်လယ်ဝတွင်လည်းကောင်း၊ ဆီတင်သင်္ဘောသုံးစီးသည် သီလဝါဆိပ်ကမ်းဒေသရှိ Jetty များတွင်လည်းကောင်း အသင့်စောင့်ဆိုင်းလျက်ရှိပြီး သက်ဆိုင်ရာ Terminal များသို့ အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအခြေအနေတွင် အများပြည်သူများအနေဖြင့် ကောလာဟလသတင်းများကြောင့် စက်သုံးဆီပြတ်လပ်နိုင်သည်ဟုလည်းကောင်း၊ ကမ္ဘာ့ရေနံဈေးနှုန်းနှင့် စင်ကာပူ MOPS ဈေးနှုန်းအခြေအနေတို့အရ ပြည်တွင်းစက်သုံးဆီဈေးနှုန်း ပြောင်းလဲမည်ဟုလည်းကောင်း စိုးရိမ်ပူပန်မှုများဖြင့် ပုံမှန်ပြည်တွင်းသုံးစွဲမှုပမာဏထက် ပိုမိုများပြားစွာဝယ်ယူနေကြသဖြင့် စက်သုံးဆီအရောင်းဆိုင်များ၏ ဖြည့်တင်းပေးနိုင်မှုစွမ်းအားနှင့်အညီ ပုံမှန်သုံးစွဲမှုပမာဏအတိုင်း စဉ်ဆက်မပြတ် စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ကြောင်းနှင့် မိမိတို့လိုအပ်သည်ထက် ပိုမိုဝယ်ယူရန်မလိုအပ်ပါကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စကားလုံးတွေမှာ တောင်ပံပါတယ်...ယင်းတောင်ပံနှင့်ဘယ်သို့ပျံပျံ... မှန်ကန်ရေးကိုဦးတည်၊ ချစ်ရေးကြည်...စကားဆို ချိုပါစေသား...ချိုစေသား

ရိုးမြင့်ထက် (ဝါးကြီးအိုင့်)

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၃၀-၁၁-၂၀၂၃ ရက်နေ့ ညပိုင်းက ထုတ်ပြန်လိုက်သည့် "၂၀၂၂ ခုနှစ်အတွက် နိုင်ငံအလိုက်အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာ(Country Reports on Terrorism 2022)" မှာ အကြမ်းဖက်သောင်းကျန်းသူ၊ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူ(EAO)အဖြစ် သတ်မှတ်ထားသည့် PDF၊ CDF နဲ့ KNDF အဖွဲ့များရဲ့ အကြမ်းဖက်မှုများကို ထည့်သွင်းဖော်ပြခြင်းအပေါ် ကဗျာဆရာကြီး အိုလီယောရဲ့ "စကားလုံးတွေမှာ အတောင်ပံတွေပါသတဲ့၊ ဒီအတောင်ပံတွေက ဘာ့ကြောင့် ဘယ်လိုပေါက်လာရတာတဲ့လဲ" ဆိုသည့်အဆိုအား အနည်းငယ်ယူသုံးရလျှင် "စကားလုံးတွေမှာ တောင်ပံပါတယ်... ယင်းတောင်ပံနှင့်ဘယ်သို့ပျံပျံ...မှန်ကန်ရေးကိုဦးတည်၊ ချစ်ရေးကြည်...စကားဆို ချိုပါစေသား... ချိုစေသား" ဟု ဆိုချင်...**

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်(Republic of the Union of Myanmar)သည် အရှေ့တောင်အာရှရှိ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အနောက်နှင့် အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့နှင့်အရှေ့တောင်ဘက်တွင် လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်ပြီး တောင်ဘက်နှင့် အနောက်တောင်ဘက်တွင် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ တည်ရှိသည်။ ဒါသည် ကျွန်တော်တို့မြန်မာနိုင်ငံ၏အရှိတရားဖြစ်သည်။ ၎င်းအရှိတရားများကိုပင် ကျေးဇူးတင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် လူမှုဆက်ဆံရေးနယ်ပယ်များတွင် ပတ်ဝန်းကျင်ကောင်းရှိဖို့ လိုအပ်သကဲ့သို့ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းတွင်လည်း ဘေးပတ်လည် ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံကောင်းများရှိဖို့ လိုအပ်သောကြောင့်ဖြစ်သည်။

စင်စစ်အားဖြင့် စာရေးသူတို့မြန်မာနိုင်ငံသည်ကား အိမ်နီးချင်းကောင်းပီသသည့် နိုင်ငံများရှိသည့်အပြင် ပင်ကိုသဘာဝအလှတရားများဖြစ်သည့် ရေကန်များ၊ လိုဏ်ဂူများ၊ မြစ်များ၊ ကမ်းခြေများ၊ ကျွန်းစုများ၊ တောင်တန်းများ၊ သမိုင်းအမွေအနှစ်ယဉ်ကျေးမှုအနုသုခုမ လက်ရာမွန်များ၊ စေတီပုထိုးများအပြင် သဘာဝသယံဇာတတွင်းထွက်ပစ္စည်းများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယင်းအကြောင်းတရားများသည်ကပင် မြန်မာနိုင်ငံ၏ ထူးခြားသည့် ဂုဏ်ဒြပ်တစ်ခုဖြစ်သည်။ ယင်းကိုအခြေခံ၍ နိုင်ငံတကာက အားကျရသည့်၊ စိတ်ဝင်စားရသည့် နိုင်ငံတစ်နိုင်ငံအဖြစ်တည်ရှိပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအနေဖြင့် မိမိတို့နိုင်ငံအား မည်သည့်အကြောင်းအချက်အပေါ် အခြေခံ၍ ဆက်ဆံကြသည်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၁)၊ ပုဒ်မ (၄၁)တွင် ဖော်ပြထားသည်နှင့်အညီ ကျင့်သုံးလျက်ရှိပါသည်။ နိုင်ငံခြားရေးမူဝါဒသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှု၍ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းခြင်းဖြစ်ပါသည်။

မြန်မာ့နိုင်ငံခြားရေးမူဝါဒကို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်အပေါ် ရပ်တည်၍ တန်းတူရည်တူရှိမှု၊ ကမ္ဘာ့ရေးရာများတွင် ဘက်မလိုက်မှု၊ ချစ်ကြည်ရင်းနှီးစွာ မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံမှု၊ ကုလသမဂ္ဂအဖွဲ့ကြီးအား အားပေးထောက်ခံမှု၊ ပူးပေါင်းဆောင်ရွက်ရေးကို အကျိုးတူမှု၊ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိမည့် နှောင်ကြိုးမပါသော ပြင်ပအကူအညီထောက်ပံ့မှုများကို ရယူဆောင်ရွက်သွားရေး စသည့်အခြေခံမှုများနှင့်အညီ ကျင့်သုံးခြင်းပင်ဖြစ်ပါသည်။

နိုင်ငံခြားရေးမူဝါဒသည် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးစွမ်းအားများကို စီမံခန့်ခွဲ၍ နိုင်ငံအကျိုးကို ဖော်ဆောင်သည့် အမျိုးသားရေးမဟာဗျူဟာ၏တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ ယင်း၏အနှစ်သာရသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖော်ဆောင်ခြင်းဖြစ်ပါသည်။ အမျိုးသားလုံခြုံရေး၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တရားမျှတပြီး တည်ငြိမ်အေးချမ်းသည့် ကမ္ဘာ့ပတ်ဝန်းကျင်တိုးတက်ဖြစ်ထွန်းရေးကို ဦးတည်ထားရှိပါသည်။ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို အလေးထားမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားမှု စသည်တို့ကို တန်ဖိုးထားသည့် မူဝါဒဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒအပေါ် ရပ်တည်၍ နိုင်ငံတကာဆက်ဆံရေးကို နှစ်နိုင်ငံဆက်ဆံရေး (Bilateral relations )၊ ဒေသတွင်းနိုင်ငံများနှင့် ပေါင်းစပ်ရေး ( Regional integration) နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး (multilateralism)စသည့် နယ်ပယ်များတွင်ကျင့်သုံးလျက်ရှိပြီး မိတ်ဝတ်မပျက်သည့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးကို ထူထောင်လျက်ရှိပါသည်။ ယင်းတို့သည်ကား မိမိတို့မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာအပေါ် ထားရှိသည့် ဆက်ဆံရေးပင်ဖြစ်ပါသည်။

ယခုစာရေးသူအနေဖြင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်အခြေအနေ၊ ပကတိအလှတရားများနှင့် နိုင်ငံတကာအပေါ် ဆက်ဆံသည့် နိုင်ငံခြားရေးမူဝါဒတို့ကို စကားပလ္လင်ခံတင်ပြနေခြင်းမှာအကြောင်းရှိပါသည်။ မိမိတို့နိုင်ငံတကာအပေါ် ထားရှိသော မိတ်ဝတ်မပျက်သည့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးဆိုသကဲ့သို့ ယခုဆောင်းပါး၌ အဓိကတင်ပြလိုသည်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၃၀-၁၁-၂၀၂၃ ရက်နေ့ ညပိုင်းက ထုတ်ပြန်လိုက်သည့် **"၂၀၂၂ ခုနှစ်အတွက် နိုင်ငံအလိုက် အကြမ်းဖက်မှုဆိုင်ရာအစီရင်ခံစာ (Country Reports on Terrorism 2022) "** မှာ အကြမ်းဖက်သောင်းကျန်းသူ၊ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူ (EAO)အဖြစ် သတ်မှတ်ထားသည့် **PDF၊ CDF နဲ့ KNDF အဖွဲ့များရဲ့ အကြမ်းဖက်မှုတွေကို ထည့်သွင်းဖော်ပြခြင်း**သည် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲ မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသည့် လက်ရှိနိုင်ငံရေး အခင်းအကျင်း၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ မိမိတို့နိုင်ငံအပေါ် ပထမဆုံးပူးပေါင်းဆောင်ရွက်သည့်ဆက်ဆံရေးတစ်ခု၊ ၎င်းတို့သိထားသလောက်အရှိကို အရှိအတိုင်းဖော်ပြချက်တစ်ခုကို ဝမ်းမြောက်စွာကြိုဆိုမိပါသည်။

ကဗျာဆရာကြီး **အိုလီယော**က **"စကားလုံးတွေမှာ အတောင်ပံတွေပါသတဲ့၊ ဒီအတောင်ပံတွေက ဘာ့ကြောင့် ဘယ်လိုပေါက်လာရတာတဲ့လဲ"** ဟု ဆိုထားပါသည်။ အခုလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအနေနှင့် သူတို့ထုတ်ပြန်သည့် အစီရင်ခံစာပါ စကားလုံးအချို့မှ အတောင်ပံတွေပါလာပါပြီ၊ ဒီအတောင်ပံတွေ ဘာကြောင့် ဘယ်လိုပေါက်သည်ဖြစ်ပါစေ မြန်မာနိုင်ငံမှာ PDF အကြမ်းဖက်သမားများနှင့် တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအချို့၏ ရက်စက်စွာ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံး၊ ဆုံးရှုံး၊ ပျက်စီးမှုများကို ဖော်ပြပေးသည့်အတွက် ကျေးဇူးတင်မိပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အစီရင်ခံစာ **"၂၀၂၂ ခုနှစ်အတွက် နိုင်ငံအလိုက်အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာ (Country Reports on Terrorism 2022)"** မှ ကောက်နုတ်တင်ပြရလျှင်-

(က) ယင်းအစီရင်ခံစာအတွက် ကိုးကားထားသော "Annex of Statistical Information" ခေါင်းစဉ်ပါစာရင်းဇယားအချက်အလက်များတွင် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထူးခြားချက်အဖြစ် "၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များအနက် ၁၉၈ မှု (ဖြစ်စဉ်အားလုံး၏ ၅၀ ရာခိုင်နှုန်း)ကို အဓိကကျူးလွန်သူသည် PDF အကြမ်းဖက်အဖွဲ့ဖြစ်သည်" ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

(ခ) အဆိုပါကိုးကားထားသော Annex of Statistical Information တွင် "Geographic Trends of Terrorism" ခေါင်းစဉ်အောက်၌ နိုင်ငံအလိုက် စာရင်းဇယားအချက်အလက်များကိုဖော်ပြထားရာ "မြန်မာနိုင်ငံ" နှင့်စပ်လျဉ်း၍ ဖော်ပြပါရှိသည့် အဓိကအချက်များအားအောက်ပါအတိုင်း ကောက်နုတ်တင်ပြအပ်ပါသည်-

(၁) ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု ၃၉၁ မှု ရှိခဲ့ပြီး သေဆုံးသူ ၂၁၃၀ ဦးရှိကြောင်းနှင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အကြမ်းဖက်မှုဖြစ်စဉ်များတွင် ၁၀ ရာခိုင်နှုန်းနှင့် သေဆုံးမှုတွင် ၅၀ ရာခိုင်နှုန်းတိုးမြင့်လာခြင်းဖြစ်ပါသည်။

(၂) ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များအနက် ၁၉၈ မှု (ဖြစ်စဉ်အားလုံး၏ ၅၀ ရာခိုင်နှုန်း)၏ အဓိကကျူးလွန်သူသည် အကြမ်းဖက်အဖွဲ့ PDF ဖြစ်ကြောင်းနှင့် CDF အကြမ်းဖက်အဖွဲ့သည် အကြမ်းဖက်မှု ၂၉ မှု (၇ ရာခိုင်နှုန်း)၊ KNDF အကြမ်းဖက်အဖွဲ့သည် အကြမ်းဖက်မှု ၂၇ မှု (၇ ရာခိုင်နှုန်း) ကျူးလွန်ခဲ့ပြီး မည်သည့်အဖွဲ့ကကျူးလွန်ကြောင်း တိကျစွာ မသိရှိသည့် အကြမ်းဖက်မှု ၁၄ ရာခိုင်နှုန်း ရှိပါသည်။

(၃) မြန်မာနိုင်ငံ၌ အများဆုံးတွေ့ရှိရသည့် အကြမ်းဖက်မှုအမျိုးအစားများမှာ ပစ်ခတ်မှု ၃၈ ရာခိုင်နှုန်း၊ မြေမြှုပ်မိုင်းသို့မဟုတ် Improvised explosive device (IED) ၂၁ ရာခိုင်နှုန်းနှင့် ဗုံးခွဲမှု ၁၉ ရာခိုင်နှုန်းတို့ဖြစ်ပါသည်။

(၄) ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များ၏ ၅၈ ရာခိုင်နှုန်းသည် တပ်မတော်ကို အဓိကပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ကျူးလွန်သူများကို ပစ်မှတ်ထားတိုက်ခိုက်မှု ၁၅ ရာခိုင်နှုန်းနှင့် သာမန်ပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်မှု ၉ ရာခိုင်နှုန်းရှိပါသည်။

(၅) မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုအများဆုံးဖြစ်ပွားရာဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၀၇ မှု(၂၇ ရာခိုင်နှုန်း)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၂ မှု (၁၁ ရာခိုင်နှုန်း)နှင့် ကချင်ပြည်နယ်တွင် ၃၆ မှု (၉ ရာခိုင်နှုန်း)ရှိပါသည်ဟု ဖော်ပြပါရှိပါသည်။

အဆိုပါအစီရင်ခံစာပါဖော်ပြချက်များမှာ ၂၀၂၂ ခုနှစ်အတွင်း PDF အကြမ်းဖက်များနှင့် တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအချို့၏ အကြမ်းဖက်မှုအချို့သာ ပါဝင်ပေသည်။ စင်စစ်အားဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ၁-၂-၂၀၂၁ ရက်မှ ၃၀-၁၁-၂၀၂၃ ရက်အထိ အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှု၊ ဆူပူအကြမ်းဖက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှု၊ သေဆုံးမှုနှင့်ဒဏ်ရာရမှုများအား အလျဉ်းသင့်၍ ဖော်ပြလိုပါသည်။

PDF အကြမ်းဖက်များနှင့် တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအချို့၏ လုပ်ရပ်ကြောင့် စက်ရုံ/အလုပ်ရုံများ ပျက်စီးဆုံးရှုံးမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၆ မြို့နယ်တွင် ၃၃ ရုံ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၉၀ မြို့နယ်တွင် ၈၆၈ ခု၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၆၉ မြို့နယ်တွင် ၆၈၅ ခု၊ ဌာနဆိုင်ရာရုံးများ ပျက်စီးဆုံးရှုံးမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၂၁ မြို့နယ်တွင် ၁၁၀၈ ရုံး၊ နိုင်ငံပိုင်ဘဏ်များ မီးရှို့/ဖောက်ခွဲဖျက်ဆီးခံရမှုအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ် ၄၆ မြို့နယ် တွင် ၅၅ ခု၊ ပုဂ္ဂလိကပိုင်ဘဏ်များ မီးရှို့/ဖောက်ခွဲဖျက်ဆီးခံရမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၄၇ မြို့နယ်တွင် ၈၃ ခု၊ လမ်း/တံတားများ ဖျက်ဆီးခံရမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၁၀ မြို့နယ်တွင် ၁၂၇၅ ခု၊ ဈေးများ မီးရှို့/ဖောက်ခွဲဖျက်ဆီးခံရမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်

**စာမျက်နှာ ၂၃ သို့**

HUMAN RIGHTS 75

(၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့

လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် အားလုံးအတွက် တရားမျှတမှု

DIGNITY, FREEDOM, AND JUSTICE FOR ALL

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့

“ အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့

UNCAC AT 20 : UNITING THE WORLD AGAINST CORRUPTION”

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

**စာမျက်နှာ ၂၂ မှအဆက်**

အသီးသီးရှိ မြို့နယ် ၂၆ မြို့နယ်တွင် ၃၀ ခု၊ ဆေးရုံ/ဆေးခန်းများပျက်စီးမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၃၇ မြို့နယ်တွင် ၅၄ ခု၊ စာသင်ကျောင်းနှင့်ပညာရေးအဆောက်အအုံပျက်စီးမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၀၇ မြို့နယ်တွင် ၇၃၃ လုံး၊ တယ်လီဖုန်းတာဝါတိုင်များပျက်စီးမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၇၃ မြို့နယ်တွင် ၆၅၁ တိုင်ပျက်စီးဆုံးရှုံးခဲ့ရပြီး လူနေအိမ်များပျက်စီးမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၈၇ မြို့နယ်တွင် ၈၆၇ ကြိမ်ဖြစ်ပေါ်ခဲ့တာကို တွေ့ရှိရပါသည်။

ဒါ့အပြင် အစိုးရဝန်ထမ်းများသေဆုံး/ဒဏ်ရာရရှိမှု (ပညာရေး/ကျန်းမာရေးဝန်ထမ်းမပါ)အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၈၆ မြို့နယ်တွင် ၁၈၀ ဦး (ကျား ၁၆၁ ဦး၊ မ ၁၉ ဦး) သေဆုံးခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၂၀ မြို့နယ်တွင် ၃၉၅ ဦး(ကျား ၂၈၅ ဦး၊ မ ၁၁၀ ဦး) ဒဏ်ရာရရှိခဲ့ပါသည်။ ပညာရေးဝန်ထမ်းများသေဆုံး/ဒဏ်ရာရရှိမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၅၀ မြို့နယ်တွင် ၈၇ ဦး (ကျား ၄၁ ဦး၊ မ ၄၆ ဦး)သေဆုံးခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၅၇ မြို့နယ်တွင် ၉၅ ဦး (ကျား ၃၂ ဦး ၊ မ ၆၃ ဦး)ဒဏ်ရာရရှိခဲ့ပါသည်။ ကျန်းမာရေးဝန်ထမ်းများ သေဆုံး/ဒဏ်ရာရရှိမှုစာရင်းမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၅ မြို့နယ်တွင် ၂၀ ဦး(ကျား ၁၀ ဦး၊ မ ၁၀ ဦး)သေဆုံးခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၅ မြို့နယ်တွင် ၂၈ ဦး (ကျား ၁၁ ဦး၊ မ ၁၇ ဦး) ဒဏ်ရာရရှိခဲ့ပါသည်။

အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ သေဆုံး/ဒဏ်ရာရရှိမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ် ၁၇၇ မြို့နယ်တွင် ၉၁၁ ဦး(ကျား ၈၉၉ ဦး၊ မ ၁၂ ဦး) သေဆုံးခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၄၆ မြို့နယ်တွင် ၄၅၂ ဦး(ကျား ၄၄၉ ဦး၊ မ ၃ ဦး) ဒဏ်ရာရရှိခဲ့ပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံအနေဖြင့် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနနှင့်ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုခဲ့ပါသည်။ ၎င်းကဲ့သို့အသိအမှတ်ပြုထားသည့်နိုင်ငံတွင် ရဟန်း၊ သံဃာများသေဆုံးမှု/ဒဏ်ရာရရှိမှုဆိုသည့် အချက်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။ စာရေးသူအနေဖြင့် ဘယ်သို့သောနှလုံးသားဖြင့် တင်ပြရမည်နည်း။ သို့သော် နိုင်ငံအတွင်းရှိ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ဘာသာသာသနာကို ဝိုင်းဝန်းထိန်းသိမ်းနိုင်ရန်အလို့ငှာ အရှိကိုအရှိအတိုင်းတင်ပြပါမည်။ ရဟန်း၊ သံဃာများသေဆုံးမှု/ဒဏ်ရာရရှိမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၅၃ မြို့နယ်တွင် ရဟန်း/သံဃာ ၉၁ ပါး၊ သီလရှင် ၁ ပါးသေဆုံးခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ် ၄၁ မြို့နယ်တွင် ရဟန်း/သံဃာ ၇၀ ပါး၊ သီလရှင် ၃ ပါး ဒဏ်ရာရရှိခဲ့ပါသည်။ ဒီနေရာမှာ စာရေးသူအနေဖြင့် လေးလေးနက်နက်တောင်းဆိုလိုသည်မှာ နိုင်ငံသားတိုင်းက နိုင်ငံတော်မှခွင့်ပြုထားသည့် မိမိကိုးကွယ်ရာဘာသာအလိုက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးကြဖို့ မေတ္တာရပ်ခံအပ်ပါသည်။

ဆက်လက်ပြီး ကလေးသူငယ်သေဆုံး/ဒဏ်ရာရရှိမှုအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၈၈ မြို့နယ်တွင် ကလေးသူငယ် ၂၄၂ ဦး (ကျား ၁၅၄ ဦး၊ မ ၈၈ ဦး)၊ သေဆုံးခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၅၂ မြို့နယ်တွင် ၇၄၂ ဦး (ကျား ၄၅၀ ဦး၊ မ ၂၉၂ ဦး)ဒဏ်ရာရရှိခဲ့ပါသည်။ ဒါတွေက ဝမ်းနည်းစရာတွေပါ။ သေဆုံးမှုနှင့်ဒဏ်ရာရရှိမှုကို စာရင်းချုပ်မယ်ဆိုရင် စုစုပေါင်းသေဆုံး ၆၉၃၄ ဦး (ကျား ၅၇၀၃ ဦး၊ မ ၁၂၃၁ ဦး)ရှိခဲ့ပြီး စုစုပေါင်းဒဏ်ရာရ ၇၂၂၈ ဦး (ကျား ၅၀၇၈ ဦး၊ မ ၂၁၅၀ ဦး)ရှိခဲ့တာကို မှတ်သားတွေ့ရှိရပါသည်။

အထက်ပါဖော်ပြချက်များသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် နိုင်ငံနှင့်လူမျိုးအတွက် ကြီးမားသော ဆုံးရှုံးမှုများပင်ဖြစ်ပါသည်။ ဘယ်လိုစိတ်မျိုးကြောင့် ဒီလောက်ရက်စက်ပါသနည်း။ လုပ်ရက်ကြပါသနည်း။ မေးစရာမေးခွန်းပေါင်း မြောက်မြားစွာရှိပါသည်။ သို့သော် မမေးလိုတော့ပါ။ အဓိကအကြောင်းရင်းမှာ အသိပညာနှင့် အတွေးအခေါ်ကြောင့်သာဖြစ်ပါမည်။ သင့်တင့်သောပညာမရှိလျှင် မှန်ကန်စွာတွေးခေါ်နိုင်လိမ့်မည်မဟုတ်ပေ။ အတွေးအခေါ်ကောင်းမှ လုပ်ရပ်ကောင်းမည်ဖြစ်သည်။ ယခုလုပ်ရပ်မကောင်းခြင်းမှာ အတွေးအခေါ် အယူအဆ ညံ့ဖျင်းမှုကြောင့်ဟုဆိုချင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မည်သည့်စိတ်ဓာတ်မျိုးနှင့်လုပ်လုပ် အကြမ်းဖက်သာဖြစ်သည်။

အကြမ်းဖက်သမားဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ဥပဒေနှင့်မညီဘဲ တစ်နည်းနည်းဖြင့် ကျူးလွန်သူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်သူကိုလည်းကောင်း၊ အကြမ်းဖက်မှုတွင်ကြံရာပါအဖြစ် ပါဝင်သူ သို့မဟုတ် အကြမ်းဖက်မှုကျူးလွန်ရန် အခြားသူများအား ညွှန်ကြားသူ သို့မဟုတ် စည်းရုံးသိမ်းသွင်းသူကိုသော်လည်းကောင်း၊ အကြမ်းဖက်မှုကျူးလွန်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပါဝင်ထောက်ပံ့သူကိုသော်လည်းကောင်းဆိုသည်ဟု ဖော်ပြထားပါသည်။[အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)။ ပုဒ်မခွဲငယ် (၁၀)၊ ပုဒ်မခွဲငယ် (၁၈) (ပ)]

အကြမ်းဖက်အုပ်စုဆိုသည်မှာ အကြမ်းဖက်မှုကိုကျူးလွန်ရန် အချိန်ကာလတစ်ခုယူ၍ ဖွဲ့စည်းထားသည့် လူနှစ်ဦးနှင့်အထက်ပါဝင်သောအသင်းအဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရလည်းကောင်း၊ ဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့်လည်းကောင်း ကြေညာထားသည့် အကြမ်းဖက်အုပ်စုလည်း ပါဝင်သည်ဟု ဖော်ပြထားပါသည်။ [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၈) (ဖ)]

ဥပဒေဆိုင်ရာနိတိတစ်ခုတွင် Ignorance of fact excuses; ignorance of law does not excuse” ဟု ရှိပါသည်။ ဤဥပဒေနိတိကို ဥပဒေပညာရှင်ဦးမြင့်ဝင်း (ရွှေဘို)က **“အကြောင်းခြင်းရာအချက်အလက်ကို မသိနားမလည်မှုသည် ခွင့်လွှတ်ရာဖြစ်သည်။ ဥပဒေကို မသိနားမလည်မှုကိုမူ ခွင့်လွှတ်ရာမဟုတ်”** ဟု မြန်မာဘာသာဖြင့် ပြန်ဆိုထားသည်။ မြန်မာနိုင်ငံ၏ တည်ဆဲရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၇၆၊ ပုဒ်မ ၇၉ တို့တွင် ဤအချက်များကိုပင် ပြဋ္ဌာန်းထားပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၄) တွင်ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက အနည်းဆုံးထောင်ဒဏ် (၁) နှစ် သို့မဟုတ် (၃)နှစ် သို့မဟုတ် (၅) နှစ် သို့မဟုတ် (၇) နှစ် သို့မဟုတ် (၁၀) နှစ်နှင့် ငွေဒဏ်များကိုလည်း ချမှတ်ခြင်းခံရမည့်အပြင် အများဆုံးထောင်ဒဏ်တစ်သက်သို့မဟုတ် သေဒဏ်ဖြစ်စေချမှတ်ခြင်းခံရနိုင်သည်ကိုလည်း ဖတ်ရှုမှတ်သားဖူးပါသည်။

အချုပ်အားဖြင့်ဆိုရသော် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၃၀-၁၁-၂၀၂၃ ရက်နေ့ ညပိုင်းက ထုတ်ပြန်လိုက်သည့် **“၂၀၂၂ ခုနှစ်အတွက် နိုင်ငံအလိုက် အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာ (Country Reports on Terrorism 2022)”** မှာ အကြမ်းဖက်သောင်းကျန်းသူ၊ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူ (EAO) အဖြစ်သတ်မှတ်ထားသည့် **PDF၊ CDF နဲ့ KNDF အဖွဲ့များရဲ့ အကြမ်းဖက်မှုများကို ထည့်သွင်းဖော်ပြခြင်း**အပေါ် ကဗျာဆရာကြီး **ဒီလီယောရဲ့ “စကားလုံးတွေမှာအတောင်ပံတွေပါသတဲ့၊ ဒီအတောင်ပံတွေက ဘာ့ကြောင့် ဘယ်လိုပေါက်လာရတာတဲ့လဲ”** ဆိုသည့်အဆိုအား အနည်းငယ်ယူသုံးရလျှင် **“စကားလုံးတွေမှာ တောင်ပံပါတယ်. . . ယင်းတောင်ပံနှင့်ဘယ်သို့ပံ့ပို့. . . မှန်ကန်ရေးကို ဦးတည်၊ ချစ်ရေးကြည်စကားဆို ချိုပါစေသား . . . ချိုစေသား”** ဟု ဆိုချင်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား မိဘပြည်သူအချို့အနေဖြင့်လည်း အကြမ်းဖက်မှုမှာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့၏ သား၊ သမီး၊ ဆွေမျိုးသားချင်းများသော်လည်းကောင်း ပါဝင်ပတ်သက်မှုမရှိစေရေး ရှောင်ကြဉ်နိုင်ရန်အလို့ငှာ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုနှင့် အကြမ်းဖက်မှုဆိုင်ရာ ဥပဒေအကြောင်းအရာများကို ထည့်သွင်းရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး၊ ပြည်နယ် မြို့တော်များ၏ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၇၀ | ၂၅၄၅ | ၂၆၄၅ | ၂၆၆၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၆၀၀ | ၂၆၀၀ | ၂၈၃၀ | ၂၉၅၀ |
| 95 Ron | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၆၉၅ | ၂၆၇၅ | ၂၇၇၀ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၂၅ | ၂၇၃၀ | ၂၉၆၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၀၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၄ | ၂၄၇၅ |
| 95 Ron | ၂၅၁၈ | ၂၆၀၂ |
| HSD (500 ppm) | ၂၁၀၂ | ၂၁၇၃ |
| HSD (50 ppm) | ၂၁၉၃ | ၂၂၆၇ |
| HSD (10 ppm) | ၂၁၉၆ | ၂၂၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာနိုင်ငံတွင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံမှုရှိစေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများကို တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့နိုင်ငံအနေနဲ့ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေး၊ လုံခြုံမှုရှိစေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ ဒီနေ့မှာတော့ နယ်စပ်ဒေသမှာတရားမဝင် ဝင်ရောက်နေထိုင်တဲ့ အမျိုးသား ၆၈ ဦး၊ အမျိုးသမီး ကိုးဦးစုစုပေါင်း ၇၇ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။စုစုပေါင်း ဦးရေ ၁၁၂၆၀ ဖြစ်ပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် နှစ်နိုင်ငံဆက်လက်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားချင်ပါတယ်။

ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ လောက်ကိုင်ရဲ့ တောင်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတတာရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ ခမ်းပါတ်၊ ခမ်းပါတ်ကတော့ ယခင်ကလည်း သတင်းထုတ်ပြန်ခဲ့တဲ့အထဲမှာပါပါတယ်။ အဲဒီမှာရှိနေတဲ့ အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ ခမ်းပါတ်မြို့ကို ထိန်းချုပ်နိုင်ပြီဆိုတဲ့ဟာမျိုးပြောခဲ့တာရှိပါတယ်။ ခမ်းပါတ်မှာတော့ တပ်မတော်အနေနဲ့ လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီမှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ ရန်သူ့ဘက်က အလောင်းလက်နက်ရရှိမှုများရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ နွံဘူးမှာထိတွေ့တိုက်ပွဲအနည်းငယ်ရှိပါတယ်။ တပ်မတော်နဲ့ နိုင်ငံတော်အစိုးရအနေနဲ့ အကြမ်းဖက်သောင်းကျန်းသူများ ဆောင်ရွက်နေတဲ့ အကြမ်းဖက်လုပ်ရပ်များကို အမြန်ဆုံးရပ်တန့်စေရေး၊ အကြမ်းဖက်လုပ်ရပ်များနဲ့ပတ်သက်ပြီး အမြန်ဆုံးချုပ်ငြိမ်းစေရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

မနေ့က ဗဟိုဘဏ်ကထုတ်ပြန်လိုက်တဲ့ နိုင်ငံခြားငွေ၊ သုံးငွေရောင်းဝယ်ဖောက်ကားတဲ့ လုပ်ငန်း AD လိုင်စင်ရဘဏ်များမှာ အရောင်းအဝယ်ပြုလုပ်ရာမှာ ငွေလဲလှယ်နှုန်းကို ယခင်ကလို ဗဟိုဘဏ်ကသတ်မှတ်မှာမဟုတ်ဘဲနဲ့ ဈေးကွက်အတွင်းမှာ နိုင်ငံခြားငွေရောင်းချလိုသူနဲ့ဝယ်ယူလိုသူတွေရဲ့ငွေလဲလှယ်နှုန်းအပေါ် မူတည်ပြီး Market Rate အတိုင်း ဆောင်ရွက်မယ်ဆိုတဲ့ ထုတ်ပြန်ကြေညာချက်ရှိပါတယ်။ ဒီထုတ်ပြန်ကြေညာချက်နဲ့ပတ်သက်ပြီးပဲဖြစ်ဖြစ်၊ဆီကိစ္စတွေနဲ့ပတ်သက်ပြီးပဲဖြစ်ဖြစ်




မီဒီယာများက မေးမြန်းလာတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ယခင်တုန်းကလည်း ဖြေလျှော့တဲ့အချိန်တိုင်း အချိန်တိုင်းမှာ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ အခုအချိန်မှာဖြေလျှော့မှုက နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းက ပြောကြားခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၊ ပြီးရင် Cabinet နိုင်ငံတော်အစိုးရရဲ့အစည်းအဝေးတွေမှာပြောကြားခဲ့ပြီးဖြစ်ပါတယ်။ Export သမားတွေနဲ့ ပတ်သက်တဲ့ဟာတွေ၊ နိုင်ငံတော်ရဲ့ထုတ်ကုန်တိုးမြှင့်ရေးနဲ့ ပတ်သက်တဲ့ဟာတွေပြောကြားခဲ့ပြီးဖြစ်တယ်။ Export သမားတွေနဲ့ပတ်သက်ပြီး သူတို့ရဲ့ကြိုးစားမှု၊ သူတို့ရဲ့လုပ်ဆောင်ပေးမှုအပေါ် မူတည်ပြီး ကျွန်တော်တို့အနေနဲ့ အကျိုးခံစားခွင့်ရရှိအောင် လုပ်ဆောင်တယ်ဆိုတာမျိုးပြောကြားခဲ့တာရှိပါတယ်။ ဒီနေ့မှာလည်း ပို့ကုန်တင်ပို့သူများရဲ့ပို့ကုန်တင်ပို့ခြင်းမှရရှိတဲ့ ပို့ကုန်ရငွေရဲ့ယခင်တုန်းကစစချင်းမှာတော့ ၃၅/၆၅ရာခိုင်နှုန်းပေါ့။ ပြီးတော့ ၅၀/၅၀ ရာခိုင်နှုန်းသတ်မှတ်လိုက်တယ်။ ဒီနေ့မှာတော့ ပို့ကုန်တင်ပို့ခြင်းမှရရှိတဲ့ ပို့ကုန်ရငွေပမာဏရဲ့ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ညွှန်ကြားထားတဲ့အတိုင်း မြန်မာကျပ်ငွေနဲ့ လဲလှယ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါဟာလွန်ခဲ့တဲ့ ရက်ပိုင်းကတည်းကတိုင် နိုင်ငံတော်ဝန်ကြီးချုပ်ပြောခဲ့တဲ့အတိုင်း ထပ်မံပြီးဖြေလျှော့ပေးတာဖြစ်ပါတယ်။ အဲဒီမှာဖြေလျှော့မှုနှစ်ခုလုပ်ခဲ့ပါတယ်။ ဖြေလျှော့မှုနှစ်ခုကတော့ မနေ့ကထုတ်ပြန်ခဲ့တဲ့ AD လိုင်စင်ရဘဏ်များရဲ့ နိုင်ငံခြားငွေနဲ့ပတ်သက်ပြီးတော့ ရောင်းလိုသူ၊ ဝယ်လိုသူတွေရဲ့ တင်သွင်းတဲ့ ငွေလဲလှယ်နှုန်းပေါ်မှာမူတည်ပြီး လွတ်လပ်စွာဆောင်ရွက်နိုင်ဖို့ ထုတ်ပြန်ခဲ့တယ်။ ဒီနေ့မှာတော့ ပို့ကုန်တင်ပို့သူများအတွက် ပို့ကုန်ရငွေရဲ့ပမာဏ ယခင်တုန်းက ၅၀ ရာခိုင်နှုန်းကို နိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ညွှန်ကြားတဲ့ မြန်မာကျပ်ငွေနဲ့လဲရပြီး အခု ၃၅ ရာခိုင်နှုန်းသာလဲရမှာဖြစ်ပါတယ်။ကျန်တဲ့ရာခိုင်နှုန်းကိုလွတ်လပ်စွာဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မီဒီယာကလည်းမေးပါတယ်။ ဒါတွေဟာဘာကြောင့်လုပ်တာလဲ။နံပါတ်တစ်က လုပ်ရတဲ့အကြောင်းကတော့ ဖြေလျှော့ခြင်းဖြစ်ပါတယ်။ နံပါတ်နှစ်ကတော့ ကျွန်တော်တို့နိုင်ငံမှာဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကုန်ထုတ်လုပ်မှုကို နံပါတ်တစ် အားပေးရမယ်။ နံပါတ်နှစ်က ပို့ကုန်ပမာဏပိုပြီးမြင့်တက်လာရမယ်။ ပို့ကုန်ပမာဏပိုပြီးမြင့်တက်လာဖို့ပြီးရင် ထုတ်ကုန်ပစ္စည်းများ ပို့ကုန်တင်ပို့နိုင်ဖို့အတွက် နိုင်ငံအတွင်းမှာရှိတဲ့ ထုတ်ကုန်ပစ္စည်းများကို မြှင့်တင်နိုင်ဖို့အတွက် ရည်ရွယ်ပြီးဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ဒီလိုဆောင်ရွက်တဲ့ အခြေအနေမှာတော့ ဘယ်နေရာတွေမှာ အကျိုးသက်ရောက်သလဲဆိုရင် Import ကိစ္စတွေမှာအကျိုးသက်ရောက်မှုအနည်းငယ်ရှိပါလိမ့်မယ်။ အထင်ရှားဆုံးပြောရလျှင် စက်သုံးဆီကဏ္ဍမှာ အကျိုးသက်ရောက်မှုရှိပါလိမ့်မယ်။ ဒီအကျိုးသက်ရောက်မှုဟာ ခဏတာပဲဖြစ်ပါလိမ့်မယ်။ စက်သုံးဆီနဲ့ ပတ်သက်ပြီး စက်သုံးဆီတင်သွင်းရမယ့်လိုအပ်တဲ့ပမာဏ ကျွန်တော်တို့နိုင်ငံမှာတင်သွင်းဖို့အတွက် အသင့်ရှိပါတယ်။ တင်သွင်းဖို့အတွက် ရောက်ရှိနေတဲ့ သင်္ဘောများလည်းရှိပြီးဖြစ်ပါတယ်။ သို့သော် ဒီမူဝါဒအပြောင်းအလဲကို ဆောင်ရွက်တဲ့အချိန်မှာတော့ ခုနကပြောတဲ့ Export ပို့တဲ့လူတွေကနေ ပြန်ဝင်လာမယ့်ငွေတွေ၊ ပြီးရင် ပြည်ပထွက်တဲ့အလုပ်သမားတွေဆီက ပြန်ဝင်လာမယ့်ငွေတွေ၊ တရားမဝင် ဟွန်ဒီလုပ်ငန်းတွေဆောင်ရွက်ထားတဲ့ငွေများသည် incentiveရှိတဲ့အတွက်ကြောင့် အကျိုးခံစားခွင့်ရှိတဲ့အတွက် ပိုမိုဝင်ရောက်လာမှာဖြစ်ပါတယ်။ ပိုမိုဝင်ရောက်လာတာနဲ့အမျှ ဈေးကွက်လည်း သူ့အလိုလိုထိန်းညှိပြီးဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ သတင်းကောင်းပါးလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်းဒီဇင်ဘာ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်“Zwe Arkar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်နေ ငွေ့အာကာ(ခ)သားချိုကို နံနက် ၁၀ နာရီ ၄၅မိနစ်တွင်လည်းကောင်း၊“San Thidar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၅) ရပ်ကွက်နေ စန်းသီတာကို မွန်းလွဲ ၁၂ နာရီမိနစ် ၄၀ တွင်လည်းကောင်း၊ “Khin Hnin Waiwai” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ခင်နှင်းဝေကို မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# AA သောင်းကျန်းသူအဖွဲ့မှ မနော်သီရိရွာကို မီးရှို့ခိုင်းထားသော AA သောင်းကျန်းသူအမာခံ မောင်ထွန်းကျော်လင်းနှင့် ဦးဦးဘထွန်းတို့၏ထွက်ဆိုချက်များ

ရခိုင်ပြည်နယ် ပေါက်တောမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသည် မိုခါမုန်တိုင်း တိုက်ခတ်ခံရပြီးနောက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ တပ်မတော်သားများနှင့် ဌာနဆိုင်ရာများ၏ စုပေါင်းညီညာစွာပူးပေါင်းဆောင်ရွက်မှုများကြောင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထိုသို့ တည်ငြိမ်အေးချမ်းပြီး စည်ကားလျက်ရှိသော ပေါက်တောမြို့နယ်အတွင်း ယခုအခါ AA သောင်းကျန်းသူများက တိုက်ပွဲများဖော်ဆောင်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ ပေါက်တောမြို့နှင့် အနီးဝန်းကျင်မှကျေးရွာများသို့ဝင်ရောက်တပ်စွဲကာ လူနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် ဈေးဆိုင်များကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ပြင် AA သောင်းကျန်းသူများသည် အမာခံများမွေးမြူကာ တိုက်ပွဲများကြောင့် လူနေထိုင်ခြင်းမရှိသော ကျေးရွာများကို ဝင်ရောက်မီးရှို့ခြင်းများ ပြုလုပ်စေပြီး တပ်မတော်မှ မြို့/ရွာများကို ဝင်ရောက်ဖျက်ဆီးမီးရှို့သည်ဟု မဟုတ်မမှန်ဝါဒဖြန့်ချိမှုများ လုပ်ဆောင်ခဲ့သည်။ AA သောင်းကျန်းသူများ၏ မြို့/ရွာများကို ဖျက်ဆီးမီးရှို့ခြင်းများလုပ်ဆောင်ခဲ့မှုနှင့်ပတ်သက်၍ ဖမ်းဆီးရမိသော AA သောင်းကျန်းသူအမာခံ ပေါက်တောမြို့နယ်၊ မနော်သီရိရွာသား ၂ ဦး၏ ပြောဆိုချက်များကို ယခုလိုပဲကြားသိရပါတယ်-



မောင်ထွန်းကျော်လင်း



ဦးဦးဘထွန်း

**မောင်ထွန်းကျော်လင်း၏ထွက်ဆိုချက်**

ကျွန်တော်ကတော့ ပေါက်တောမြို့နယ် မနော်သီရိကျေးရွာက မောင်ထွန်းကျော်လင်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့(၂)ပတ်လောက်က ပေါက်တောမြို့မှာ စစ်ဖြစ်ပါတယ်။ စစ်ဖြစ်ပြီးတော့ ကျွန်တော်တို့ရွာမှာလည်း AA တွေ အဝင်/အထွက်ရှိပါတယ်။ အဝင်/အထွက်ရှိလို့ ရွာသားတွေက ရွာမှာစစ်ဖြစ်မှာကြောက်လို့ ထွက်ပြေးသွားကြပါတယ်။ ကျွန်တော်နဲ့ ဦးဦးဘထွန်းကိုတော့ AA က စစ်တပ်ရောက်လာရင် သတင်းပို့ဖို့ စောင့်ခိုင်းထားပါတယ်။ AA အဖွဲ့က ရွာရဲ့အရှေ့ဘက်ဘုရားကုန်းမှာ ၁၀ ယောက်လောက်ရှိတယ်လို့ပြောပါတယ်။ ရွာထိပ်မှာလည်း မိုင်းထောင်ထားတယ်လို့ပြောပါတယ်။ စစ်တပ်ကလူဝင်လာရင် စစ်တပ်က ရွာကို မီးရှို့သွားသလိုဖြစ်အောင် ကျွန်တော်တို့ကို ရွာကိုမီးရှို့ပြီး ထွက်ပြေးခိုင်းထားပါတယ်။ ပေါက်တောဘက်မှာလည်း ကျေးရွာသားတွေကို မီးရှို့ခိုင်းပြီး စစ်တပ်ကမီးရှို့တယ်လို့ပြောခိုင်းခဲ့ပါတယ်။ စစ်တပ်ကရောက်လာတဲ့အချိန်မှာတော့ AA ကခိုင်းထားတဲ့အတိုင်း ဦးဦးဘထွန်းနဲ့ကျွန်တော်နဲ့ ရွာကိုမီးရှို့နေပါတယ်။ မီးရှို့နေတဲ့အချိန်မှာတော့ စစ်တပ်ကတွေ့လို့ နှစ်ယောက်စလုံးအဖမ်းခံခဲ့ရပါတယ်။

**ဦးဦးဘထွန်း၏ထွက်ဆိုချက်**

ပေါက်တောမြို့နယ်၊ မနော်သီရိရွာက ဦးဦးဘထွန်းပါ၊ ပေါက်တောမှာ(၂)ပတ်လောက်က တိုက်ပွဲဖြစ်ပါတယ်။ AA နဲ့ စစ်တပ်နဲ့၊ အဲဒီအခါ AA က မနော်သီရိရွာကို ရောက်ပါတယ်။ ရွာသားတွေက တိုက်ပွဲဖြစ်လိမ့်မယ်စိုးရိမ်လို့ထွက်ပြေးသွားပါတယ်။ မောင်ထွန်းကျော်လင်းနဲ့ကျွန်တော်နဲ့ကို စစ်တပ်မြင်ရင်သတင်းပို့ဖို့၊ ရွာကိုဝင်တဲ့အခါ မီးတိုက်ဖို့၊ စစ်တပ်က မီးတိုက်တယ်လို့ အထင်လွဲအောင်ပြောဖို့ ကျွန်တော်တို့ကို ခိုင်းထားပါတယ်။ ဤနေ့မှာ စစ်တပ်က ရွာကိုရောက်လာပါတယ်။ AA က မီးတိုက်ဖို့ခိုင်းပါတယ်။ မီးတိုက်နေတုန်းအချိန်မှာ စစ်တပ်က ကျွန်တော်တို့ကို ဖမ်းသွားပါတယ်။

## ယင်းမာပင်မြို့နယ် သံဘိုကျေးရွာအတွင်းသို့ တပ်မတော်မှပစ်ခတ်သည့်လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူများထိခိုက်ဒဏ်ရာရရှိဟု မဟုတ်မမှန်ဝါဒဖြန့်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် သံဘိုကျေးရွာအတွင်းသို့ ဒီဇင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲခန့်တွင် တပ်မတော်မှ ပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ကြောင်းနှင့် ဒေသခံပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် ဝါဒဖြန့်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်ကို စိစစ်ခဲ့ရာ အဆိုပါနယ်မြေအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆက်သွယ်မေးမြန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းမာပင်မြို့နယ်အတွင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန်များကို နေ့ညမပျက်ထမ်းဆောင်လျက်ရှိသော်လည်း ဒီဇင်ဘာ ၅ ရက် ညနေပိုင်းတွင် အဆိုပါကျေးရွာအနီးဝန်းကျင်၌ မည်သည့်တိုက်ပွဲမျှ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုတစ်စုံတစ်ရာ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအနီးတွင် ခိုအောင်းနေထိုင်ကြပြီး နယ်မြေအတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်အတွက် ကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် အဝေးမှနှောင့်ယှက်ပစ်ခတ်ခြင်းတို့ကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုများကြောင့် ဒေသခံအချို့သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာသောလုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သလို မဟုတ်မမှန်သတင်းများကို ဝါဒဖြန့်ရေးသားဖြန့်ဝေကာ ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရေး ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

## ရခိုင်သတင်းဌာနများ၏ သတင်းများအပေါ် မှတ်ချက်ရေး၊ မျှဝေခြင်းပြုလုပ်ပါက အရေးယူမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရက ယနေ့ထုတ်ပြန်သည်ဟု သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာတွင် တရားမဝင်ပြည်ဖျက်မီဒီယာ The Irrawaddy က မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ်အခြေစိုက် သတင်းဌာနများက ရေးသားဖော်ပြနေသည့် သတင်းများအပေါ် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မှတ်ချက်ရေးသားခြင်း၊ မျှဝေခြင်း၊တစ်ဆင့်ပြန်လည်ကူးယူဖော်ပြခြင်းများ ပြုလုပ်သူများကို ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်းဖြင့် ရခိုင်ပြည်နယ်အစိုးရက ဒီဇင်ဘာ ၅ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် The Irrawaddy သတင်းဌာနက လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံသို့ ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းကိုထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အစိုးရ၏လုပ်ငန်းယန္တရားလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေရန်နှင့် ပြည်သူလူထုကို အထင်အမြင်လွဲမှားစေပြီး အထိတ်တလန့်ဖြစ်စေရန်အတွက် အခြေအမြစ်မရှိ လုပ်ကြံဖန်တီးရေးသားထားသည့် သတင်းအတု၊ သတင်းအမှားသာဖြစ်ကြောင်း သတင်းရရှိသည်။

## ရွှေကျင်မြို့နယ်မှ ဒေသခံပြည်သူ နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ဟု သတင်းအတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၆**

ကရင်ပြည်နယ် ရွှေကျင်မြို့နယ် မယ်ဝေါခီးကျေးရွာမှ ဒေသခံပြည်သူနှစ်ဦးကို ဒီဇင်ဘာ ၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့သည်ဟု လူမှုကွန်ရက်စာမျက်နှာများပေါ်၌ မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံတစ်ဦးတို့ကို ဆက်သွယ်မေးမြန်းချက်များအရ ဒီဇင်ဘာ ၃ ရက်တွင် အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှုပ်ရှားမှုမရှိကြောင်း၊ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များသာ ရံဖန်ရံခါ ဝင်ရောက်၍ ဆက်ကြေးကောက်ခံခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ၎င်းတို့၏ တောင်းဆိုမှုများ ရရှိခြင်းမရှိပါက အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လေ့ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် မြေပြင်ဖြစ်စဉ်သတင်းမှန်များကို ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ပြည်သူများကို သတင်းအဆိပ်ခတ်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။



# တရုတ်နိုင်ငံ ပါဝင်မှုခိုင်မာနေဆဲဖြစ်သည့် ထိုင်းစစ်ရေးတည်ဆောက်မှု

နေရှား(သုတေသန)

ထိုင်းနိုင်ငံသည် အာဆီယံနိုင်ငံများကြားတွင် စစ်ရေးတည်ဆောက်မှုကို ပုံမှန်လုပ်ဆောင်လျက်ရှိပြီး ခေတ်မီစစ်လက်နက်ပစ္စည်းများ ဖြည့်တင်း တပ်ဆင်မှုကိုလည်း ပြည်တွင်းထုတ်နှင့် ပြည်ပမှဝယ်ယူမှုများဖြင့် လုပ်ဆောင်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံတွင်း ပဋိပက္ခမှုဖြစ်ပွားပြီးနောက် အမေရိကန်က စစ်ရေးဆိုင်ရာပိတ်ဆို့မှုတချို့ကို လုပ်ဆောင်ခဲ့သည့်အတွက် တရုတ်နိုင်ငံထုတ်စစ်လက်နက်ပစ္စည်းများဖြင့် ဖြည့်တင်းမှုများလုပ်ဆောင်လာခဲ့သည်။ မကြာသေးမီနှစ်များအတွင်း ထိုင်းအစိုးရနှင့်တပ်မတော်သည် စစ်လက်နက်ပစ္စည်းများဝယ်ယူမှု၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများနှင့် တရုတ်နှင့်ထိုင်း နှစ်နိုင်ငံလေ့ကျင့်မှုများမှတစ်ဆင့် အနီးကပ်ထိတွေ့ဆက်ဆံမှုများရှိခဲ့သည်။

သို့သော်လည်း အမေရိကန်ကဲ့သို့သော အနောက်နိုင်ငံများက တရုတ်နိုင်ငံကို မဟာဗျူဟာခြိမ်းခြောက်မှုအဖြစ်ဖော်ပြခဲ့ပြီး ၎င်းမဟာဗျူဟာမြောက် ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ ထိုင်းတို့၏သတိမမူသည့်မူဝါဒကို သတိပေးလာခဲ့သည်။ အမေရိကန်က ထိုင်းနိုင်ငံကို NATO အဖွဲ့ဝင်မဟုတ်သော မဟာမိတ်နိုင်ငံအဖြစ် ၂၀၀၃ ခုနှစ်တွင် သတ်မှတ်ခဲ့သော်လည်း ၂၀၀၆ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ထိုင်းနိုင်ငံတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေး ကျဆင်းသွားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ တရုတ်နိုင်ငံသည် ထိုင်းတပ်မတော်ကို လက်နက်တပ်ဆင်ရာတွင် စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်လုပ်ဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၉ ရက်ထိ ဗန်ကောက်တွင် ကျင်းပပြီးခဲ့သော ၂၀၂၄ ခုနှစ် ကာကွယ်ရေးနှင့် လုံခြုံရေးပြပွဲက ထိုင်းဈေးကွက်တွင် တရုတ်နိုင်ငံ၏ အခိုင်အမာတည်ရှိနေခြင်းကို သရုပ်ပြသခဲ့သည်။ တရုတ်နိုင်ငံ၏ Norinco၊ AVIC၊ CETC၊ CSSC နှင့် Poly Technologies ကဲ့သို့သော နိုင်ငံပိုင်ကြီးမားသည့် ကုမ္ပဏီအဖွဲ့အစည်းများသည် ပြပွဲတွင် အဓိကပါဝင်လာခဲ့သည်။

**တရုတ်၏ စစ်လက်နက်ပစ္စည်းရောင်းချမှု**

တရုတ်နိုင်ငံက ထိုင်းနိုင်ငံသို့စစ်လက်နက်ပစ္စည်းရောင်းချမှုကို အဆင့် (၄) ခုခွဲ၍ ရှုမြင်နိုင်သည်။ ပထမအဆင့်ဖြစ်သည့် ၁၉၈၀ ပြည့်နှစ်များတွင် တင့်ကားများ၊ သံချပ်ကာယာဉ်များနှင့် ရော့ကက်များကို မိတ်ဆွေဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။ ၎င်းတွင် ၁၉၈၇ ခုနှစ်၌ T-69 ပင်မတိုက်ပွဲဝင်တင့်ကား ၅၃ စီး၊ Type-85 သံချပ်ကာလူသယ်ယာဉ် အစီးရေ ၄၁၀၊ T-81/83/85 ရော့ကက်လောင်ချာ အလက် ၆၀ နှင့် ၁၉၈၈ ခုနှစ်တွင် HN-5A ပခုံးထမ်းလေယာဉ်ပစ်ဒုံး အလက် ၆၅၀ တို့ကို ကြည်းတပ်သို့ ရောင်းချမှုပါဝင်သည်။ ဒုတိယအဆင့်တွင် ၁၉၉၀ ပြည့်နှစ်၌ Jianghu အတန်းအစားနှင့် Naresun အတန်းအစား ဖရီးဂိတ် စစ်ရေယာဉ် ခြောက်စီးနှင့် C-801 ရေယာဉ်ဖျက်ဒုံးကျည် အစင်း ၅၀ရောင်းချမှုပါဝင်သည်။

တတိယအဆင့်ဖြစ်သည့် ၂၀၀၀ ပြည့်နှစ်တွင် Pattani အတန်းအစား ကမ်းရိုးတန်းကင်းလှည့်ရေယာဉ် နှစ်စီး၊ ၂၀၀၇ ခုနှစ်တွင် C-802 ရေယာဉ်ဖျက်ဒုံးကျည်အစင်း ၆၀၊ ၂၀၀၈ ခုနှစ်တွင် QW-18 ပခုံးထမ်းလေကြောင်းရန် ကာကွယ်ရေးလက်နက် ၁၃ လက်၊ WS-1B အတွဲလိုက်ဒုံးပစ်လောင်ချာ ၁၅ လက် ရောင်းချခဲ့သည်။ စတုတ္ထအဆင့်ဖြစ်သည့် ၂၀၁၄ ခုနှစ် ပဋိပက္ခဖြစ်ပွားမှုဖြစ်စဉ်နောက်ပိုင်းတွင် BL 904A အမြောက်တည်နေရာရှာ ရေဒါ နှစ်လက်၊ ၂၀၁၆ ခုနှစ်တွင် KS-1C တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်၊ ၂၀၁၇ ခုနှစ်တွင် VT-4 ပင်မတိုက်ပွဲဝင်တင့်ကား ၄၈ စီးနှင့် ၂၀၁၈ ခုနှစ်တွင် ZBL-09 သံချပ်ကာလူသယ်ယာဉ် ၃၄ စီးကို ရောင်းချမှုပါဝင်သည်။



တရုတ်နှင့်ထိုင်းနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု

**ရေယာဉ်များ ဝယ်ယူမှု**

တရုတ်နိုင်ငံပိုင် သင်္ဘောကျင်းကော်ပိုရေးရှင်း (China State Shipbuilding Corporation-CSSC) သည် ၎င်း၏ ကြီးမားသော ပြခန်းတွင် သင်္ဘောပုံစံမျိုးစုံကို ပြသခဲ့သည်။ တစ်ခုမှာ ထိုင်းဘုရင့်ရေတပ်ကဝယ်ယူမည့် S26T ဒီဇယ်-လျှပ်စစ်သုံးရေငုပ်သင်္ဘောဖြစ်သည်။ သို့သော်လည်း မကြာသေးမီက ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံမှ ဘတ် ၁၃ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ ရေငုပ်သင်္ဘောဝယ်ယူရေးအစီအစဉ်ကို ရပ်ဆိုင်းခဲ့သည်။ ၎င်းမှာ ယူကရိန်းစစ်ပွဲအပြီးတွင် ဂျာမနီက ပို့ကုန်တင်ပို့မှုကို ထိန်းချုပ်တင်းကျပ်ခဲ့ပြီး S26T ရေငုပ်သင်္ဘောအတွက် တရုတ်၏ CSSC သို့ ဒီဇယ်အင်ဂျင်များ ပံ့ပိုးပေးရန် ငြင်းဆန်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၎င်းရေငုပ်သင်္ဘောတွင် တရုတ်နိုင်ငံထုတ် CHD620 ဒီဇယ်အင်ဂျင်များ အစားထိုးတပ်ဆင်မှုကို လက်ခံနိုင်လိမ့်မည်ဟု တရုတ်က ထိုင်းရေတပ်ကို ယုံကြည်ခဲ့သည်။ သို့သော်လည်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် ရေငုပ်သင်္ဘောများသည် CHD620 ကို ယခုအချိန်ထိ အသုံးမပြုရသေးသောကြောင့် ထိုင်းတို့က လက်ခံရန် တုံ့ဆိုင်းနေခဲ့သည်။ အငြိမ်းစား ထိုင်းရေတပ်ဗိုလ်ချုပ်ကြီး Choeingchai Chomchoengpaet က တရုတ်နိုင်ငံမှ အာမခံ ရှစ်နှစ်နှင့် စစ်ဘက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကို ကမ်းလှမ်းခံရပြီးနောက် အင်ဂျင်ပြောင်းလဲမှုတပ်ဆင်မည့်ကိစ္စရပ်ကို စက်တင်ဘာလတွင် အတည်ပြုခဲ့သည်ဟု ပြောကြားခဲ့သည်။ သို့သော်လည်း အသစ်တက်လာသော ထိုင်းအစိုးရသည် ထိုင်းရေတပ်၏ အကြံပြုချက်များကိုကျော်လွှန်ကာ ရေငုပ်သင်္ဘောအတွက် အစားထိုးအစီအစဉ်တစ်ခုကို တောင်းဆိုခဲ့သည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ထိုင်းကာကွယ်ရေးဝန်ကြီး ဆူတင်ကလန်ဆန်က ရေငုပ်သင်္ဘောဝယ်ယူရေးအသုံးစရိတ်အတွက် ဘတ်ဂျက်ခွင့်ပြုငွေများကို ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ဖရီးဂိတ်သင်္ဘော သို့မဟုတ် ကမ်းလွန်ကင်းလှည့်ရေယာဉ် နှစ်စီးအတွက် အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြောင်းနှင့် ရေငုပ်သင်္ဘော စီမံကိန်းကို ဖျက်သိမ်းခြင်းမပြုသော်လည်း သတ်မှတ်ကာလတစ်ခုထိ ရပ်ဆိုင်းထားမည်ဟု ပြောကြားခဲ့သည်။ တရုတ်ထံမှ ဖရီးဂိတ်သင်္ဘောတစ်စီးဝယ်ယူခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်သည်ဟု ဝန်ကြီးက မှတ်ချက်ပြုခဲ့သည်။ သို့သော်လည်း အဆိုပြုထားသော ဖရီးဂိတ်သင်္ဘောသည် ရေငုပ်သင်္ဘောဈေးနှုန်းထက် ပိုမိုကုန်ကျဖွယ်ရှိနေသည်။ နောက်ထပ် ပိုမိုကြီးမားသည့် ပြဿနာတစ်ခုမှာ ဖရီးဂိတ်စစ်ရေယာဉ်သည် ထိုင်းတပ်မတော်ရှိ တည်ရှိပြီးသား စက်ပစ္စည်းကိရိယာအများစုနှင့် ပေါင်းစပ်လုပ်ဆောင်နိုင်မှုမရှိသည့် တရုတ်စနစ်နှင့် လက်နက်များ ပါရှိနေခြင်းပင်ဖြစ်သည်။ ထိုင်းရေတပ်အတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် စတင်တည်ဆောက်ခဲ့သော တန်ချိန် ၁၈၅၀ ရှိ S26T ရေငုပ်သင်္ဘောတည်ဆောက်မှုသည် ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ ထိုင်းရေတပ်သည် CSSC မှတည်ဆောက်ထားသည့် တန်ချိန် ၁၀၀၀၀ ရှိ Type 071E (LPD) ကမ်းတိုးရေယာဉ်တစ်စီးကိုလည်း ဝယ်ယူခဲ့သည်။

**နောက်ဆုံးပေါ်တင့်ကားရောင်းချမှု**

ထိုင်းဘုရင့်ကြည်းတပ်သည် Norinco ကုမ္ပဏီထံမှ VT4 ပင်မတိုက်ပွဲဝင်တင့်ကားများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ရရှိခဲ့ပြီး ထိုင်းနိုင်ငံသည် ၎င်းတင့်ကားများကို ပထမဆုံးဝယ်ယူသူဖြစ်သည်။ ထိုင်းနိုင်ငံသည် ၂၀၁၆ ခုနှစ်မှစတင်၍ VT4 တင့်ကားအစီးရေ ၆၀ ကို မှာယူခဲ့ခြင်းဖြစ်သည်။ ထိုင်းကြည်းတပ်သည် သက်တမ်းရင့်လာသော အမေရိကန်ထုတ် M41 နှင့် M60 မော်ဒယ်များကို အစားထိုးရန်အတွက် အနည်းဆုံး နောက်ထပ် တင့်ကားအစီးရေ ၁၀၀ လိုအပ်ဆဲဖြစ်သည်။ ထိုင်းကြည်းတပ်သည် Norinco ထံမှ VN1 8 ဘီးယက် သံချပ်ကာယာဉ် ၁၁၁ စီးကိုလည်း ဝယ်ယူခဲ့ရာ ၎င်းတို့အားလုံးကို ရရှိပြီးဖြစ်သည်။

**UAV နယ်ပယ်အစပျိုးမှု**

Norinco သည် Sky Saker FX80 မောင်းသူမဲ့လေယာဉ် (UAV) လေးစင်းနှင့် မြေပြင်ထိန်းချုပ်ရေးယူနစ်တစ်ခုတို့ကို ပံ့ပိုးပေးရန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၈ သန်းတန်ဖိုးရှိ တင်ဒါကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ အောင်မြင်ခဲ့သည်။ ထိုင်းကြည်းတပ်သည် ၎င်းစနစ်များကို စစ်မြေပြင်အမြောက်တပ်များ၏ ပစ်မှတ်ဖမ်းယူသည့်စနစ်များအတွက် အသုံးပြုမည်ဖြစ်ပြီး လေယာဉ်၏ အာရုံခံကိရိယာများတွင် လေဆာပစ်မှတ်ရှာ ကိရိယာတစ်ခုပါဝင်သည်။ Norinco က ၂၀၂၃ ခုနှစ် ကာကွယ်ရေးနှင့် လုံခြုံရေးပစ္စည်းပြပွဲတွင် ၎င်း UAV ကို ပြသခဲ့သည်။

UAV များသည် တရုတ်နှင့် ထိုင်းနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တစ်ခုဖြစ်သည်ကို ကာကွယ်ရေးပစ္စည်းပြပွဲတွင် ပြသလျက်ရှိသော လေကြောင်းနည်းပညာ စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (Aero Technology Industry Company Limited -ATIL) က အလေးပေးဖော်ပြခဲ့သည်။ ATIL ၏ ထုတ်ကုန်စာရင်းတွင် ရရှိနိုင်သော UAV များကို ဆန်းစစ်ကြည့်ရှုခြင်းဖြင့် တရုတ်နိုင်ငံ၏ Beihang UAS နည်းပညာသည် အစပိုင်းတွင် ထိုင်းကာကွယ်ရေးနည်းပညာသိပ္ပံ (DTI) နှင့် UAS ဆိုင်ရာလျှို့ဝှက်လုပ်ဖော်ကိုင်ဖက်ဖြစ်သည်မှာ ထင်ရှားလျက်ရှိနေသည်။ ဗန်ကောက်ပြပွဲ၌ ထုတ်ဖော်ပြသခဲ့သည့် နောက်ဆုံးထုတ်စနစ်မှာ ခဲယမ်းများသယ်ဆောင်သည့် DP18A UAV ဖြစ်သည်။ တောင်ပံ ကိုးမီတာရှိသော ၎င်းမောင်းသူမဲ့လေယာဉ်သည် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေးလုပ်ငန်းများအပြင် ရန်သူပစ်မှတ်များကို တိုက်ခိုက်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ ကုန်းမြေနယ်နိမိတ်ကို စောင့်ကြည့်ရန်အတွက် ထိုင်းဘုရင့်ကြည်းတပ်တွင် ဝန်ဆောင်မှုပေးနေပြီဖြစ်သော ဝေဟင်အလယ်အလတ်တွင် တာရှည်ပျံသန်းနိုင်စွမ်းရှိသော MALE DP20 UAV သရုပ်ပြ နှစ်စင်းကိုလည်း ပြသခဲ့သည်။ DP20 သည် လေထဲတွင် နာရီ ၂၀ ကြာ ပျံသန်းနေနိုင်သည်။ သုံးနှစ်အတွင်း ထိုင်းကြည်းတပ်သည် လက်နက်တပ်ဆင်ထားသည့် DP20A တိုက်ခိုက်ရေးမောင်းသူမဲ့လေယာဉ် နှစ်စင်းကိုလည်း ရရှိမည်ဖြစ်သည်။ ATIL သည် တောင်ပံအလျားမီတာ ၂၀ ရှိသော DP21A MALE UCAV ကို တီထွင်လျက်ရှိပြီး ၎င်းသည် ၂၀၂၅ ခုနှစ်တွင် ပေါ်ထွက်လာလိမ့်မည်ဖြစ်သည်။ ATIL သည် DTI မှ ထုတ်လုပ်သည့် ၎င်း၏ AG-001 လေဆာလမ်းညွှန်ဗုံးကိုလည်း ပြသခဲ့သည်။ ပြပွဲတွင် တူကီယဲစာဖြင့် တံဆိပ်တပ်ထားသော AG-001 က တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်နိုင်ခြေကိုပြသလျက်ရှိသည်။ ATIL တွင် ရှိသည့် AG-002၊ AG-003 နှင့် AG-004 ဝေဟင်မှ မြေပြင်ပစ်လေဆာ ပဲ့ထိန်းဒုံးကျည်များမှာလည်း တရုတ်နိုင်ငံထုတ် အမျိုးအစားများမှ ဆင်းသက်လာသည်မှာ သေချာနီးပါးပင်ဖြစ်သည်။

ထိုင်းနိုင်ငံသည် ၂၀ ရာစုနှောင်းပိုင်းတွင် တရုတ်နိုင်ငံမှ လက်နက်စနစ်အမျိုးမျိုးကို ဝယ်ယူခဲ့သော်လည်း ၎င်းတို့၏ အရည်အသွေးကို အလွန်အမင်းနှစ်သက်ခဲ့ခြင်းမရှိခဲ့ပေ။ သို့သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်ကာလများတွင် တရုတ်နိုင်ငံမှထုတ်လုပ်သော စက်ကိရိယာများတွင် ကြီးမားစွာရင်းနှီးမြှုပ်နှံထားသောကြောင့် ၎င်းတို့၏ အရည်အသွေးသည် တိုးတက်လာသည်ဟု ထိုင်းကယုံကြည်လျက်ရှိသည်။ အထူးသဖြင့် အမေရိကန်ကဲ့သို့သော ကာလရှည်လုပ်ဖော်ကိုင်ဖက်များက ထိုင်းတပ်မတော်အစိုးရအပေါ် မကျေနပ်ဖြစ်မှုနှင့် ထိုင်းနိုင်ငံတွင်ဒီမိုကရေစီဆိတ်သုဉ်းနေချိန်၌ တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏လိုအပ်ချက်ကို ဖြည့်ဆည်းရန် လိုလားနေခြင်းဖြစ်သည်။

လက်တွေ့မကျသော ရည်မှန်းချက်ဖြင့် အမေရိကန်ထံမှ ပဉ္စမမျိုးဆက် F-35 စတဲလ် တိုက်လေယာဉ် နှစ်စင်းကို ဝယ်ယူရန်အစီအစဉ်မှ ထိုင်းဘုရင့်လေတပ်က အခိုင်အမာပြန်လည်ဆုတ်ခွာသွားသည့်အချိန်တွင် တရုတ်နိုင်ငံနှင့် နီးစပ်မှုတိုးလာခြင်းသည် အံ့သြစရာမဟုတ်ပေ။ ထိုင်းတပ်မတော်၏ ရင့်ကျက်မှုနှင့် တရုတ်နိုင်ငံနှင့်နီးစပ်မှုတို့ကြောင့် F-35 ဝယ်ယူမှုသည် အမှန်တကယ်ပေါ်ပေါက်လာခြင်းမရှိပေ။

၂၀၂၃ ခုနှစ်မေလတွင် အမေရိကန်သံအမတ်ကြီး ရောဘတ်အက်ဖ်ဂိုဒီက ထိုင်းတပ်မတော်သို့ F-35A ရောင်းချမှုအား ငြင်းဆိုမှုကိုအကြောင်းကြားခဲ့သည်။ ငြင်းပယ်ရသည့်ထင်ရှားသော အကြောင်းရင်းမှာ ထိုင်းနိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ အဆောက်အအုံများ နည်းပါးခြင်းအပြင် ၎င်းတိုက်လေယာဉ်များကို ထားရှိရန် လိုအပ်သော လုံခြုံရေးဆောင်ရွက်မှုများပါဝင်သည်။ အဓိကအားဖြင့် နည်းပညာခိုးယူခံရမည်ကို စိုးရိမ်ခြင်းဖြစ်သည်။ ၎င်းအစား အမေရိကန်သည် F-16V သို့မဟုတ် F-15 ကဲ့သို့သော စတုတ္ထ မျိုးဆက်လွန်တိုက်လေယာဉ်များကို ကမ်းလှမ်းခဲ့သည်။ ဖော်ပြချက်အသေးစိတ်မှာ ရှင်းလင်းလျက်ရှိသော်လည်း အမေရိကန်သည် တရုတ်နိုင်ငံနှင့် ခိုင်မာသော

စာမျက်နှာ ၂၇ သို့ ➤

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၉၂၀၈ ကေ စိုက်ပျိုးပြီးစီး


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၉၂၀၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၁၁၄၁ ကေစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၅ ရက်ထိ ၉၂၀၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ နေကြာကေ ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတယ်။ ဒီဇင်ဘာ ၅ ရက်ထိ နေကြာကေ ၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပါပြီ။ နေကြာ စိုက်ပျိုးမှုအနေနဲ့ကတော့ ဆောင်းနေကြာစိုက်ပျိုးတာများပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ယခုနှစ်ဆောင်းနေကြာ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၂၃၀၆ ကေ၊ ဘုတလင်မြို့နယ်တွင် ၅၃၃၄ ကေ၊ အရာတော်မြို့နယ်တွင် ၁၃၉၂ ကေ၊ ချောင်းဦးမြို့နယ်တွင် ၇၇၆ ကေ စုစုပေါင်း ၉၂၀၈ ကေဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ်ဆောင်း သီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းနေကြာစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၇၇၄၅ ကေ၊ ဘုတလင်မြို့နယ်တွင် ကေ ၁၈၀၂၀၊ အရာတော်မြို့နယ်တွင် ၂၇၄၅ ကေ၊ ချောင်းဦးမြို့နယ်တွင် ၂၆၃၁ ကေ စုစုပေါင်း ၃၁၁၄၁ ကေဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ်နေကြာ သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အချိန်မြင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ချောက်မြို့နယ် အောင်သာကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ချောက် ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် သံဘိုကျေးရွာအုပ်စု အောင်သာကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အောင်သာကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ချောက်မြို့နယ် အောင်သာကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၉၀ သွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် နှစ်လက်မ PVC ပိုက် ပေ ၂၄၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင် ငွေကျပ် ၇၅၀၀၀၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။



နော်လူး

➤ စာမျက်နှာ ၂၆ မှအဆက်

ဆက်ဆံရေးရှိသည့် ထိုင်းနိုင်ငံကို F-35A ပေးအပ်ရန် အယုံအကြည်မရှိပေ။

၂၀၁၅ ခုနှစ်မှစ၍ ထိုင်းလေတပ်သည် တရုတ်လေတပ်နှင့် Falcon Strike ပူးတွဲလေ့ကျင့်မှုပြုလုပ်ခဲ့သည်။ ထောက်လှမ်းရေးစနစ်သို့မဟုတ် နည်းပညာများ တရုတ်လက်ဝယ်သို့ ကျဆင်းသွားနိုင်သည့်အန္တရာယ်ကြောင့် အဆိုပါ လေ့ကျင့်မှုတွင် အမေရိကန်လေယာဉ်များ အသုံးပြုခြင်းမပြုရန် ထိုင်းနိုင်ငံကို အမေရိကန်က တားမြစ်ထားသည်။ ၎င်းအစား ထိုင်းလေတပ်သည် အဆိုပါ Falcon Strike လေ့ကျင့်မှုများတွင် ဆွီဒင်နိုင်ငံထုတ် JAS 39 Gripen တိုက်လေယာဉ်များကို အသုံးပြုခဲ့သည်။

ဤလေ့ကျင့်မှုစီးရီးသည် တရုတ်လေတပ်တွင် အသုံးပြုလျက်ရှိသော တရုတ်နိုင်ငံထုတ် J-10 နှင့် J-11 တို့ကို လေ့လာရန် ထိုင်းလေတပ်ကို ထူးခြားသောအခွင့်အရေးများပေးထားသည်။ တစ်ချိန်တည်းမှာပင် ၎င်းသည် ထိုင်းတပ်မတော်နှင့် ထောက်လှမ်းရေးသတင်းရယူရန် တရုတ်လေတပ်ကို အခွင့်အရေးရရှိစေသည်။ ထိုအန္တရာယ်နှင့် ပတ်သက်၍ မေးမြန်းသည့်အချိန်တွင် ဆွီဒင်က လေ့ကျင့်မှုမပြုလုပ်မီ လေယာဉ်အုပ်နှင့် လုံခြုံရေးကိစ္စရပ်ကို အကျဉ်းချုံးပြုလုပ်ထားသည်ဟု လွန်ခဲ့သောနှစ်များစွာကတည်းကပင် ပြောကြားခဲ့သည်။ ထို့ပြင် Gripen စနစ်များ၏အရေးကြီးသည့် အချက်အလက်များ ပေါက်ကြားမှုမရှိစေရန် သီးခြားကန့်သတ်မှုစနစ်များတပ်ဆင်ထားသည်။

အချုပ်အားဖြင့်ဆိုရလျှင် ထိုင်းနိုင်ငံသည် အမေရိကန်ထံမှ စစ်လက်နက်ပစ္စည်းများကို ပုံမှန်ဝယ်ယူရရှိ နိုင်ခြင်းမရှိသည့် အခြေအနေကို သိရှိသောကြောင့် တရုတ်နိုင်ငံမှ ဝယ်ယူမှုများ တိုးမြှင့်လုပ်ဆောင်လာ ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အမေရိကန်တို့က နည်းပညာဆိုင်ရာများ ကန့်သတ်မှုသာမက ရောင်းဝယ်ရေးတွင် နိုင်ငံရေးဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများရှိနေချိန်၌ တရုတ်နိုင်ငံသည် ၎င်းအတားအဆီးများမရှိဘဲ လွတ်လပ်စွာရောင်းချပေးနေသည်။ ထို့ပြင် တရုတ်နိုင်ငံထုတ်စစ်လက်နက်ပစ္စည်းတချို့တွင် အရည်အသွေးနိမ့်သည့်တိုင် ထိုင်းနိုင်ငံထုတ်အခြားပစ္စည်းများ နှင့်ပေါင်းစပ်တပ်ဆင်ချိန်တွင် အရည်အသွေးတိုးတက်လာသည်ကို ထိုင်းနိုင်ငံက ကောင်းစွာသိရှိထားသည်။ မည်သို့ပင်ဆိုစေကာမူ ထိုင်းနိုင်ငံ၏ စစ်ရေးတည်ဆောက်မှုတွင် တရုတ်နိုင်ငံထုတ်စစ်လက်နက်ပစ္စည်းများက အစိတ်အပိုင်းတစ်ရပ်အဖြစ် ခိုင်မာစွာတည်ရှိနေမှုကို ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

**- China's Foothold in Thai Military Establishment. November 2023**

# မင်းဘူးမြို့နယ် ကျွဲချကျေးရွာတွင် ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**မင်းဘူး ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် မန်းကျိုးကျေးရွာအုပ်စု ကျွဲချကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျွဲချကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန်မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျွဲချကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၆၄၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ်အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျွဲချကျေးရွာနေပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း မင်းဘူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

စင်မာ

# သာယာဝတီမြို့နယ် ညောင်နီကုန်းကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်နီကုန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က ညောင်နီကုန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်း၊ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးစည်သူလင်းနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ညောင်နီကုန်းကျေးရွာတွင် ငွေဇင်ရော်အဖွဲ့၊ စိမ်းရောင်စိုအဖွဲ့၊ တိုးပွားအောင်အဖွဲ့နှင့် ဝင်းရွှေဝါအဖွဲ့ စုစုပေါင်း CP အသားတိုးဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် အစုအဖွဲ့(၄)ဖွဲ့ကို အဖွဲ့(၁)ဖွဲ့လျှင် ငွေကျပ်သိန်း ၆၀ စီ စုစုပေါင်း ငွေကျပ် သိန်း ၂၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်စိုင်

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပိုမိုလုပ်ဆောင်လာသောအာဆီယံ



တောင်တရုတ်ပင်လယ်တွင် ASEX-01N စစ်ရေးလေ့ကျင့်နေစဉ်။

၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံက လက်ခံကျင်းပခဲ့ပြီး Natuna ၌ ပြုလုပ်ခဲ့သော အာဆီယံ သွေးစည်းညီညွတ်ရေးလေ့ကျင့်မှု 2023 (ASEX-01N) သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)အတွက်မူ ပထမဆုံးသောအဆင့်မြင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုပင်ဖြစ်သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကြီးမားသော စွမ်းဆောင်မှုတစ်ခုပင်ဖြစ်သည်။ တရုတ်နိုင်ငံကို အားပေးထောက်ခံလျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံသည်ပင်လျှင် အဆိုပါ စစ်ရေးလေ့ကျင့်မှုပြုလုပ်ရာသို့ တက်ရောက်ခဲ့သည်။

ASEX-01N သည် တောင်တရုတ်ပင်လယ်ပြင်တွင် တင်းမာမှုများမြင့်တက်လျက်ရှိစဉ် အာဆီယံစစ်ဘက်ဆိုင်ရာအဖွဲ့ပေါင်းစုံပါဝင်သည့် စစ်ရေးလေ့ကျင့်မှုအနက်မှ တစ်ခုပင်ဖြစ်သည်။ တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာခုံရုံးက ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် အာဆီယံနိုင်ငံစုံရေတပ်စစ်ရေးလေ့ကျင့်မှု (AMNEX) ကို ၂၀၁၇ ခုနှစ်က ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သည်။ ဖိလစ်ပိုင်နှင့် တရုတ်တို့ကြား တင်းမာမှုများ ထပ်မံဖြစ်ပွားလာသည့်အချိန်၌ ဒုတိယမြောက် AMNEX ကို ၂၀၂၃ ခုနှစ် မေလက ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည်။

AMNEX 2023 တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံအနက်မှ ခုနစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်၊ ဘရူးနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် စစ်ရေယာဉ်များနှင့်အတူ ပါဝင်လေ့ကျင့်ခဲ့ကြသည်။ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့သည် အဆိုပါ စစ်ရေးလေ့ကျင့်မှုပြုလုပ်ရာသို့ လေ့လာသူများ စေလွှတ်ခဲ့သည်။ AMNEX 2023 ကို တောင်တရုတ်ပင်လယ်ပြင်နှင့် မျက်နှာချင်းဆိုင်လျက် ပြုလုပ်ခဲ့သော်လည်း စစ်ရေးလေ့ကျင့်မှုကို အဟန့်အတားဖြစ်စေမည့် အငြင်းပွားမှုများ ထွက်ပေါ်လာခြင်းမရှိခဲ့ပေ။

ASEX-01N သည် ကြည်းတပ်၊ လေတပ်နှင့် ရေတပ်များပါဝင်ပြီး AMNEX သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်များသာ ပါဝင်လေ့ကျင့်သည်။ ၂၀၂၃ ခုနှစ် ဇွန်လတွင် ASEX-01N ပြုလုပ်ရေးဆိုင်ရာအစီအမံများ ကြေညာသည့်အချိန်၌ အင်ဒိုနီးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး ယူဒိုမာဂိုနိုက ၎င်းအနေဖြင့် North Natuna ပင်လယ်ပြင်တွင် ပြုလုပ်ရန်စီစဉ်ထားသည့်စစ်ရေးလေ့ကျင့်မှုသည် အာဆီယံဗဟိုပြုမှုတောင့်တင်းခိုင်မာအားကောင်းလာစေပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်မည်ဟု မျှော်မှန်းထားကြောင်း ပြောကြားသွားခဲ့သည်။

၎င်းစစ်ရေးလေ့ကျင့်မှု၏ အဓိကပြဿနာသည် စစ်ရေးလေ့ကျင့်မှုပြုလုပ်မည့် နေရာပင်ဖြစ်သည်။ အကြောင်းမူကား စစ်ရေးလေ့ကျင့်မှုပြုလုပ်မည့်နေရာတွင် North Natuna ပင်လယ်ပြင်နေရာ၌ အင်ဒိုနီးရှား၏ သီးသန့်စီးပွားရေးဇုန် (EEZ) ပါရှိနေသောကြောင့်ပင်ဖြစ်သည်။ ၎င်း EEZ သည် တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း အခိုင်အမာပြောဆိုလျက်ရှိသည့် အမှတ် (၉) သတ်မှတ်မျဉ်း နယ်မြေတွင်ရှိသည်။ ကမ္ဘောဒီးယားနှင့် မြန်မာတို့သည် တရုတ်နိုင်ငံကို ရန်စသည့်အပြုအမူမျိုးများကို ရှောင်ရှားလိုသဖြင့် ကနဦးပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုဆိုင်ရာ အစီအမံကွန်ဖရန့်သို့ တတ်ရောက်ခဲ့ခြင်းမရှိပေ။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် သတိထားဆောင်ရွက်လျက်ရှိသဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ASEX-01N စစ်ရေးလေ့ကျင့်မှု ပြုလုပ်မည့်နေရာကို North Natuna ပင်လယ်ပြင်မှ Batam နှင့် South Natuna ပင်လယ်ပြင်သို့ ရွှေ့ပြောင်းခဲ့သည်။ ၎င်းဧရိယာတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့်နေရာများဖြစ်သော လန်ပါရေလက်ကြားနှင့် ဆာဘန်မာဝန်ကျွန်းတို့တွင် ဦးစားပေးကျင်းပခဲ့ခြင်းဖြစ်သည်။

ASEX-01N စစ်ရေးလေ့ကျင့်မှုတွင် စစ်ရေယာဉ် ငါးစီးပါဝင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံမှ နှစ်စီးနှင့် ဘရူနိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ တစ်စီးစီပါဝင်လေ့ကျင့်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် လေယာဉ်နှင့် ရဟတ်ယာဉ်များလည်း ပါဝင်လေ့ကျင့်ခဲ့ပြီး ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တီမောလက်စတီတို့သည် လေ့လာသူများ စေလွှတ်ခဲ့သည်။

ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သည် စစ်ရေယာဉ်များ စေလွှတ်ခဲ့ခြင်းမရှိပေ။ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် စစ်ရေယာဉ်ပိုင်ဆိုင်မှု ကန့်သတ်ချက်ရှိနေသည့်အပြင် ပြည်ပနိုင်ငံများနှင့်ပြုလုပ်သော စစ်ရေးလေ့ကျင့်မှုပြုလုပ်ရာသို့ စစ်ရေယာဉ်များ စေလွှတ်ခဲ့သောကြောင့်ပင်ဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံနှင့် တင်းမာမှုများမြင့်တက်နေချိန်တွင် တောင်တရုတ်ပင်လယ်ပြင်၌ စစ်ရေယာဉ်များ ဆက်လက်ထားရှိရန် လိုအပ်သောကြောင့်ပင် ဖြစ်သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ရေးလေ့ကျင့်မှုပြုလုပ်ရာသို့စစ်ရေယာဉ်များစေလွှတ်ရန် ပျက်ကွက်မှုအတွက် အကြောင်းပြချက် တစ်စုံတစ်ရာမျှပေးခဲ့ခြင်းမရှိပေ။ မည်သို့ပင်ဆိုစေ ဗီယက်နမ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုဆက်လက်ထိန်းသိမ်းလျက် တောင်တရုတ်ပင်လယ်ရှိ ၎င်း၏အကျိုးစီးပွားများကို ဟန်ချက်ထိန်းညှိသွားဖွယ်ရာရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် တိုက်ပွဲဝင်သဘော သဘာဝမဟုတ်သည့် စစ်ရေးလေ့ကျင့်မှုကို အလေးထားပြုလုပ်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာမှုများ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးများအပြင် ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာလေ့ကျင့်မှုများပါဝင်ခဲ့သည်။

အင်ဒိုနီးရှား ကာကွယ်ရေးဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီးမာဂိုနိုသည် ASEX-01N ဖွင့်ပွဲအခမ်းအနား၌ တောင်တရုတ်ပင်လယ်အငြင်းပွားမှုအပေါ် သဘောထားမှတ်ချက်ပေးရန် ရှောင်ရှားခဲ့ပြီး အာဆီယံသွေးစည်းညီညွတ်မှုကိုသာ အလေးထားပြောကြားသွားခဲ့သော်လည်း အဆိုပါ ဧရိယာအတွင်း စူးစမ်းလေ့လာမှုနှင့် လှုပ်ရှားဆောင်ရွက်မှုလုပ်ဆောင်သူများအနေဖြင့် အချုပ်အခြာအာဏာချိုးဖောက်မှုကို ရှောင်ရှားသွားရမည်ဖြစ်ကြောင်း နောက်ပိုင်းတွင် သဘောထားအမြင်ကို ပြောကြားသွားခဲ့သည်။

တောင်တရုတ်ပင်လယ်ပြင်တွင် တရုတ်၏ အခိုင်အမာပြောဆိုမှုများအပေါ် အာဆီယံအနေဖြင့် သတင်းစကားပေးပို့သွားရန်ရှိသလားဆိုသော မေးခွန်းနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးမာဂိုနိုက မိမိတို့အနေဖြင့် ခိုင်မာသောရပ်တည်ချက်ရှိကြောင်း၊ အာဆီယံအနေဖြင့် နှစ်စဉ်စစ်ရေးလေ့ကျင့်မှုပြုလုပ်သွားရန် သဘောတူညီထားကြောင်း၊ အနာဂတ်တွင် အဖွဲ့ဝင်နိုင်ငံများမှ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များပါဝင်သော စစ်ပွဲအပြည့်အဝဆင်နွှဲနိုင်သည့် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ASEX-01N လေ့ကျင့်မှုသည် AMNEX 2023 နှင့် နှိုင်းယှဉ်၍ပေါ်ထွက်လာခြင်းဖြစ်သလားဆိုသောမေးခွန်းနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးမာဂိုနို၏ သဘောထားမှတ်ချက်သည် အန်စတီကျ ဖွဲ့စည်းသွားနိုင်မည့်အလားအလာနှင့် နိုင်ငံများ ပိုမိုပါဝင်လာနိုင်မှုတို့ကို အရိပ်အမြွက်ပြခဲ့သည်။ သို့သော် အဆိုပါစစ်ရေးလေ့ကျင့်မှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို တောင်တရုတ်ပင်လယ်ပြင်ရှိ အကျိုးစီးပွားများအတွက် အရေးဆိုရာတွင် အင်အားတစ်ရပ်အဖြစ် အသုံးချနိုင်စွမ်းမရှိမှုနှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ရာဖြစ်နေခဲ့သည်။

ASEX-01N လေ့ကျင့်မှုသည် ယခင်ရှိရင်းစွဲ အာဆီယံဗဟိုပြုသည့် စစ်ရေးလေ့ကျင့်မှုတွင် မြင်တွေ့ရသည့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုဖြစ်စဉ်များနှင့် ကန့်သတ်ထားဖွယ်ရာရှိနေသည်။ မာဂိုနို၏ မျှော်မှန်းချက်ဖြစ်သည့် အင်ပြည့်အားပြည့် စစ်ဆင်နွှဲနိုင်သည့် အနာဂတ်စစ်ရေးလေ့ကျင့်မှုများ လက်တွေ့ဖြစ်ပေါ်လာမည်ဆိုလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံတချို့သာလျှင် ပါဝင်လာဖွယ်ရာရှိသည်။ အကြောင်းမူကား တရုတ်နှင့် နီးစပ်သောဆက်ဆံရေးရှိသည့်အဖွဲ့ဝင်နိုင်ငံများသည် လေးနက်သောပူးပေါင်းဆောင်ရွက်မှုကို ရှောင်ရှားသွားလိမ့်မည်ဖြစ်သည်။

ထို့ပြင် လက်တွေ့ကျသော အခြေအနေနှင့် ရှုထောင့်တို့ကိုလည်း ထည့်သွင်းတွက်ချက်သွားရန် လိုအပ်သည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို အင်အားတိုးချဲ့ဆောင်ရွက်ခြင်းသည် အရင်းအမြစ်နှင့်လူအင်အားများ လိုအပ်မည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်မည်ဆိုလျှင် အာဆီယံစစ်ဘက်ဆိုင်ရာအဖွဲ့များ၏ ကန့်သတ်ချက်ရှိသော စွမ်းဆောင်ရည်များအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်သည်။ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံများတွင် စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ ဖြစ်လာနိုင်သည်။ အာဆီယံစစ်ဘက်ဆိုင်ရာအဖွဲ့များအနေဖြင့် တပ်ဖွဲ့ဝင်နှင့် စစ်လက်နက်ပစ္စည်းများစေလွှတ်ပေးပို့ရမည့် စစ်ရေးလေ့ကျင့်မှုများကို အမြော်အမြင်ရှိရှိဖြင့် ရွေးချယ်သွားရန် လိုအပ်သည်။

မည်သို့ပင်ဆိုစေ ASEX-01N သည် အသင်းကြီးဗဟိုပြုမှုတောင့်တင်းခိုင်မာရေး အာဆီယံ၏ ကတိကဝတ်နှင့် တည်ရှိပြီးစစ်ရေးလေ့ကျင့်မှုအပြင် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များပါဝင်သောနောက်ထပ် စစ်ရေးလေ့ကျင့်မှုများ တိုးမြှင့်လုပ်ဆောင်ရန် ခိုင်မာသောကြိုးပမ်းမှု အမှတ်သင်္ကေတပင်ဖြစ်သည်။

ASEX-01N၏ အင်စတီကျူးရှင်းပိုင်းဆိုင်ရာ အလားအလာမြှင့်တင်ရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် အနာဂတ်စစ်ရေးလေ့ကျင့်မှုများသည် အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီ၏မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးသွားရန်လိုအပ်သည်။ ထိုသို့ ဖြည့်ဆည်းနိုင်ခြင်းမရှိလျှင် အနာဂတ်စစ်ရေးလေ့ကျင့်မှုများသည် မသေချာမရေရာမှုများနှင့်သာ ရင်ဆိုင်သွားရမည်ဖြစ်သည်။

**❖ ASEX-01N လေ့ကျင့်မှုသည် ယခင်ရှိရင်းစွဲ အာဆီယံဗဟိုပြုသည့် စစ်ရေးလေ့ကျင့်မှုတွင် မြင်တွေ့ရသည့် သမားရိုးကျမဟုတ်သောခြိမ်းခြောက်မှုဖြစ်စဉ်များနှင့် ကန့်သတ်ထားဖွယ်ရာရှိနေသည်။ မာဂိုနို၏မျှော်မှန်းချက်ဖြစ်သည့် အင်ပြည့်အားပြည့်စစ်ဆင်နွှဲနိုင်သည့် အနာဂတ်စစ်ရေးလေ့ကျင့်မှုများ လက်တွေ့ဖြစ်ပေါ်လာမည်ဆိုလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံတချို့သာလျှင် ပါဝင်လာဖွယ်ရာရှိသည်။ အကြောင်းမူကား တရုတ်နှင့်နီးစပ်သောဆက်ဆံရေးရှိသည့်အဖွဲ့ဝင်နိုင်ငံများသည် လေးနက်သောပူးပေါင်းဆောင်ရွက်မှုကို ရှောင်ရှားသွားလိမ့်မည်ဖြစ်သည်။ ❖**

အာဆီယံအသင်းကြီးသည် စတင်ဖွဲ့စည်းချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများကြား အပြန်အလှန်လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထားခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား သဘာဝဘေးအန္တရာယ်ဆိုင်ရာကူညီကယ်ဆယ်ရေးနှင့် ဆေးဘက်ဆိုင်ရာ အကာအကွယ်များအတွက် ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ခဲ့သည်။ သို့သော် ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် နိုင်ငံတစ်နိုင်ငံကို ရည်ရွယ်လုပ်ဆောင်မည်ဆိုလျှင် အဖွဲ့ဝင်နိုင်ငံများကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာပြီး အာဆီယံသွေးစည်းညီညွတ်မှု စိတ်ဓာတ်သည်လည်း အင်အားချည့်နဲ့လာဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

**- ASEAN Joint Military Drills Pointed Daintily at China By Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# ရှားပါးမျိုးစိတ်ဝင် ပင်လယ်နို့တိုက်သတ္တဝါရေဝက်များ

နှင်းအိ(ရာမညမြေ)



ပင်လယ်ရေနေနို့တိုက်သတ္တဝါ(Marine Mam-mals) များဖြစ်ကြသော မြန်မာနိုင်ငံရှိ လောင်းမန်းနှတ်သီးပါ ဝေလငါး၊ ကျောဘို့ပါ လင်းပိုင်၊ ကြောင်လိမ်ဂျွန်းထိုးလင်းပိုင်၊ အပူပိုင်းဒေသ လင်းပိုင်ပြောက်၊ ပုလင်းနှုတ်သီးလင်းပိုင်၊ ဧရာဝတီလင်းပိုင်၊ ကျောရေယက်မဲ့လင်းရှူးနှင့် ရေဝက်မျိုးစိတ်များမှာ မျိုးသုဉ်းရှားပါးရေနေနို့တိုက်သတ္တဝါစာရင်းတွင် ပါဝင်နေသည်။ ထိုပင်လယ်နို့တိုက်သတ္တဝါမျိုးနွယ်စိတ်များထဲတွင် မျိုးသုဉ်းရှားပါးစာရင်းဝင် ဖြစ်နေသည့် ရေဝက်မှာ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းခံနေရသည်။ ပင်လယ်ရေနေနို့တိုက်သတ္တဝါရေဝက်များသည် ရှားပါးမျိုးစိတ်ဝင်ပင်လယ်ရေနေ နို့တိုက်သတ္တဝါ (Marine Mam-mals)များဖြစ်သည်။ သိပ္ပံအမည်မှာ Dugong Dugong ဟု အမည်ရပြီး မြန်မာလို "ရေဝက်"ဟု ခေါ်ဆိုကြသည်။ ရေဝက်ကို "ရေနွား"၊ "ရေကုလားအုတ်"ဟုလည်း ခေါ်ဆိုကြသည်ကို တွေ့ရသည်။ ပင်လယ်ပြင်နေ နို့တိုက်သတ္တဝါမျိုးနွယ်စိတ် လေးမျိုးရှိသည့်အနက် ရေဝက်သည်လည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ ရေဝက်ကို အင်္ဂလိပ်အမည်ဖြင့် "Seacow or Manatee"ဟု အမည်တွင်သည်။

**ရေဝက်မျိုးစိတ်၏ ဇီဝဗေဒအချက်အလက်များ**

ရေဝက်များသည် သက်တမ်းရှည်ကြာနေထိုင်နိုင်သော မျိုးစိတ်များဖြစ်ကြသည်။ မှတ်တမ်းမှတ်ရာများအရ ရေဝက်မျိုးနွယ်စိတ်သည် သက်တမ်းနှစ် ၇၀ ခန့်ထိ နေထိုင်နိုင်သည့် သက်တမ်းရှည်မျိုးနွယ်စိတ်ဖြစ်ပြီး ယနေ့အချိန်တွင် မျိုးသုဉ်းရှားပါးလုနီးပါးစာရင်းတွင်လည်း ပါဝင်နေသည်။ မွေးကင်းစရေဝက်ငယ်သည် အလေးချိန်ကီလိုဂရမ် ၂၀ ခန့်ရှိပြီး အရွယ်ရောက်ရေဝက်သည် ၂ ဒသမ ၂ မီတာမှ ၃ ဒသမ ၅ မီတာထိ ရှည်လျားသည်။ အကြီးဆုံးတွေ့ရှိရသော အရွယ်အစားမှာ အရှည် လေးမီတာနှင့် အလေးချိန် ကီလိုဂရမ် ၂၇၀ ဖြစ်ပြီး တွေ့ရှိရမှုနည်းပါးသည်။ ခန္ဓာကိုယ်ဖွဲ့စည်းမှုအနေအထားအရ ရေဝက်မျိုးစိတ်တစ်ကောင်၏မျက်နှာဖွဲ့စည်းမှုနှင့် မလိုက်ဖက်သည့် တိုတောင်းပြီး ပြန့်ကားသောနှုတ်သီး၊ ကျဉ်းမြောင်းသော မျက်လုံးတစ်စုံ၊ တိုတောင်းသောအမြီးတို့နှင့် ရုပ်ဆိုးအကျည်းတန်လှသည်။ သို့သော် နို့တိုက်သတ္တဝါမျိုးနွယ်စိတ်ဖြစ်သည့်ရေဝက်သည် လူသားတို့ကို ရန်မပြုတတ်သောကြောင့် ချစ်စဖွယ်ကောင်းသော မျိုးနွယ်စိတ်ဝင်ဖြစ်သည်။

**အပြုအမူနှင့် ဓလေ့စရိုက်များ**

ရေဝက်မျိုးနွယ်စိတ်တို့သည် ယေဘုယျအားဖြင့် မွေးဖွားပြီးနောက် တစ်နှစ်ခန့်သာ မိဘများနှင့် အတူနေထိုင်လေ့ရှိကြပြီး ၎င်းနောက်ပိုင်းတွင် သီးခြားနေထိုင်လေ့ရှိသည်။ နို့တိုက်သတ္တဝါမျိုးနွယ်စိတ်ဖြစ်သည်နှင့်အညီ သဘာဝလေကို ရှူရှိုက်ရန်အတွက် ရေမျက်နှာပြင်ပေါ်သို့ တစ်နေ့လျှင် အနည်းဆုံးမိနစ် ၂၀ ခန့်တက်လာလေ့ရှိတတ်သည်။ ထို့ပြင် ၎င်းတို့သည် ပင်လယ်ရေအနက် ၁၀ မီတာ(၃၃ပေ) တွင်းနှင့်သာ ကျင်လည်လေ့ရှိကြသည်။ ခန္ဓာကိုယ်အလေးချိန်ကြီးမားသော်လည်း ၎င်းတို့၏ ရေကူးနှုန်းမှာ တစ်နာရီလျှင် ၁၀ ကီလိုမီတာထိ ကူးနိုင်စွမ်းရှိသည်။ ပုံမှန်အားဖြင့် ရေဝက်များသည် နှစ်နှစ်လျှင် တစ်ကြိမ်သားပေါက်လေ့ရှိပြီး မွေးဖွားရာတွင်လည်း တစ်ကောင်တည်းသာမွေးဖွားလေ့ရှိသည်။ ထိုသို့မွေးဖွားနိုင်ရန်အတွက် မိခင်သည် သန္ဓေသားလောင်းကို ၁၃ လမှ ၁၅ လထိ လွယ်ထားရလေ့ရှိသည်။ ရေဝက်များသည် ပင်လယ်မြက်များကို စားသုံးကြသည်။ ထို့ပြင် ရေစီးကြောင်းနှင့်အတူ မျောပါနေသော သစ်ရွက်နုများ၊ ပန်းပွင့်များ၊ ပေါင်းပင်များနှင့် ရေညှိလတ်ရွက်များကိုလည်း စားသုံးလေ့ရှိသည်။ တစ်နေ့တာ အစာစားသုံးမှုပမာဏမှာလည်း ၎င်းတို့၏ ခန္ဓာကိုယ်အလေးချိန်နှင့်မလိုက်ဖက်သည့် အစားအစာအနည်းငယ်ကိုသာ စားသုံးလေ့ရှိသည်။

**ပျံ့နှံ့တည်ရှိရာနှင့် ဓလေ့သဘာဝ**

ရေဝက်မျိုးစိတ်တို့ကို အင်ဒိုပစိဖိတ်ဒေသ၊ အပူပိုင်းနှင့် သမအပူပိုင်းဒေသများရှိ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ရေတိမ်ပိုင်းတွင် နေထိုင်ကျက်စားကြသည်။ သမအပူပိုင်းကမ်းရိုးတန်းဒေသတစ်လျှောက် အာဖရိကတိုက်တောင်ပိုင်း၊ ပင်လယ်နီဒေသ၊ ပါရှန်းပင်လယ်အော်အတွင်း သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံနောက်ပိုင်း၊ အင်ဒိုနီးရှားနိုင်ငံ၊ ပစိဖိတ်ပင်လယ်အတွင်းမှ ကျွန်းများ၊ ဂျပန်နိုင်ငံ၊ ကျူးရှူးကျွန်း၊ ဩစတြေးလျတိုက်တောင်ပိုင်း၊ အလယ်ပိုင်း၊ မြောက်ပိုင်းဒေသများတွင် နေထိုင်ကျက်စားကြသည်။

**အသက်အန္တရာယ် ခြိမ်းခြောက်မှုများ**

ယခုအခါ နို့တိုက်သတ္တဝါမျိုးနွယ်စိတ်များထဲတွင် မျိုးသုဉ်းရှားပါးစာရင်းဝင်ဖြစ်နေသည့် ရေဝက်မျိုးစိတ်တို့ အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းခံနေရခြင်းမှာ လွန်ခဲ့သော နှစ်များစွာကတည်းက လူသားတို့က ရေဝက်များကိုသတ်ဖြတ်ကာ အဆီ၊ အသား၊ အရိုးနှင့်အရေခွံရယူမှုတို့ကြောင့် ယနေ့အချိန်တွင် ရေဝက်များ မျိုးသုဉ်းလုနီးပါးဖြစ်လာခဲ့ရသည့်အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့လာရသည်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသည့် အပူချိန်မြင့်မားမှု၊ ပင်လယ်ရေထုညစ်ညမ်းမှုတို့ကလည်း ၎င်းတို့အသက် ရှင်ရပ်တည်မှုအတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိနေသည်။ တစ်ဆက်တည်းမှာပင် ကမ်းရိုးတန်းသွား သင်္ဘောကြီးများ၏အန္တရာယ်နှင့် ငါးဖမ်းသင်္ဘောများ၏ အန္တရာယ်များကလည်း ၎င်းတို့၏ မျိုးဆက်ပျက်သုဉ်းမှုကိုဖြစ်ပေါ်စေခဲ့သည်။

**ပင်လယ်ရေနေ နို့တိုက်သတ္တဝါများ၏ အသားကို စားသုံးခြင်းကြောင့် လူ့ကျန်းမာရေးနှင့် ထိန်းသိမ်းရေး အပေါ်ကျရောက်နိုင်သော ဆိုးကျိုးသက်ရောက်မှုများ**

ပင်လယ်ရေနေနို့တိုက်သတ္တဝါများ၏ အသား၊ တစ်ရှူးများတွင် ပြဒါး၊ မာကျူရီ၊ ဓာတုဓာတ်ပေါင်းများနှင့် ပိုးသတ်ဆေးများကဲ့သို့သော ပတ်ဝန်းကျင်မှလာသော ညစ်ညမ်းမှုများကို စုဆောင်းထားနိုင်သည်။ ထို့ကြောင့် ၎င်းတို့၏ အသားများကို စားသုံးခြင်းသည် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် သောင်တင်ခြင်းမှ ဖြစ်စေ၊ ရည်ရွယ်ချက်ရှိရှိ ဖမ်းမိခြင်းမှဖြစ်စေ ရရှိသောပင်လယ်ရေနေနို့တိုက်သတ္တဝါအသားကို စားသုံးခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ပင်လယ်နို့တိုက်သတ္တဝါများကို လူသားတို့ စားသုံးပါက အဆိပ်အတောက်များဖြစ်စေခြင်း၊ ကူးစက်ရောဂါများ ဖြစ်စေနိုင်ခြင်း၊ သန္ဓေသားနှင့် ကလေးငယ်များတွင် အာရုံကြောနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ချို့ယွင်းမှုများကိုဖြစ်ပေါ်စေနိုင်ခြင်း၊ မျိုးပွားမှုကျန်းမာရေး၊ ကိုယ်ခံစွမ်းအားအပေါ် ဆိုးရွားသောအကျိုးသက်ရောက်မှုဖြစ်စေနိုင်ခြင်း စသည့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ရနိုင်သည်။

**ရေဝက်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ**

ရေဝက်များကို ကာကွယ်စောင့်ရှောက်ပေးရန် သက်ဆိုင်ရာနိုင်ငံများက ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်လာကြသည်။ ရေဝက်မျိုးစိတ်ဝင်အားလုံးလိုလိုမှာ အပြည်ပြည်ဆိုင်ရာ ထိန်းသိမ်းမှုအဆင့်(CITES)တွင် ပါဝင်ပြီး အန္တရာယ်ကျရောက်နေသော မျိုးစိတ်စာရင်းတွင် ပါဝင်သည်။ ငါးလုပ်ငန်းဦးစီးဌာနသည် ရေနေနို့တိုက်သတ္တဝါများကို ထိန်းသိမ်းကာကွယ်နိုင်ရန် ကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားချက်အမှတ်(၁/၂၀၁၈)နှင့် ညွှန်ကြားချက်အမှတ်(၅/၂၀၂၂)တို့ကို ထုတ်ပြန်၍ မျိုးသုဉ်းရှားပါး ရေနေနို့တိုက်သတ္တဝါများကို တစ်ကောင်လုံးသော်လည်းကောင်း၊ ၎င်းတို့၏ ခန္ဓာကိုယ် အစိတ်အပိုင်းများကိုသော်လည်းကောင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဒဏ်ရာအနာတရဖြစ်စေခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ထောက်ခံချက်မပါဘဲ ပြည်ပသို့ တင်ပို့ခြင်းများ မပြုလုပ်ကြရန်နှင့် မတော်တဆ အသက်ရှင်လျက် ဖမ်းဆီးရမိပါက အမြန်ဆုံးပြန်လွှတ်ပေးရန်နှင့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ပါက မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

**ရေဝက်မျိုးစိတ်များ မျိုးသုဉ်းရသည့်အကြောင်းရင်းများ**

ရေဝက်များကို ကမ်းခြေတွင် ပိုက်ဝမ်းပူများ (ကမ်းဆွဲပိုက်များ)၊ လိပ်ကျောက်ပိုက်၊ ကျောက်ပုစွန်ပိုက်၊ မျှောပိုက်များဖြင့်သာ တစ်ခါတစ်ရံဖမ်းဆီးရမိကြောင်း သိရှိရသည်။ ပင်လယ်မြက်ခင်းပြင်များအတွင်းရှိ ထောင်ထားသော လိပ်ကျောက်ပိုက်၊ ကျောက်ပုစွန်ပိုက်၊ မျှောပိုက်များနှင့်သာ အများဆုံးငြိတွယ်မိပြီး သေဆုံးတတ်ကြသည်။ ပင်လယ်ပြင်အတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းမှုများဖြစ်ပေါ်လာပြီး ၎င်းတို့ဂေဟစနစ်နှင့်မှုရင်းဒေသများပျက်စီးခြင်း၊ ပင်လယ်မြက်ခင်းများအပေါ် နုန်းမြေနှင့် အနည်အနှစ်များဖုံးလွှမ်းခြင်းကြောင့် ပင်လယ်မြက်ခင်းများ ပျက်စီးသွားခြင်းကြောင့်လည်း ရေဝက်များ၏ရှင်သန်မှုကို ထိခိုက်စေသည်။

**ရှားပါးမျိုးစိတ်ဝင် ရေဝက်များကြောင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများ**

ရှားပါးမျိုးစိတ်ဝင်ရေဝက်များကြောင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများမှာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအခွင့်အလမ်းများရရှိလာမည်ဖြစ်သည်။ ပင်လယ်နို့တိုက်သတ္တဝါများတွင် ရေဝက်များသည် အပြည်ပြည်ဆိုင်ရာထိန်းသိမ်းမှုအဆင့်(CITES)တွင် ပါဝင်နေပြီး အန္တရာယ်ကျရောက်နေသော မျိုးစိတ်စာရင်းတွင်ပါဝင်နေသည်။ ထိုကဲ့သို့ မျိုးသုဉ်းရှားပါးစာရင်းတွင် ပါဝင်နေသော ရေဝက်များကို ဒေသခံပြည်သူများနှင့် ရေလုပ်သားများအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းများပြုလုပ်ကြရမည်ဖြစ်သည်။ ထိုသို့ ထိန်းသိမ်းခြင်းအားဖြင့် ရေဝက်များနေထိုင်ကျက်စားသည့်နယ်မြေဧရိယာ တိုးပွားလာခြင်း၊ ရေဝက်အုပ်စုကောင်ရေပမာဏ တိုးပွားလာစေခြင်း၊ ကမ္ဘာလှည့်ခရီးသွားများက လာရောက်ကြည့်ရှုခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမည်ဖြစ်ပြီး ရေလုပ်သားများနှင့် ဒေသခံကျေးရွာများ ဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်သည်။

ထိုသို့ ရှားပါးမျိုးစိတ်ဝင် ရေဝက်များ မျိုးမသုဉ်းစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့သာမက ဒေသခံရေလုပ်သားများကပူးပေါင်း၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများဖွံ့ဖြိုးလာပြီး ဒေသခံပြည်သူများလည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

❖ မွေးကင်းစရေဝက်ငယ်သည် အလေးချိန်ကီလိုဂရမ် ၂၀ ခန့်ရှိပြီး အရွယ်ရောက်ရေဝက်သည် ၂ ဒသမ ၂ မီတာမှ ၃ ဒသမ ၅ မီတာထိ ရှည်လျားသည်။ အကြီးဆုံးတွေ့ရှိရသော အရွယ်အစားမှာ အရှည် လေးမီတာနှင့် အလေးချိန် ကီလိုဂရမ် ၂၇၀ ဖြစ်ပြီး တွေ့ရှိရမှုနည်းပါးသည်။ ခန္ဓာကိုယ်ဖွဲ့စည်းမှု အနေအထားအရ ရေဝက်မျိုးစိတ်တစ်ကောင်၏ မျက်နှာဖွဲ့စည်းမှုနှင့်မလိုက်ဖက်သည့် တိုတောင်းပြီး ပြန့်ကားသောနှုတ်သီး၊ ကျဉ်းမြောင်းသော မျက်လုံးတစ်စုံ၊ တိုတောင်းသောအမြီးတို့နှင့် ရုပ်ဆိုးအကျည်းတန်လှသည်။ ❖

**ကိုးကား**

- Fish Base of Myanmar
- မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၂၃)
- ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၁)

# ဗြိတိန်နိုင်ငံတွင် ရာသီဥတုလွန်ကဲမှုပြဿနာများကို ရင်ဆိုင်နိုင်ရန်အတွက် ကာကွယ်ရေးအစီအမံများ ကြိုတင်ပြင်ဆင်မှုပြုလုပ်နေ



**လန်ဒန် ဒီဇင်ဘာ ၆**

ဗြိတိန်နိုင်ငံတွင် ရာသီဥတုလွန်ကဲမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် ဗြိတိန်အစိုးရက ရာသီဥတုလွန်ကဲမှုပြဿနာများကိုရင်ဆိုင်နိုင်ရန်အတွက် ကာကွယ်ရေးအစီအမံများကို ဘဏ္ဍာငွေသုံးစွဲကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ဗြိတိန်အမျိုးသားစာရင်းစစ်ရုံး(NAO) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အမျိုးသားစာရင်းစစ်ရုံး၏ လွတ်လပ်သော အများပြည်သူအသုံးစရိတ်စောင့်ကြည့်ရေးအဖွဲ့၏ စစ်တမ်းများအရ ဗြိတိန်အစိုးရသည် ရာသီဥတုလွန်ကဲမှုဖြစ်သည့် မိုးခေါင်မှု၊ ရေကြီးရေလျှံမှု၊ မုန်တိုင်း၊ အပူချိန်မြင့်တက်မှုတို့နှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေးစီမံချက်များကို ငွေကြေးသုံးစွဲကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ လက်ရှိကြိုတင်ပြင်ဆင်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများကြား ဆွေးနွေးညှိနှိုင်းမှုများလည်းပြုလုပ်သွားဖွယ်ရှိနေကြောင်း အမျိုးသားစာရင်းစစ်ရုံးက ထုတ်ပြန်ခဲ့သည်။

"ဗြိတိန်နိုင်ငံမှာ ရာသီဥတုလွန်ကဲမှုတွေက ဆက်တိုက်ဖြစ်ပေါ်နေပါတယ်။ ဖြစ်ပေါ်မှုအကြိမ်ရေ စိပ်လာတဲ့အတွက် မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာနိုင်တယ်။ ရာသီဥတုလွန်ကဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ပြဿနာတွေကို ကြိုတင်ကာကွယ်ဖို့အတွက် ဗြိတိန်အစိုးရအနေနဲ့ ငွေကြေးသုံးစွဲနေတာ တွေ့ရပါတယ်"ဟု အမျိုးသားစာရင်းစစ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရာသီဥတုလွန်ကဲမှုပြဿနာများကို ကြိုတင်ကာကွယ်နိုင်ရေး ပြင်ဆင်မှုများ တိုးမြှင့်ရန်အတွက် ၂၀၂၅ ခုနှစ်တွင် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် ဆောင်ရွက်မည်ဖြစ်ကာ ၂၀၃၀ ပြည့်နှစ်အရောက်တွင် အပြီးသတ်ဆောင်ရွက်နိုင်ရေးစီစဉ်နေကြောင်း ဗြိတိန်အစိုးရက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ရုပ်ကြွင်းလောင်စာသုံးစွဲမှုကိုအဆုံးသတ်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက COP 28 ညီလာခံကျင်းပရာအဆောက်အအုံရှေ့တွင် ဆန္ဒထုတ်ဖော်

**အဘူဒါဘီ ဒီဇင်ဘာ ၆**

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့၌ကျင်းပပြုလုပ်နေသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ(COP 28)သို့ တက်ရောက်လာသော ကိုယ်စားလှယ်များကို နိုင်ငံအသီးသီးမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို အဆုံးသတ်ပေးရန်အတွက် ညီလာခံကျင်းပရာအဆောက်အအုံရှေ့တွင် ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆန္ဒထုတ်ဖော်သူများက ရုပ်ကြွင်းလောင်စာသုံးစွဲမှုကိုရပ်တန့်ပေးရေး စာတမ်းများကိုင်ဆောင်၍ ၎င်းတို့၏ သဘောထားဆန္ဒကို ဖော်ပြခဲ့ကြကြောင်း၊ COP 28 ညီလာခံကျင်းပသည့် အာရပ်စော်ဘွားများပြည်ထောင်စုသည် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှုကို ကန့်သတ်ချက်တစ်ခုထားရှိသည့်အတွက် ဆန္ဒထုတ်ဖော်လိုသူများ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်နိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းက အာရပ်စော်ဘွားများ ပြည်ထောင်စု၏ အာဏာပိုင်အဖွဲ့အစည်းနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့ရကြောင်း သိရသည်။




"တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို ရပ်တန့်ပေးဖို့ တောင်းဆိုချင်ပါတယ်။ ရုပ်ကြွင်းလောင်စာ တစ်ခုတည်းအပေါ်မှာ မှီခိုနေရတဲ့နိုင်ငံတွေအနေနဲ့လဲ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကြောင့် ထွက်ပေါ်လာတဲ့ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေကို ထိန်းချုပ်နိုင်တဲ့နည်းပညာတွေ ဖန်တီးအသုံးပြုသွားဖို့ တောင်းဆိုချင်ပါတယ်"ဟု ဇင်ဘာဘွေနိုင်ငံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူ ချီပွန်ဒါက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# နယူးဆောက်ဝေးပြည်နယ်တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်ထိ မြင့်တက်လာနိုင်

**ကင်ဘာရာ ဒီဇင်ဘာ ၆**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် ဒီဇင်ဘာလ ရောက်ရှိနေပြီဖြစ်သော်လည်း အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်ထိ မြင့်တက်လာနိုင်ပြီး ဒီဇင်ဘာ ၈ ရက်မှစ၍ အပူချိန်မြင့်တက်လာနိုင်ကြောင်း၊ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နိုင်သည့်ဧရိယာတွင် ဆစ်ဒနီမြို့လည်းပါဝင်နေပြီး လာမည့်ရက်သတ္တပတ်အတွင်း အပူချိန်ပမာဏ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဟာ နယူးဆောက်ဝေးပြည်နယ် အနောက်ဘက်ပိုင်းကို ဖြတ်သန်းဖွယ်ရှိနေပြီး အမြင့်ဆုံးအပူချိန်ဟာ ၄၄ ဒီဂရီစင်တီဂရိတ်ကိုကျော်လွန်နိုင်ပါတယ်။ အပူချိန်မြင့်တက်မှုပြဿနာနဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ဒေသတွေကတော့ အာမီဒယ်မြို့၊ ဒက်ဘိုမြို့၊ ဂူဘန်းမြို့၊ မိုရီမြို့၊ အော်ရိန့်မြို့၊ တမ်ဝေါ့မြို့၊ ယက်စ်မြို့တို့ဖြစ်ပါတယ်"ဟု ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နယူးဆောက်ဝေးပြည်နယ် အနောက်ပိုင်းရှိ ဒေသများတွင် အပူချိန်မြင့်တက်မှုသည် ၃၁ ဒီဂရီစင်တီဂရိတ်မှစတင်ကာ ၄၀ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်သွားနိုင်ပြီး ပန်ရစ်မြို့တွင် အပူချိန်သည် ၃၅ ဒီဂရီစင်တီဂရိတ်မှစတင်ကာ ၄၂ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွားနိုင်ကြောင်း၊ အပူချိန်ကျဆင်းသည့် ဒီဇင်ဘာလ၌ အပူချိန်မြင့်တက်လာခြင်းမှာ ရာသီဥတုပြောင်းလဲမှုမြန်ဆန်နေခြင်းကြောင့်ဖြစ်ပြီး ဩစတြေးလျနိုင်ငံ သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးဒီဇင်ဘာလအဖြစ် မှတ်တမ်းဝင်ဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)




၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

အသက်ကယ်အကျီ၊ ဘောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ ငှက်ပျောတုံး၊သစ်တုံး ကားတာယာကွင်း အစရှိသည့် .....



❖ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သမဝါယမစနစ်ဖြင့် သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လို...

❖ မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိ...

❖ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၇ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ၂၀၂၄ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန်စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၄ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

ပြည်တွင်းသုံးစွဲရန် လိုအပ်သောစက်သုံးဆီများ အလုံအလောက်ရှိကြောင်းနှင့် ကောလာဟလသတင်းများကြောင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူရန်မလိုအပ်

စာမျက်နှာ - ၂၀

စကားလုံးတွေမှာ တောင်ပံပါတယ်... ယင်းတောင်ပံနှင့် ဘယ်သို့ပျံပျံ... မှန်ကန်ရေးကို ဦးတည်၊ ချစ်ရေးကြည်... စကားဆို ချိုပါစေသား... ချိုစေသား

ဆောင်းပါး စာမျက်နှာ - ၂၂

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..